# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၁၅)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ပဉ္စမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် သူရဦးအောင်ကိုနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးအောင်လှထွန်းနှင့် ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီဝင် ပညာရှင်များနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က *စာမျက်နှာ ၃ ကော်လံ ၁* ❋

## ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၀၉၃ ဦးနှင့် ပြည်တွင်း အလုပ်နေရာ ၁၂၅၀၄ ဦးအား ခန့်ထားနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် ပုဂ္ဂလိက အလုပ်အကိုင် ၁၁၁၈၁ ဦး၊ အစိုးရအလုပ်အကိုင် ၁၃၂၃ ဦး ဖြစ်သည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ဂျပန်နိုင်ငံသို့ ၁၀၉၃ ဦး အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့ ရထားလမ်းများ ရေရှည်တည်တံ့ကောင်းမွန်ပြီး သန့်ရှင်းသာယာစေရန်အတွက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ရှိ ဘူတာရုံများနှင့် ရထားလမ်းများကို ဂျပန်နိုင်ငံမှ JICA နှင့် မြန်မာ့မီးရထားတို့က အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ရေရှည်ကောင်းမွန်စေရန်နှင့် ရထားလမ်းများ တစ်လျှောက် သန့်ရှင်းသာယာရေးအတွက် အသိပညာပေးလုပ်ငန်းများကို နာမည်ကျော် ပုဂ္ဂိုလ်များနှင့်အတူ ပတ်ဝန်းကျင်နေ ပြည်သူများနှင့် ရထားစီးခရီးသွားပြည်သူများ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ကော်မတီဖွဲ့စည်းထားပြီး စီမံချက်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

“ရထားလမ်း အဆင့်မြှင့်တင်ရေးကို အရင်နဲ့မတူအောင် လုပ်နေတဲ့အချိန်မှာ ဂျပန်နိုင်ငံက JICA ရဲ့ နည်းပညာအကြံပေးအဖွဲ့နဲ့ လုပ်ငန်းအရည်အသွေးပိုင်းကို သေချာစောင့်ကြည့်စစ်ဆေးပြီးတော့မှ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်နေပါတယ်။ နောက်ပိုင်း ဘူတာရုံတွေကို အဆင့်မြှင့်တင်ဖို့ လုပ်နေပါတယ်။ လက်ရှိ ကြုံတွေ့နေရတာကတော့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာပါ။ ကျွန်တော်တို့ မီးရထားကတော့ ရထားပေါ်ကကျတဲ့အမှိုက်နဲ့ ခရီးသည်တွေစွန့်ပစ်တဲ့ အမှိုက်တွေ၊ ရထားလမ်းဘေးက ဝန်ထမ်းအိမ်ရာတွေက အမှိုက်တွေကိုပဲ သိမ်းဖို့တာဝန်ရှိတာ။ YCDC စည်ပင်သာယာကလည်း ရထားလမ်းဧရိယာထဲကို သူတို့ ကန့်သတ်ချက်အရ ဝင်သိမ်းပေးဖို့က အခက်အခဲရှိနေတယ်။ အဓိက လူနေထူထပ်တဲ့ ရပ်ကွက်နေရာတွေဖြစ်တဲ့ မြောက်ဥက္ကလာပ၊ လှိုင်၊ မရမ်းကုန်း *စာမျက်နှာ ၅ ကော်လံ ၃* ❑

ငယ်ချစ်သို့ ကျေးဇူးစကား (စာ- ၆)

ဂျာမနီနိုင်ငံသည် အလွန်ခက်ခဲသည့် ကိုဗစ်အခြေအနေနှင့် ကြုံတွေ့နေကြောင်း ဝန်ကြီးချုပ် မာကယ်ပြော (စာ-၁၂)

အမေရိကန်ရဲ့ သမ္မတ အပြောင်းအလဲမှာ ကိုဗစ်-၁၉ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားမလဲ (စာ-၁၄)

မြန်မာ့အလင်း

# စေတနာ သမ္မဒါ

မြန်မာနိုင်ငံသို့ အိန္ဒိယလေကြောင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းခွဲ ရောက်ရှိလာပြီ ဖြစ်၏။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ ပေးလှူသော ကာကွယ်ဆေး ဖြစ်ပါသည်။ ယခု ရက်သတ္တပတ်တွင်း မှာပင် လူခုနစ်သန်းခွဲကို ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေး စတင်ထိုးနှံတော့မည်ဖြစ်၏။ နောက်ထပ် လာရန်ရှိသည့် ကာကွယ်ဆေးအစီအစဉ်များကလည်း ဆွေးနွေးပြင်ဆင်ထားပြီး ဖြစ်သည်ဟုလည်း သိရပါသည်။

မြန်မာနိုင်ငံသည် ဆင်းရဲချို့ငဲ့သည့် နိုင်ငံဖြစ်သည့်ပြင် အရာရာတွင် နောက်တန်းရောက်နေသော တိုင်းပြည်ဖြစ်သည့် အတွက် နောက်နှစ် ၂၀၂၂ ခုနှစ်ရောက်သည့်တိုင် ကာကွယ်ဆေး စတင်ထိုးနှံနိုင်ဖို့ မလွယ်သေးဟူသည့် အတွေးများ အပြောများ ကြောင့် စိုးရိမ်ပူပန်စိတ် များနေကြသောသူတို့ အတန်အသင့် စိတ်အေးကြရပြီဖြစ်ပါသည်။

ယခုဆိုလျှင် အရှေ့တောင်အာရှနိုင်ငံများထဲတွင် မြန်မာနိုင်ငံ သည် ဆောလျင်စွာ ကာကွယ်ဆေးထိုးနိုင်သည့် နိုင်ငံတစ်ခု ဖြစ်လာပြီ။ ကိုဗစ်ရောဂါကာကွယ်ဆေးသည် ကပ်ရောဂါနှင့် ပတ်သက်၍ ပြီးပြည့်စုံသော ဖြေရှင်းနိုင်မှုမဟုတ်သော်လည်း အရေးပါသော အဆင့်တစ်ခုကို တက်လှမ်းနိုင်သည့် ခြေလှမ်း တစ်ခုဟု ဆိုနိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အစွမ်းထက် ထိရောက်မှု အာနိသင်နှင့် ပတ်သက်၍ စမ်းသပ်မှုများစွာပြုလုပ်ပြီး သုံးစွဲနိုင် ကြောင်း ခွင့်ပြုချက်ပေးလိုက်ပြီဆိုသော်လည်း ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းသည် တစ်ကမ္ဘာလုံးအတွက် ပထမဆုံးခြေလှမ်း သာဖြစ်ပါသည်။ ကာကွယ်ဆေး၏ ထိရောက်မှု၊ အချိန်မည်မျှကြာ အောင် ကာကွယ်ထိန်းထားနိုင်မည် စသည်တို့မှာ ကမ္ဘာတစ်ခုလုံး အတွက် ခြေလှမ်းသစ်များ စတင်ချိန်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း လုံးက သတိဖြင့် လျှောက်လှမ်းနေကြရချိန် ဖြစ်ပါသည်။

ထို့ကြောင့် အထက်တွင် ဆိုသကဲ့သို့ ကာကွယ်ဆေး ရောက်ရှိလာမှု၊ ကာကွယ်ဆေးထိုးမှုတို့သည် ကပ်ရောဂါနှင့် ပတ်သက်၍ ပြီးပြည့်စုံသည့် ဖြေရှင်းမှုမဖြစ်နိုင်သေးသည့် အတွက် ပြည်သူလူထုအဖို့ ပေါ့ပေါ့ဆဆမနေကြဖို့သည် အရေး ကြီးသော ကိစ္စဖြစ်ပါ၏။ ကျန်းမာရေးဆိုင်ရာ အခြေခံစည်းမျဉ်း များကို ဆက်လက်စောင့်ထိန်း လိုက်နာကြရန် လိုနေဦးမည်ဖြစ်ပါ သည်။ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာနှင့်ချီ၍ ဖြစ်နေသော ကပ်ရောဂါဖြစ်၏။ ထို့ပြင် အချို့သော နိုင်ငံကြီးများတွင် ယနေ့ ချိန်အထိ ကူးစက်မှုပြင်းထန်ဆဲ၊ ရောဂါဖြစ်ပွားသူများနှင့် ဆေးရုံ နေရာမှအစ ပြုစုစောင့်ရှောက်တာဝန်ယူကြမည့် ကျန်းမာရေး ဝန်ထမ်းအရေအတွက်မှအစ အကျပ်အတည်းများ တွေ့နေချိန် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးဂရုပြုကာ တစ်ဦးချင်း အသိစိတ် ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နေထိုင်ကြခြင်းဖြင့်သာ အတော် အတန် စိတ်ချနေနိုင်မည့် အခြေအနေ ဖြစ်ပါသည်။

ဤနေရာတွင် မြန်မာပြည်သူလူထု၏ အရေးကြီးလျှင် အရေးကြီးသလို သွေးစည်းကြ၊ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြ စသည့် စိတ်ဓာတ်နှင့် သဘောထားကမူ အထူးပင် လေးစားဖွယ်၊ အားရကျေနပ်ဖွယ်၊ ကျေးဇူးတင်ဖွယ်ဟု ဆိုရပါမည်။

နိုင်ငံတော်အစိုးရက ကာကွယ်ဆေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်လိုက်သည်နှင့် ပြည်သူလူထု အစိတ်အပိုင်းအသီးသီးက ဝိုင်းဝန်းပါဝင်ကြသည်မှာ အံ့ချီးဘနန်းဖြစ်ပါသည်။ နိုင်ငံတော်က ကျပ်ငွေ တစ်ဘီလီယံ (သန်းတစ်ထောင်) ထည့်ပြီး မကြာမီမှာပင် ပြည်သူလူထု၏ ရန်ပုံငွေထည့်ဝင်မှုက ၁၈ ဒသမ ၇၈ ဘီလီယံ ဖြစ်လေသည်။ အမေရိကန်ဒေါ်လာ ထည့်ဝင်မှုတွင်လည်း အစိုးရ က သန်း ၂၅၀ ထည့်ဝင်ပြီးနောက် ပြည်သူလူထု၏ ထည့်ဝင်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ သန်းကျော် ဖြစ်ပေသည်။

ထိုထိုသော ရန်ပုံငွေများအား ပြည်သူလူထုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် အသုံးပြုသွားမည် ဖြစ်ပါသည်။ ပြည်သူလူထု၏ ထည့်ဝင်မှုမှာ စေတနာသုံးတန် ထက်သန် ညီညွတ်ခြင်းဖြင့် ပြည့်စုံသော၊ သာဓုအနုမောဒနာ ခေါ်ရမည့် မြင့်မြတ်သော လှူဒါန်းမှုအဖြစ် ဂုဏ်ယူမိပါ ကြောင်း။ ။

# မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation (HSF) တို့အကြား Online မှတစ်ဆင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation (HSF)တို့အကြား ချုပ်ဆိုသည့် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)သက်တမ်းတိုး လက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် Online စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

လက်မှတ်ရေးထိုးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ JCC အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် HSF မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး HSF မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် နားလည်မှုစာချွန်လွှာ (MoU) တွင် JCC အဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂)၊ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးနှင့် HSF မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Achim Munz တို့က online မှတစ်ဆင့် လက်မှတ်ရေးထိုးကြသည်။

**သတင်းစဉ်**

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြည်တွင်း/ ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းလာသည့် ငွေစုစုပေါင်းမှာ **ငွေကျပ် ၇,၆၅၄ ဒသမ ၄၈၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇၁,၅၂၈** ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

# အစွန်းရောက်ဝါဒတိုက်ဖျက်ရေး လက်နက်ကိရိယာတစ်ခုအဖြစ် အားကစား၏တန်ဖိုးများ အသုံးချရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

အစွန်းရောက်ဝါဒ တိုက်ဖျက်ရေး လက်နက်ကိရိယာ တစ်ခုအဖြစ် အားကစား၏ တန်ဖိုးများ အသုံးချရေး ဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်း အဝေးကို ယမန်နေ့ နံနက် ၁၀ နာရီ တွင် Virtual Meeting ဖြင့် ကျင်းပ သည်။

အစည်းအဝေးသို့ အားကစား ကဏ္ဍ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကဏ္ဍ၊ အကြမ်းဖက်မှုနှင့် အစွန်း ရောက်ဝါဒ တိုက်ဖျက်ရေးကဏ္ဍတို့ တွင် အတွေ့အကြုံရှိကြသော တိုက်ကြီး ငါးတိုက်၊ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ လူငယ်ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာ နိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးမှ National Focal Point များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြား ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**



အစည်းအဝေး၌ အကြမ်းဖက်မှု နှင့် အစွန်းရောက်ဝါဒကို ကာကွယ် တားဆီးရန် အားကစားကဏ္ဍ၏ တန်ဖိုးများ တိုးမြှင့်ပေးရန်နှင့် လူငယ် များ၏ အဓိပ္ပာယ်ပြည့်ဝသော၊ ခိုင်မာ သော ပူးပေါင်းဆောင်ရွက်မှု ရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် National Focal Point Network နှင့် အကျိုးရှိရှိ ချိတ်ဆက်ဆောင်ရွက် နိုင်ရန်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ ကို ကိုယ်စားပြု၍ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များတွင် မူဘောင်အတွင်းမှ ချိတ်ဆက်ဆောင် ရွက်ရန်၊ လူငယ်များအနေဖြင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များ တွင် ထိရောက်မှုရှိစေရန်နှင့် ၎င်းတို့၏ ရေရှည်လုပ်ငန်းစဉ်များ အကောင် အထည်ဖော်ရာတွင် တိုးတက် အောင်မြင်မှုရှိစေရန် ဆွေးနွေးခဲ့ကြ သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို United Nations Office of Counter-Terrorism (UNOCT) United Nations Interregional Crime and Justice Research Institute (UNICRI)I United Nations Alliance of Civilizations (UNAOC) International Centre for Sport Security (ICSS) UN Counter Terrorism Committee Executive Directorate (CTED) နှင့် INTERPOL တို့မှ ဦးဆောင်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။



ဒုတိယဝန်ကြီး ဦးတင်မြင့် ရှင်းလင်းဆွေးနွေးစဉ်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရှင်းလင်းဆွေးနွေးစဉ်။

- ❖ မြန်မာနိုင်ငံရှိ ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များမှ ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသများသည် ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံခဲ့ရပြီးဖြစ်
- ❖ ဆက်လက်၍ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ကော်မတီများဖွဲ့စည်းပြီး အဆိုပြုစာတွဲ Nomination Dossier (Draft) ကို ပြုစုပေးပို့ခဲ့ပြီးဖြစ်

✳ *ရွှေဖုံးမှ*

လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ပုဂံဒေသရှိ ငလျင်ဒဏ်ခံဘုရားစေတီ ၃၈၉ ဆူမှ အနည်းငယ်သာ ထိခိုက်ပျက်စီးသည့် ဘုရား၊ ပုထိုး ၂၂၄ ဆူနှင့် ထိခိုက်ပျက်စီးမှုများ အထိုက်အလျောက်ရှိခဲ့သည့်အတွက် ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းပြီးဖြစ်သော ၁၆၄ ဆူ၊ စုစုပေါင်း ၃၈၈ ဆူကို ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပြုပြင်ထိန်းသိမ်းရန် ကျန်ရှိသည့် ဘုရားအမှတ် ၁၅၉၇ သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဌာနတို့အကြား "ငလျင်အလွန် ပုဂံဒေသရှိ သမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ" အရ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က ထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို သိရပါကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်**

မြန်မာနိုင်ငံရှိ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဒြပ်ရှိ ယဉ်ကျေးမှု အမွေအနှစ်များမှ ပျူမြို့ဟောင်း သုံးမြို့ ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသများသည် ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ မြောက်ဦး ယဉ်ကျေးမှု အမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ကော်မတီများဖွဲ့စည်းပြီး အဆိုပြုစာတွဲ Nomination Dossier (Draft) ကို ပြုစုပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီကို Nomination Dossier (Complete)တင်ပြနိုင်ရေးအတွက် လိုအပ်သည်များကို ကဏ္ဍအသီးသီးက ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အမွေအနှစ်များဖော်ထုတ်**

မြန်မာနိုင်ငံ၏ ထောင်ပေါင်းများစွာသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များမှ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူ့ယဉ်ကျေးမှုကိုယ်စားပြု ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် သတ်မှတ်ရက်အတွင်း အဆိုပြုစာတွဲ Nomination File အပြည့်အစုံကို ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက စာရင်းကောက် မှတ်တမ်းတင်ထားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ၂၂၈၉ ခုကိုလည်း မြန်မာနိုင်ငံ အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မှတ်ပုံတင်စာရင်းတွင် ပထမအကြိမ် မှတ်ပုံတင်ခြင်းအဖြစ် သတ်မှတ်ရေးသွင်းထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အနှံ့အပြားရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်၊ ထိန်းသိမ်းကာကွယ်၊ သုတေသနပြုပြီး ကမ္ဘာ့အမွေအနှစ် စာရင်းများအဖြစ် သတ်မှတ်နိုင်ရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဥပဒေများရေးဆွဲထုတ်ပြန်**

မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အများ ပြည်သူအသိပညာ၊ ဗဟုသုတပွားများစေရန် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိက ပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် မြန်မာ့ရှေးဟောင်း ဝတ္ထုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် မြန်မာနိုင်ငံ ပြတိုက်များဥပဒေကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို သုတေသနပြု ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးအတွက် ဥပဒေမူကြမ်းတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းရေးဆွဲနေသည်ကိုလည်း သိရပါကြောင်း၊ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့် ယင်းဥပဒေကိုလည်း အမြန်ဆုံး ထုတ်ပြန်နိုင်အောင် ဆက်လက်ဝိုင်းဝန်းပြုစုပေးကြရန် တိုက်တွန်းပါကြောင်း၊ ယင်းဥပဒေများကို ပြဋ္ဌာန်းခြင်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်ပြီး ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဟန်ချက်ညီဖော်ဆောင်လာနိုင်မည် ဖြစ်ပါကြောင်း။

အခုအခါ ကမ္ဘာ့နေရာအသီးသီးတွင် ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံ၌လည်း ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဖြစ်ပေါ်နေသည့်အတွက် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ ရှေးဟောင်းနေရာများ၊ ဘုရားပုထိုးများ၊ ပြတိုက်များကို ပြည်သူလူထုများ ကြည့်ရှုလေ့လာ ဖူးမြော်ခွင့်ပိတ်ထားခဲ့ရပါကြောင်း၊ အများပြည်သူ ပြန်လည်ဖူးမြော်ခွင့်ပြုသည့်အခါ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကြည့်ရှုလေ့လာနိုင်ရန် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ဘုရားပုထိုးစေတီများကို ပြည်သူများ ပြန်လည်ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း။

ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် သုတေသနပြုရေး ကိစ္စရပ်များအတွက် တက်ရောက်လာကြသော ကော်မတီဝင်များက ကဏ္ဍအသီးသီးမှ ပိုမိုတိုးတက်အောင် ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းတိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရေး၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့် ပြတိုက်များဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ ပြတိုက်များဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နိုင်ငံတကာ အထိမ်းအမှတ်နှင့် နေရာဒေသများကောင်စီ၏ "Nomination of the Bagan" အစီရင်ခံစာပါ အကြံပြုချက်များအား ဆောင်ရွက်ပြီးစီးမှု၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်နေမှု၊ ကမ္ဘာ့အမွေအနှစ် ပျူရှေးမြို့ဟောင်းများ ထိန်းသိမ်းမှုအခြေအနေ အစီရင်ခံစာ ၂၀၁၉ (C1444)ကို ကမ္ဘာ့အမွေအနှစ် ဗဟိုဌာနသို့ အစီရင်ခံပြီးစီးခဲ့သည့်ကိစ္စရပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ရှေးဟောင်းအဆောက်အအုံများစာရင်း အတည်ပြုထုတ်ပြန်ရန်ကိစ္စရပ်၊ ကိုလိုနီခေတ်အဆောက်အအုံများစာရင်း အတည်ပြုပေးရန် ကိစ္စရပ်၊ ဆုကြေးငွေများ ချီးမြှင့်၍စုဆောင်းခဲ့သော ရှေးဟောင်းဝတ္ထုပစ္စည်းစာရင်းကို မှတ်တမ်းတင်ပေးရန်ကိစ္စရပ်၊ အမျိုးသားပြတိုက် (နေပြည်တော်၊ ရန်ကုန်)နှင့် ဦးစီးဌာနသို့ ပြည်သူများ လာရောက်လှူဒါန်းသည့်ပစ္စည်းများ လက်ခံရရှိမှုနှင့် တိုက်ပိုင်စာရင်းရေးသွင်းမှုကို မှတ်တမ်းတင်ပေးနိုင်ရေး ကိစ္စရပ်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ မြန်မာနိုင်ငံ ပြတိုက်များဥပဒေ (မူကြမ်း)ကိစ္စရပ်၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ဥပဒေ(မူကြမ်း)ကိစ္စရပ်၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသကို Archaeological Park အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့် အခြေအနေနှင့် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်)ကို Art Center အဖြစ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ဒြပ်ရှိဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆွေးနွေးတင်ပြချက်များသည် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အထောက်အကူပြုစေမည့် ဆွေးနွေးချက်များ ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ UNESCO အဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို ကဏ္ဍအသီးသီးအလိုက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအောင်မြင်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများကို တိုင်းပြည်နှင့် လူမျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာအသင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာအသင်း (Japan-Myanmar Association-JMA) တို့အကြား နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဟိဒဲအို က နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်နှင့် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဟိဒဲအို တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

## သင်တန်းများ ဖွင့်လှစ်ပေး

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာအသင်းတို့သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်း စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇ သန်းဖြင့် နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသမှ တိုင်းရင်းသားများအား သက်ကြီးရွယ်အို စောင့်ရှောက်ရေးသင်တန်းများ ဖွင့်လှစ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်နှင့် ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဟိဒဲအိုတို့က နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ အလှူငွေများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ အလှူငွေများ လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။ (ဓါတ်ပုံ)

## ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် အလှူရှင်များ ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ငွေကျပ်သိန်း ၁၀၀၀ အောက်နှင့် ငွေကျပ်သိန်း ၅၀၀ အထိ အလှူရှင်များ၊ ငွေကျပ်သိန်း ၅၀၀ အောက်နှင့် ငွေကျပ်သိန်း ၁၀၀ အထိ အလှူရှင်များ တက်ရောက်ကြသည်။

## နေ့စဉ်လှူဒါန်းလျက်ရှိ

ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၌ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်၍ နိုင်ငံတော်မှ ငွေကျပ် တစ်ဘီလီယံကို လည်းကောင်း၊ အမေရိကန်ဒေါ်လာသန်း ၂၅၀ ကို လည်းကောင်း မတည်ထည့်ဝင်ခဲ့သည်။ ပြည်တွင်း/ပြည်ပမှ အလှူရှင်များ၏ လှူဒါန်းငွေများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ စတင်လက်ခံခဲ့ရာ ဇန်နဝါရီ ၂၀ ရက်အထိ အလှူငွေ ရရှိမှု စုစုပေါင်းမှာ ငွေကျပ် ၁၇,၇၈၁ ဒသမ ၃၃၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၅ သန်း ဖြစ်သည်။ အလှူရှင်အမည်စာရင်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာပေးလျက်ရှိပြီး ဆက်လက်၍ ပြည်တွင်း/ပြည်ပ အလှူရှင်များက အလှူငွေများ နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပထမအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

**မလေးရှားနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်သည်။**

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် Tan Sri Dato' Hj Muhyddin bin Yassin က တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အာဆီယံနိုင်ငံများအတွင်း ဒစ်ဂျစ်တယ် အီကိုစနစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် ပြုစုပျိုးထောင်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အစီအမံများ အားကောင်းလာနိုင်စေရေးနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များ၊ အထူးကိစ္စရပ်အနေဖြင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အခြားဆက်စပ်ကဏ္ဍများနှင့် ချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်း ကိစ္စရပ်တို့အပေါ် အခြား အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

## တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) မှ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပထမအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်စဉ်။

## ဆွေးနွေးအတည်ပြုဆောင်ရွက်

ပထမအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို "ASEAN - a Digitally Connected Community" ခေါင်းစဉ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်များ ဆွေးနွေးဖလှယ်ခြင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း work from home ပုံစံဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာ၏ ပိုမိုအရေးပါမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အလွန်ကာလများအတွက် အဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ဆောင်ရွက်လျက်ရှိသော အစီအစဉ်များကို ဆွေးနွေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသုံးပြုမှု မြင့်မားလာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးကိစ္စရပ်များ အရေးကြီးလာခြင်းတို့အပေါ် အမြင်များဖလှယ်ဆွေးနွေးခြင်း၊ အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုဖြင့် ဒစ်ဂျစ်တယ် အသိုက်အဝန်း ဖော်ဆောင်ရေးအတွက် ASEAN Digital Masterplan 2025 - ADM 2025 အား အတည်ပြုထုတ်ပြန်ခြင်း၊ ၂၀၂၁ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု ထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ပူထရာဂျာရာ ကြေညာစာတမ်း (Putrajaya Declaration) ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၇)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

(၁၇)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (အေစီဒီ) ဝန်ကြီးအဆင့် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တူရကီနိုင်ငံ အန်ကာရာမြို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက် မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)**



အဆိုပါအစည်းအဝေး၌ တူရကီသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မေဗလွတ် ကာဗယ်စလူ က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်များက "နေထိုင်မှု ပုံစံအသစ်၊ လုံခြုံစိတ်ချ ကောင်းမွန်သည့် ခရီးသွားလုပ်ငန်း" ခေါင်းစဉ်အောက်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ထိခိုက်မှုများ လျော့ပါးသက်သာစေရေးအတွက် အေစီဒီအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ

ပြည်ထောင်စုဝန်ကြီးဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှနိုင်ငံများ၏ ဂျီဒီပီကို အဓိက ပံ့ပိုးပေးလျက်ရှိသည့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ကဏ္ဍအသီးသီးကို ထိခိုက်စေခဲ့ကြောင်း၊ အာရှဒေသသည် မိမိတို့၏ သမိုင်းကြောင်း၊ မတူကွဲပြားမှုနှင့် ယဉ်ကျေးမှု အမွေအနှစ်ကြွယ်ဝမှုနှင့် သဘာဝအလှအပတို့ကြောင့် ခရီးသွားလုပ်ငန်းကို ပြန်လည်ဦးမော့လာစေရန် အလားအလာကောင်းများစွာရှိနေကြောင်း၊ ဒေသတွင်းနှင့် ဒေသတစ်ခုနှင့် တစ်ခုအကြား ခရီးသွားလုပ်ငန်းများကို မြှင့်တင်ခြင်းသည် စီးပွားရေးကိုသာမက ပြည်သူများအကြား အပြန်အလှန်နားလည်ချစ်ကြည်မှုကို တိုးမြှင့်နိုင်မည်ဖြစ်ကာ ဒေသတွင်းငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် သာယာဝပြောရေးကိုပါ ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု အခြေအနေကို ထိန်းချုပ်နိုင်လာသည့်အခါ မြန်မာနိုင်ငံသည် နှစ်နိုင်ငံချင်းနှင့် ဒေသတွင်း လုံခြုံသည့်ခရီးသွားလာရေးအစီအမံများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်များ ပြင်ဆင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာပိုလျှံသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် အရှေ့အလယ်ပိုင်းနိုင်ငံများအပါအဝင် အာရှနိုင်ငံများရှိ ဈေးကွက်သစ်များသို့ စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းများ တင်ပို့မှု မြှင့်တင်ခြင်းဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် အေစီဒီ၏ ဘုံရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် အန်ကာရာကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု ကာကွယ်တားဆီးရေး၊ ကျန်းမာရေးညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍ ဘက်စုံပြန်လည်ထူထောင်ရာတွင် သတင်းအချက်အလက်နှင့် အလေ့အကျင့်ကောင်းများကို မျှဝေဖလှယ်ရေးနှင့် ၂၀၂၁ ခုနှစ်တွင် ကာတာနိုင်ငံက ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီး အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေးကိစ္စများ အပါအဝင် ထောက်ခံတင်ပြချက်များကို ထည့်သွင်းဖော်ပြထားသည်။

### ဦးစားပေး ကဏ္ဍ

အာရှပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ (အေစီဒီ)ကို အာရှဒေသ၏ စုပေါင်းစွမ်းအား၊ ကြွယ်ဝသည့်အရင်းအမြစ်များ၊ မတူကွဲပြားမှုနှင့် အခွင့်အလမ်းများကို ဖော်ထုတ်၍ ခိုင်မာအားကောင်းသည့် ဒေသတစ်ခုဖြစ်စေရန် ရည်ရွယ်၍ ဦးစားပေးကဏ္ဍ ခြောက်ခု ချမှတ်ကာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အေစီဒီဆွေးနွေးပွဲတွင် အဖွဲ့ဝင်အဖြစ် အာရှဒေသမှ ၃၅ နိုင်ငံ ပါဝင်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**





### အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိမိတို့ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ရတနာပြပွဲများ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် ပုဂ္ဂလိကကျောက်မျက်ရတနာပြပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ရတနာပြပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ယခုကဲ့သို့ ပြပွဲဗဟိုကော်မတီ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး အဆုံးအဖြတ် ရယူရန်နှင့် မှတ်တမ်းတင်အတည်ပြုရန် ကိစ္စရပ်များကို ပြပွဲဗဟိုကော်မတီသို့ တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းကာလနောက်ပိုင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ရတနာပြပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းမရှိသကဲ့သို့ ပြပွဲဗဟိုကော်မတီ အစည်းအဝေးများကိုလည်း ကျင်းပပြုလုပ်နိုင်ခြင်း မရှိခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်မှုနှင့် သတ်မှတ်ထားရှိသည့် ကန့်သတ်မှုများ ဖြေလျှော့မှုအခြေအနေများအပေါ် မူတည်ပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ကျင်းပပြုလုပ်သွားရန် လျာထားစီစဉ်ဆောင်ရွက်ထားရှိရာ ရတနာပြပွဲဆိုင်ရာလုပ်ငန်းများကို မှတ်တမ်းတင်အတည်ပြုနိုင်ရေးနှင့် ဆုံးဖြတ်ချက်များ ရယူနိုင်ရေး ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ယခုပြပွဲဗဟိုကော်မတီ အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

### နည်းလမ်းများ ရှာဖွေဖော်ထုတ်

ဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီအသီးသီးကလည်း လုပ်ငန်းများဆောင်ရွက်ကြရာတွင် ယခင်ကျင်းပပြီး ပြပွဲများ၏ အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ကိုဗစ်-၁၉ ရောဂါအလွန် ဆောင်ရွက်ရမည့် ပြပွဲဆိုင်ရာလုပ်ငန်းများကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်စေရေး ရှာဖွေဖော်ထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် ယခုပြပွဲဗဟိုကော်မတီ အစည်းအဝေးတွင် မှတ်တမ်းတင်အတည်ပြုရန်နှင့် ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရန်နှင့် တင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြပွဲကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



❏ *ရွှေဖုံးမှ*

နယ်မြေတွေမှာ ပိုဖြစ်ပါတယ်။ ဒါကြောင့် ရထားလမ်းစဉ်ဆက်မပြတ် သန့်ရှင်းပြီး ဘေးကင်းလုံခြုံဖို့ စီမံချက်ရေးနေပြီ။ အဲဒီစီမံချက်ကို ကော်မတီက အတည်ပြုပြီးရင် လူထုအသိပညာပေးတာ ဆောင်ရွက်မယ်။ ပြစ်ဒဏ်သတ်မှတ်ချက်တွေကို သိအောင်ပြောပြတာတွေလုပ်ဖို့ ရည်ရွယ်ထားတယ်။ အခုလည်း ဘယ်နေရာတွေက အမှိုက်ပစ်တာများသလဲ၊ အဲဒီပတ်ဝန်းကျင်မှာ အမှိုက်ကန်တွေ ရှိမရှိ သုတေသန လုပ်နေပါတယ်။ စာရင်းတွေအကုန်ရလို့ အမှိုက်ပုံးလိုအပ်ရင် YCDC နဲ့ ညှိနှိုင်းပြီး အမှိုက်ပုံးတွေ၊ အမှိုက်ကန်တွေ ချပေးသွားပါမယ်။ အမှိုက်အပြင် သစ်ကိုင်းသစ်ချောင်းတွေ၊ မာတဲ့အရာတွေပါ စွန့်ပစ်လာရင် ရထားလမ်းလွဲတဲ့အခါ အန္တရာယ် ဖြစ်စေနိုင်ပါတယ်။ ရထားလမ်းပေါ်မှာ စွန့်လွှတ်တာ၊ ကစားတာ၊ သောက်စားတာတွေ မလုပ်ဖို့နဲ့ ကားလမ်းဖြတ်ကျော်တဲ့နေရာ ၂၅ ခုမှာ ဘေးကင်းလုံခြုံအောင် အော်တို ဂိတ်ဖွင့်/ပိတ် စနစ်တွေကို ငွေကုန်ကြေးကျ အများကြီးနဲ့ လုပ်ပြီးပါပြီ။ အဓိကကတော့ ပြည်သူတွေ ပါဝင်ပေးဖို့ပါပဲ" ဟု မြန်မာ့မီးရထား တိုင်းတာဝန်ခံရုံး၊ အမှတ်(၇) တိုင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးမိုးအောင်က ပြောသည်။

မြန်မာ့မီးရထားက နှစ်စဉ် အမှိုက်သိမ်းကန်ထရိုက်ကို တင်ဒါစနစ်ဖြင့် ရွေးချယ်၍ အမှိုက်သိမ်းစနစ် ဆောင်ရွက်ထားပြီး ဘူတာရုံများတွင် TOBU ကုမ္ပဏီလီမိတက်က ရထားဝန်ထမ်းအငြိမ်းစားများကို ခန့်ထားကာ နေ့စဉ်အမှိုက်သိမ်းလုပ်ငန်း ဆောင်ရွက်နေကြောင်း၊ ပြီးခဲ့သည့်နှစ်လကျော်မှစ၍ ရထားလမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများက သုံးရက်ခြား တစ်ကြိမ်လှည့်လည်၍ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ငယ်ချစ်သို့ ကျေးဇူးစကား

ကြူကြူသင်း

၁၉၅၈ ခုနှစ်က ဖြစ်သည်။

ရေဒီယိုလေးတစ်လုံး ဆုအဖြစ် ရသည်။

ကျွန်မ အလွန်လိုချင်နေသော ပစ္စည်းလေး ဖြစ်သဖြင့် ကျွန်မအင်မတန် ပျော်ရွှင်ခဲ့ရသည်။

“သမီး ဆယ်တန်းအောင်ရင် ပါပါ ဝယ်ပေးမယ်”

ပေးခဲ့သည့်ကတိအတိုင်း ကျွန်မဆယ်တန်းအောင်လို့ ပါပါ (အဖေ့ကို ကျွန်မတို့မောင်နှမတွေအခေါ်) က ရေဒီယိုလေး ဝယ်ပေးခဲ့သည်။ ထိုစဉ်က အိမ်တိုင်းတွင် ရေဒီယိုမရှိသေးပေ။

ရေဒီယိုလေးမှာ အလျားဆယ့်ခြောက်လက်မ၊ အမြင့်ကိုးလက်မခန့် ရှိသည်။ အနက်ရောင်ကိုယ်ထည်ပေါ်တွင် ရွှေညိုရောင်အစင်းကလေးများပါသည်။ နေရှင်နယ်အမျိုးအစားဖြစ်သည်။

ရေဒီယိုလေးကို ကျွန်မကြည့်မဝ ရှုမဝဖြစ်နေမိသည်။ နေ့လည်း အရိပ်တကြည့်ကြည့်၊ ညလည်းအရိပ်တကြည့်ကြည့်။ ချစ်စရာကောင်းလိုက်တာနော် မေမေ ဟု မေမေ့ကို ကျွန်မပြောမိသည်။ ရေဒီယိုလေးကို ဧည့်ခန်းနံရံတွင် စင်ကလေးရိုက်၍ တင်ထားသည်။ ဧည့်ခန်းမီးတွေကို ပိတ်ကာကြည့်လျှင် အမှောင်ထဲတွင် ရေဒီယိုလေးမှ အစိမ်းရောင် တောက်တောက်မီးရောင်ကလေးကို မြင်ရသည်။ ကျွန်မ အလွန်သဘောကျသည်။

ညဘက်တွေ ဧည့်ခန်းကို မီးမှောင်ချထားပြီး လမ်းမပေါ်သို့ ကျွန်မထွက်၍ ကြည့်လေ့ရှိသည်။ အမှောင်ထဲမှာ မီးစိမ်းကလေးကို မြင်နေရသည့် ပျော်ရွှင်မှုခံစားချက်ကို ကျွန်မအခုထိ မှတ်မိနေဆဲဖြစ်သည်။ ညစဉ် ထိုသို့လုပ်နေမိသည်မှာ တစ်ည နှစ်ည မဟုတ်၊ လေး၊ ငါး၊ ဆယ်ည ဖြစ်သည်။ ကိုယ်တစ်ယောက်တည်း ကြည့်ရုံနှင့်အားမရဘဲ စာကျက်နေသော မောင်ကလေးများကိုပါ ခေါ်ကြည့်ခိုင်းလိုက်သေးသည်။

“သမီးက ရေဒီယိုအတော်ရူးတာပဲ”

ပါပါသိသွားသောအခါ ကျေနပ်စွာ မှတ်ချက်ချသည်။

တကယ်တော့ ပါပါက တစ်ချက်ခုတ် နှစ်ချက်ပြတ် (ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ရအောင်) ဟူသော အတွေးဖြင့် ရေဒီယိုလေးကို ဝယ်ပေးလိုက်ခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်မမေမေကလည်း သီချင်းကြိုက်သူဖြစ်ပါသည်။ သီချင်းကလေး တအေးအေးဖြင့် အိမ်မှုကိစ္စများကို ဇယ်စက်သလို လုပ်နေလေ့ရှိသူ ဖြစ်သည်။ မေရှင်၏ သီချင်းများ၊ ဥသြ ဘသောင်၏ သီချင်းများ၊ ကိုမြကြီးတို့၊ မေလှမြိုင်တို့၏ သီချင်းများသည် မေမေနှုတ်ဖျားတွင် အစဉ်လိုလို တွဲခိုရွှင်မြူးနေလေ့ရှိသည်။ သည်တော့ မေမေ့သမီး ကျွန်မကလည်း သီချင်းတွေကို ချစ်တတ်ခဲ့သည်။ ကျွန်မ၏ ကလောင်အမည် “ကြူကြူသင်း” သည် မေမေနှစ်သက်စွာ သီဆိုလေ့ရှိသည့် ဒေါ်မေရှင်၏ “ချစ်ရေစင်” သီချင်းမှ ဖွားမြောက်လာခြင်း ဖြစ်သည်။

ကျောင်းပိတ်ရက်ဆိုလျှင် “သောတရှင်များ ကျန်းမာတော်မူကြပါစရှင်” မှစ၍ ညဘက်နောက်နေ့အစီအစဉ်များကို ကြေညာပြီးသည်အထိ ရေဒီယိုလေးခမျာ မနားရရှာပါ။

“မီတာတက်တယ် သမီးရဲ့၊ အမြဲမဖွင့်ထားရဘူး၊ သမီးကြိုက်တဲ့ အစီအစဉ်ကျမှဖွင့်”

စနစ်ကြီးသော မေမေက အချိန်သတ်မှတ်ပေးထားသည်။ ခေတ်ဟောင်းတေး အစီအစဉ်၊ သောတရှင်လိုရာ၊ မဟာဂီတသီချင်းကြီးများထုတ်လွှင့်မှု အစီအစဉ်နှင့် အင်္ဂလိပ်သီချင်းများကို ထုတ်လွှင့်သော “Local Talent” အစီအစဉ်များကို ကျွန်မရွေးချယ်လိုက်သည်။ ပါပါက သတင်းများကို မှန်မှန်နားထောင်လေ့ရှိသည်။ မောင်လေးများကတော့ တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲများ ဆိုလျှင် ထမင်းပင်ဖြောင့်အောင် မစားနိုင်ကြ။

ရေဒီယိုသီချင်းများကို ကိုယ်တိုင်ကိုယ်ကျ နားထောင်ရဖန်များတော့ ချင်ခြင်းတစ်ခုထပ်တိုးလာသည်။ ရေဒီယိုမှာ သီချင်းဆိုချင်စိတ်ပင် ဖြစ်သည်။

“မဆိုရပါဘူး၊ ဘွဲ့ရအောင်သာလုပ်”

“ဘွဲ့ရအောင် ကြိုးစားပါ့မယ်၊ သီချင်းဆိုပါရစေ မေမေရယ်”

“ထပ်မပြောနဲ့၊ ကိုယ့်စာကိုယ် ကြိုးစား။ သမီးနော် ကဗျာလည်း ရေးချင်တယ်၊ သီချင်းလည်းဆိုချင်တယ်။ ကျောင်းစာကလွဲပြီး အကုန်စိတ်ဝင်စားတဲ့မိန်းမ”

မေမေ့၏ပြတ်သားလှသော မှတ်ချက်။ စောဒက မတက်ရဲသော်လည်း စိတ်ထဲက မကျေနပ်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ဝန်ထမ်းများ အသံသွင်းနေစဉ်။

ကျွန်မနေခဲ့သည့် ကွန်ဗင့်ကျောင်းတွင် ကာယဆရာမ ကိုယ်တိုင်က ထင်ရှားကျော်ကြားသော အဆိုတော်ကြီး “လီလီကြာညွန့်” ဖြစ်သည်။ “မေတ္တာရွှေစောင်း” သီချင်းကို ချိုချိုနွဲ့နွဲ့ သွယ်သွယ် ပျောင်းပျောင်း ရှိလှသော အသံကလေးဖြင့် သီဆိုထားသူ။ နောက် ကျွန်မတို့ထက် အတန်းကြီးသော ခင်ယုမေ၊ သဇင်ကြူ။ နောက်အတန်းတူ သူငယ်ချင်းဖြစ်ကြသော မြကေသီနှင့် ဇင်မာလွင်။ နောက်နှစ်တန်းခန့်ငယ်သော ကြည်ကြည်ဝင်း။ နည်းသည့် အဆိုတော်များမဟုတ်။ အားလုံးကလည်း တိုင်းသိ ပြည်သိ။

ကျွန်မ အလွန်နှစ်သက် အားကျခဲ့ရသူများ ဖြစ်သည်။

သို့သော်လည်း မိခင်စကားကို မလွန်ဆန်ရဲ၊ စိတ်ထဲမှာတော့ တေးထားလိုက်သည်။ တက္ကသိုလ်ရောက်လျှင်..။

တက္ကသိုလ်တက်သည့်နှစ်မှာပင် ကျွန်မစိတ်အဆာပြေသွားခွင့်ရခဲ့သည်။ နှစ် နှစ်တစ်ကြိမ် ကျင်းပသော ရန်ကုန်တက္ကသိုလ်ကျောင်းသားပွဲတော်တွင် ကျွန်မ သီချင်းလည်း ဆိုသည်၊ ကလည်း ကသည်၊ ပြဇာတ်ထဲမှာလည်း ဝင်နွှဲလိုက်သေးသည်။ စာပေပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လိုက်သေးသည်။

ထိုနှစ်က စာမေးပွဲကျသည်။

၁၉၈၆ခုနှစ်။

မြန်မာ့အသံဝင်းကြီးထဲသို့ ဝင်လိုက်သည်နှင့် သူတို့အားလုံးပတ်ဝန်းကျင်သစ်ကို စိတ်ဝင်စားသွားကြပြီ။ ကျယ်ပြန့်သောဝင်းကြီးထဲမှ ခံ့ညားလှပတင့်တယ်လွန်းသော မြန်မာ့ရုပ်မြင်သံကြား အဆောက်အအုံသစ်ကြီးက သူတို့အားလုံးကို ညို့ယူဖမ်းစားလိုက်သကဲ့သို့ အားလုံးမှာ ကြည့်မဝ၊ ရှုမဆုံး။

၁၉၇၀ ပြည့်နှစ်လောက်အထိ မြန်မာ့အသံ အသံလွှင့်ပိုင်းဆိုင်ရာ အဆောက်အအုံအတွင်းသို့ မကြာခဏ ရောက်ရှိခဲ့သော်လည်း အသစ်တည်ဆောက်ထားသည့် ရုပ်မြင်သံကြား အဆောက်အအုံကို ယခုမှသာ အနီးကပ်တွေ့မြင်ရ၍ ကျွန်မမှာလည်း တမော့မော့။

ပတ်ဝန်းကျင်မြင်ကွင်းတွေ ပြောင်းလဲနေပြီ။ ဝင်းကြီးတစ်ခုလုံး ကွာခြားမှု။ ၁၉၆၁ ခုနှစ်က မြင်ကွင်းနှင့် ဘာမျှမဆိုင်။

မြန်မာ့အသံသို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခဲ့သည့် ၁၉၆၁ ခုနှစ်ကအဖြစ်ကို ပြန်လည်လွမ်းဆွတ်မိသည်။

၁၉၆၁ခုနှစ်။

မြန်မာ့အသံသို့ ပထမဦးဆုံးအကြိမ် ကျွန်မရောက်ခဲ့ဖူးသည့်နှစ်။

ထိုအချိန်က ရုပ်မြင်သံကြားစက်များ မြန်မာပြည်တွင် မတပ်ဆင်ရသေးပါ။ ရေဒီယိုကိုသာ အားထားနားဆင်နေကြရသောအချိန် ဖြစ်ပါသည်။

မြန်မာ့အသံသို့ ကျွန်မရောက်ခဲ့ရသည့်အကြောင်းမှာ ရုပ်ရှင်ကြည့်ပရိသတ်၏ အသည်းစွဲ၊ ဂီတဝါသနာရှင်တို့၏ အချစ်တော်၊ ကျွန်မတို့ဆယ်ကျော်သက်ရွယ် မိန်းကလေးများ၏ သည်းသည်းလှုပ်ဖြစ်သည့် “ဝင်းဦး” နှင့် တွေ့ဆုံရန် ဖြစ်သည်ဟု ခပ်ထည်ထည်ကလေး ပြောလိုပါသည်။

အဓိက အကြောင်းရင်းခံမှာ အလုပ်သမားရေးရာဌာနမှ ထုတ်ဝေသည့် “အလင်းရောင် မဂ္ဂဇင်း” တွင် ကျွန်မရေးသားထားသော ဝတ္ထုတိုကလေးပင် ဖြစ်သည်။ “နွေမှာပျိုးသောပန်း” ဟု ခေါင်းစဉ်တပ်ကာ နွေခေါင်ခေါင်ကြီးပင်ဖြစ်လင့်ကစား မြေခံ ရေခံနှင့် နည်းစနစ်ကောင်းလျှင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ယင်းဝတ္ထုတိုကလေးကို အသံလွှင့်ဇာတ်လမ်းရှည် (လေးဆယ့်ငါးမိနစ်စာ) ထုတ်လွှင့်ရန် စီစဉ်နေကြခြင်းဖြစ်ပါသည်။ သည်အသံလွှင့်ဇာတ်လမ်းရှည်က ပထမဦးဆုံး ထုတ်လွှင့်မည့် အသံလွှင့်ဇာတ်လမ်းရှည် ဖြစ်ပါသည်။ ယခင်ယခင်က ထုတ်လွှင့်ခဲ့သည့် ဇာတ်လမ်းပမာနားဆင်စရာတို့၊ ကျေးလက်ဇာတ်လမ်းတို့မှာ သည်မျှလောက် အချိန်မကြာ၊ ဆယ့်ငါးမိနစ်ခန့်သာ ကြာမြင့်သည်။ ဇာတ်ညွှန်းခွဲသူနှင့် စီစဉ်သူက “မြန်မာ့အသံ ကိုသစ္စာ” ဖြစ်သည်။ (ရုပ်ချော အပြောကောင်းသူ သူ့ကို ကျွန်မတို့က “မြန်မာ့အသံ ဝင်းဦး” ဟု နောက်ကွယ်တွင် ခေါ်ကြပါသည်။ ကိုသစ္စာက မူရင်းဝတ္ထုရေးသူနှင့်သရုပ်ဆောင်ပေးမည့် “ဝင်းဦး” တို့ကို တွေ့ဆုံမိတ်ဆက်ပေးရန် စီစဉ်လိုက်ခြင်း ဖြစ်ပါသည်။)

ကျွန်မတစ်ယောက်တည်းသွားရန် မဝံ့မရဲဖြစ်နေ၍ သူငယ်ချင်းတစ်ယောက်ကို အဖော်ခေါ်ရသည်။ ချစ်သူက သိသွားတော့ သူပါလိုက်မည်ဟုဆိုရာ ငြင်းပယ်ရန် ခက်သွားသည်။ ကိုသစ္စာ ချိန်းထားသည်က မနက်

> ❒ ကျွန်မနေခဲ့သည့် ကွန်ဗင့်ကျောင်းတွင် ကာယဆရာမ ကိုယ်တိုင် က ထင်ရှားကျော်ကြားသော အဆိုတော်ကြီး “လီလီကြာညွန့်” ဖြစ်သည်။ “မေတ္တာရွှေစောင်း” သီချင်းကို ချိုချိုနွဲ့နွဲ့ သွယ်သွယ်ပျောင်းပျောင်းရှိလှသော အသံ ကလေးဖြင့် သီဆိုထားသူ။ နောက် ကျွန်မတို့ထက် အတန်းကြီးသော ခင်ယုမေ၊ သဇင်ကြူ။ နောက်အတန်းတူ သူငယ်ချင်းဖြစ်ကြသော မြကေသီနှင့် ဇင်မာလွင်။ နောက်နှစ်တန်းခန့်ငယ်သော ကြည်ကြည်ဝင်း။ နည်းသည့် အဆိုတော်များမဟုတ်။ အားလုံးကလည်း တိုင်းသိ ပြည်သိ။

၁၁ နာရီ၊ သို့သော် ကျွန်မတို့ရောက်သွားတော့ ၁၀ နာရီပင်မခွဲတတ်သေး။ အခန်းတွေအများကြီးမို့ မည်သည့်အခန်းကို ဝင်ရမှန်းမသိသဖြင့် ဝန်ထမ်းတစ်ယောက်ကို အကူအညီတောင်းရသည်။ စတူဒီယို “ဘီ” ဟုရေးထားသော ခန်းမကျယ်ကြီးထဲ ဝင်လိုက်တော့ ကိုသစ္စာနှင့်အတူ ရောက်နှင့်နေသော မင်းသားကြီးကို ကျွန်မတွေ့လိုက်ရသည်။ အခြားအမျိုးသမီး၊ အမျိုးသားလေးငါးယောက်နှင့်အတူ စားပွဲရှည်ကြီးတစ်ခုတွင် ထိုင်နေကြခြင်း ဖြစ်သည်။ သူတို့တွေလက်ထဲမှာ စာရွက်တွေ တစ်ထပ်ကြီးကိုင်လျက်။ ကြည့်ရသည်မှာ သူ့အပိုင်း ကိုယ့်အပိုင်း ခွဲခြားစိစစ်နေဟန်ပင်။

ကိုသစ္စာက ကျွန်မတို့ကိုကြိုသည်။ မင်းသားကြီးနှင့် ကျွန်မကိုမိတ်ဆက်ပေးသည်။ “တွေ့ရတာဝမ်းသာပါတယ်ရှင်” ဟု နှုတ်ခွန်းဆက်ခဲ့မိလေသလား၊ “ကျွန်မဝတ္ထုကလေးကို သရုပ်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” ဟု ဆိုခဲ့မိလေသလား၊ “ကျွန်မတို့က ဦးဝင်းဦးရဲ့ ပရိသတ်တွေပါ” ဟု ထုတ်ဖော်ပြောခဲ့မိလေသလား မမှတ်မိတော့ပါ။ မင်းသားကြီးနှင့်စကားသုံးလေးခွန်းမျှသာ ပြောရသေးသည် ဘေးကချစ်သူက ဖောက်သည်။ ပြန်တော့မယ်ဟု မျက်နှာပုပ်ကြီးဖြင့် ပြောပြီး ထွက်သွားသောချစ်သူကို ကျွန်မ မတားမိ၊ မင်းသားကြီးကိုသာ အားနာနေမိသည်။ အတူပါလာသူ ကျွန်မသူငယ်ချင်းက ကြားထဲကအနေရအထိုင်ရခက်ပြီး “ဒို့လည်းပြန်ကြစို့” ဟု လောသည်။ ကျွန်မ ခေါင်းခါပြလိုက်သည်။

ထိုနေ့က မင်းသားကြီးအသံသွင်းနေပုံကို နာရီဝက်ခန့် ကျွန်မငေးမောကြည့်ရှု လေ့လာခဲ့သည်။ မလွယ်ပါလားဟု သဘောပေါက်သည်။

ယင်းအသံလွှင့်ဇာတ်လမ်းရှည်ကို ရေဒီယိုမှ လွှင့်ထုတ်သည့်အခါ ရေဒီယိုပရိသတ်များ အလွန်နှစ်သက်ခဲ့ကြသည်။ မင်းသားကြီးပြောသည့် “ကြက်ဥကောက်ရမယ်၊ ကြက်စာကျွေးရမယ်” ဆိုသည့်စကားမှာ ကလေးများ နှုတ်ဖျားတွင် စွဲသည်အထိ အောင်မြင်ခဲ့သည်။

ထိုဇာတ်လမ်းရှည်လွှင့်ထုတ်ပြီး တစ်လခန့်အကြာတွင် “သုခုမ ရုပ်ရှင်” က စာရေးဆရာကြီး ဦးရန်အောင်နှင့် ဦးလေးမြိုင်တို့မှတစ်ဆင့် ဆက်သွယ်လာသည်။ ဆရာကြီးများ အကျိုးဆောင်ပေးမှုတို့ဖြင့် ထိုဇာတ်လမ်းကို ငွေကျပ်နှစ်ထောင်ဖြင့် ရောင်းဖြစ်သည်။ ထိုကာလက ရွှေတစ်ကျပ်သားမှ သုံးရာ့ငါးဆယ်ကျပ်သာ ရှိသည်။ တက္ကသိုလ်စရိတ်က တစ်လလျှင်ငွေခြောက်ဆယ်ရှိလျှင် လုံလောက်သော ကာလဖြစ်သည်။ ကျွန်မအလွန်ပျော်မိသည်။ မြန်မာ့အသံကိုလည်း ကျေးဇူးတင်မဆုံးဖြစ်ရသည်။ ပါဝင်သရုပ်ဆောင်ပေးသည့် မင်းသားကြီးနှင့် အဖွဲ့သားများကိုလည်း ယနေ့အထိ သတိရနေဆဲဖြစ်ပါသည်။

၁၉၆၁ ခုနှစ်က ဖြစ်ပါသည်။

၁၉၇၁ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ အထက်အညာဘက်သို့ သျှောင်နောက်ဆံထုံးပါသွား၍ မြန်မာ့အသံနှင့် ၁၀ နှစ်ကျော် ကင်းကွာသွားခဲ့ရသည်။ ၁၉၇၁ ခုနှစ်မတိုင်မီအထိ “မြန်မာ့အသံ” နှင့် ကျွန်မ အတော်ရင်းနှီးနေခဲ့ပါပြီ။ ကျွန်မ၏ဝတ္ထုတို ဆယ်ပုဒ်ခန့်ကိုလည်း ဇာတ်လမ်းပမာ နားဆင်စရာအဖြစ် မြန်မာ့အသံက အသွင်ပြောင်းပေးခဲ့ပါပြီ။ ထိုဝတ္ထုများအတွက် ဉာဏ်ပူဇော်ခငွေ ချီးမြှင့်သဖြင့် မြန်မာ့အသံသို့ အဝင်အထွက်များလာကာ ဝန်ထမ်းများနှင့်လည်း အကျွမ်းတဝင် ခင်မင်ရင်းနှီးခဲ့ပါပြီ။ မြန်မာ့အသံ ကျော်ဦးနှင့် မြသဲဖြူ-မြန်မာ့အသံတို့မှာ နဂိုကတည်းက ခင်မင်သော မိတ်ဆွေများဖြစ်၍ အဝင်အထွက်လွယ်ကူသည်။

၁၉၈၆ ခုနှစ်ကျမှ မြန်မာ့အသံဝင်းကြီးထဲသို့ ပြန်လည်ရောက်ဖြစ်သည်။ ရုပ်မြင်သံကြား အဆောက်အအုံကြီးက ဆီးကြိုသည်။

“လှလိုက်တာဗျာ”

စန္ဒရားကိုအောင်ငွေ၏ မှတ်ချက်။

“အမေရိကန်သမ္မတ အိမ်ဖြူတော်ကြီး ကျနေတာပဲ”

ဆရာချိုလေး၏ ချီးကျူးသံ။

“ရွှေဘိုပြန်ရောက်ရင်တော့ မိန်းမကိုကြွားစရာရသွားပြီဗျ”

ဒိုးဆရာကိုညို၏ အားပါးတရ ကြွေးကြော်သံ။

“သမီးတို့ ဒီအထဲမှာ တီဗွီရိုက်ရမှာလား အန်တီကြူ”

သမီးတစ်ယောက်၏ စိတ်လှုပ်ရှားစွာစူးစမ်းသံ။

စာမျက်နှာ ၇ သို့

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (NCSA Center) တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော လူမှုအဝန်းအဝိုင်းအတွက် တီထွင်ဆန်းသစ်သည့် နည်းလမ်းများဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ မြန်မာနိုင်ငံ FAO-SLM စီမံကိန်းနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ အမျိုးသားအဆင့် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဗဟိုဌာန (NCSA Center) တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲနှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော လူမှုအဝန်းအဝိုင်း အတွက် တီထွင်ဆန်းသစ်သည့် နည်းလမ်းများဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Mr. Franz-Eugen Arnold၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အမျိုးသားအဆင့် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MONREC, GEF, တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားရာ၌ (၆၇ ဒသမ ၃ ရာခိုင်နှုန်း) သော မြန်မာနိုင်ငံသားများ မှီတည်အသက်မွေးရာ ကဏ္ဍကြီးနှင့် နိုင်ငံတော် GDP ၏ (၂၂ ဒသမ ၄ ရာခိုင်နှုန်း)၊ နိုင်ငံခြားဝင်ငွေရရှိမှု၏ (၁၉ ဒသမ ၆ ရာခိုင်နှုန်း) ကို မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍကပင် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ အဆိုပါကဏ္ဍကြီး ရေရှည်ဖွံ့ဖြိုးစေရေး ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဟန့်အတားများကို ကျော်လွှားနိုင်စေရန် Climate Change Adaptation, Mitigation ဆိုင်ရာ မူဝါဒများ၊ အလေ့အကျင့်ကောင်းများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ပါ ရည်မှန်းချက်တွင် သွင်းအားစုသုံးစွဲမှု အကျိုးရှိထိရောက်သော အလေ့အကျင့်ကောင်းများ၊ ကာဗွန်ထုတ်လုပ်မှု နည်းပါးသော အလေ့အကျင့်ကောင်းများ စသည်တို့ကို အားပေးကူညီ၍ လယ်ယာ သားငါးနှင့် မွေးမြူရေးကဏ္ဍများတွင် ရာသီဥတုနှင့် လိုက်လျောညီထွေစွာ တုံ့ပြန်ဆောင်ရွက်ခြင်း (Climate Smart Response)၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော ထုတ်လုပ်မှုများ (Climate Smart Production ) ဖြစ်ပေါ်လာစေရေးကို ထည့်သွင်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများ၊ မျိုးစေ့ထုတ်လယ်သမားများမှ အစပြု၍ ကြိတ်ခွဲပြုပြင်ရောင်းချသူများနှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းရှင်များအတွက် အရေးပေါ်အစီအမံကောင်းများကို ကိုဗစ်-၁၉ ထိခိုက်မှု လျော့ပါးသက်သာစေရေးစီမံချက် (CERP) နှင့်အတူ မြန်မာ့စီးပွားရေးထိခိုက်မှုကို တွန်းလှန်လွန်မြောက်နိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် (MERRP)တွင် ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမူဝါဒများ မဟာဗျူဟာများကို အခြေခံပြီး မိမိတို့နိုင်ငံအတွက် အမှန်တကယ် လိုအပ်နေသည့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေမည့် တီထွင်ဆန်းသစ်သော နည်းလမ်းကောင်းများကို ယနေ့ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများက ဖော်ထုတ်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Mr. Arnold Franz က ကျေးဇူးတင်စကား ပြောကြားပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်က ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော လူမှုအဝန်းအဝိုင်းအတွက် တီထွင်ဆန်းသစ်သည့် နည်းလမ်းများဆိုင်ရာ စာတမ်းဖတ်ပွဲ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အခြေစိုက်တည်ထောင်ထားသော အမျိုးသားအဆင့် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဗဟိုဌာနအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေအနေကို ထိန်းသိမ်းဆောင်ရွက်ရာတွင် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ပါဝင်ဆောင်ရွက်သူများ၏ စွမ်းရည်မြှင့်တင်နိုင်ရေး ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော လူမှုအဝန်းအဝိုင်းအတွက် တီထွင်ဆန်းသစ်သည့် နည်းလမ်းများဆိုင်ရာ စာတမ်းဖတ်ပွဲ ပထမအပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှသန်းက လည်းကောင်း၊ ဒုတိယပိုင်းတွင် ဒေါက်တာသီဟ (Sustainable Forest Management Specialist) နှင့် Mr. Jitendra P. Jaiswal (Climate Smart Agric-ulture Specialist) တို့က လည်းကောင်း အခမ်းအနား သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး စာတမ်းရှင်များက စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းခဲ့ကာ ၁၅၀ ခန့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အဖွဲ့သားများ ပျော်ရွှင်နေကြ၍ ကျွန်မအလွန်ကြည်နူးသွားမိသည်။ တီဗွီရိုက်ရန် ရောက်ရှိနေကြသည့် အဖွဲ့သားများမှာ "သိဃ်ရတနာ" ဂီတအဖွဲ့ဝင်များ ဖြစ်ပါသည်။

ပြည်ရွှေဘိုတွင် ခြောက်နှစ်တာမျှ နားခိုခဲ့စဉ်က ဂီတဝါသနာရှင်များနှင့် ကျွန်မပူးပေါင်းကာ ဂီတအဖွဲ့တစ်ဖွဲ့ ပီပီပြင်ပြင်ဖြစ်အောင် အားထုတ်ဖြစ်ခဲ့သည်။ ကျွန်မ ရန်ကုန်ပြန်ပြောင်းရတော့ အဖွဲ့က သူတို့စိတ်ကူးကို ပြောလိုက်ကြသည်။ ရေဒီယိုမှ မဟာဂီတသီချင်းကြီးများ အသံလွှင့်လိုသည်၊ ရုပ်မြင်သံကြားတွင် ခေတ်ဟောင်းတေးများ ရိုက်ကူးလိုသည် ဟူ၏။

ကျွန်မ ကြိုးစားပေးရပါသည်။ ရွှေဘိုအဆက် နိုင်ငံကျော် အဆိုတော်ကြီး ဒေါ်ရီရီသန့်နှင့် ဦးစွာဆက်သွယ်တိုင်ပင်ရသည်။ ထိုကာလက မြန်မာ့အသံတွင် အသံသွင်းရက်ချိန်းရရန် စောင့်ရသည်။ ထို့ကြောင့် အပြင်အသံသွင်းစတူဒီယိုတွင် စိတ်တိုင်းကျ သွင်းသင့်သည်ဟု ဒေါ်ရီရီသန့်က အကြံပြုသည်။ ထို့ကြောင့် အဖွဲ့သားများ ရွှေဘိုမှ ရောက်လာကြသည့်အခါ "စိန်မောင် စတူဒီယို" တွင် အသံသွင်းဖြစ်သည်။ ရွှေဘိုကို အထူးပြုရေးဖွဲ့ထားသည့် "ကြောက်ဘွယ့် ဘုန်းတန်း" ကြိုးသီချင်းနှင့် "မဲဇာတောင်ခြေ"၊ "မြန်ချာမြေကို" အစရှိသည့် ပတ်ပျိုးများကို တစ်ရက်တည်းနှင့် အပြတ်သွင်းယူကာ မဟာဂီတသီချင်းကြီး စိစစ်ရေးအဖွဲ့သို့ တင်ရသည်။ ဒေါ်ရီရီသန့် သီဆိုသော "ထွန်းလင်းလျှံလက်" ကျေးစေပတ်ပျိုးတစ်ပုဒ်သာ ခာတ်ပြားရသည်၊ ကျန်သီချင်းများ တစ်ကြိမ်လွှင့်ခွင့်ရသည်။

ရေဒီယိုမှ လွှင့်ထုတ်သည်ကို နားဆင်ကြရပြီးနောက် ရုပ်မြင်သံကြားရိုက်ကူးရန် ပို၍စိတ်အားထက်သန်လာကြသည်။ အဖွဲ့သားများအားလုံး ရန်ကုန်သို့ရောက်လာကြပြန်သည်။ ကျွန်မအိမ်မှာတည်း၍ နေ့ရော ညပါ သီချင်းတိုက်ရသည်။ အကြိမ်ကြိမ်အခါခါ လေ့ကျင့်ကြရသည်။ အခက်အခဲရှိသည့်အခါ ကျွန်မအိမ်နှင့်မဝေးလှသော ဒေါ်ရီရီသန့်အိမ်သို့ပြေးကြရသည်။ အနုပညာအလုပ်ပေပဲ၊ ဘယ်မှာလွယ်ပါလိမ့်မလဲဟု စိတ်မောရသည်။

ကြိုတင်စီစဉ်ရသည့် အလုပ်တွေကလည်း မနည်းလှပါ။ ရိုက်ကူးမည့်နေ့မတိုင်မီ သုံးရက်ကြို၍ သီချင်းစာသားများနှင့် ဧည့်စာရင်းတင်ရသည်။ ဗုံဦးပန်းခင်နှင့်နဲ့ ကိုကံဆိုင်ထွန်းတို့ကို ရက်ချိန်းချိတ်ရသည်။ မိန်းကလေးနှစ်ယောက်အတွက် အဝတ်အစား စီစဉ်ရသည်။

သို့နှင့် တကယ့်လက်တွေ့ရိုက်ကူးရမည့်နေ့ရက်သို့ ရောက်ခဲ့သည်။ ခင်မမနှင့် ယမင်းသန့်တို့က စိုးရွံ့ပူပန်ပုံပေါက်နေကြရာ ရွှေဘိုမြို့က စင်မြင့်တွေပေါ်မှာ အပွဲပွဲနွှဲခဲ့ကြတာပဲ ဘာမျှကြောက်စရာမလို၊ ရဲရဲသာဆိုကြဟု အားပေးရသည်။

"စာသားတွေ မမှားစေနဲ့နော်။ စာသားမှားရင် ပြန်ရိုက်ရမှာ။ နှစ်ခါထက်ပိုမှားရင် နားရမယ်နော်။ မျက်နှာကလေးတွေကိုလည်း ကြည်ကြည်ကလေးထား။ မျက်လုံးက ဟိုကြည့် ဒီကြည့် မကြည့်နဲ့နော်၊ ရှေ့တည့်တည့်က ကင်မရာကိုပဲကြည့် ဟုတ်လား"

ဒေါ်ရီရီသန့်က ဆောင်ရန် ရှောင်ရန်များကို ဂရုတစိုက်သတိပေးသည်။ မြန်မာ့ရုပ်မြင်သံကြားမှ အလှဖန်တီးရှင်များက ကျွမ်းကျွမ်းကျင်ကျင် သွက်သွက်လက်လက်ဖြင့် အလှခြယ် ပြင်ဆင်ပေးကြသည်။ ၁၁ နာရီမထိုးမီ ရိုက်ကူးရေးခန်းမ(၁)ထဲသို့ အားလုံး ရောက်ရှိနေကြပြီ။

"ဆရာမတို့အဖွဲ့က အတီးလည်းစုံလို့ ဒီခန်းမကျယ်ကြီးကို ပေးတာ" ဟု ထုတ်လုပ်ရေးမှူးက ပြောပြသည်။ ဟုတ်ပါသည်။ အားလုံးက ဖိုးဆိုချင်၊ မယ်ဆိုချင်တွေ ချည်းပါပဲ။ ဂီတဝါသနာရှင်တွေချည်းပါပဲ။ ဝါသနာဘာဂီဆက်တိုင်းမီ သူတွေချည်းပါပဲ။ ဝေလေလေပဲ လိုက်ဆိုရမလား၊ တစ်ဝါးတစ်လက်ခုပ်ပဲ ဝင်တီးပေးရမလား၊ စိတ်အားသန်သူတွေ ချည်းပါပဲ။

"ဆရာမတို့က အတော်လောဘကြီးတာပဲ၊ တစ်ရက်ငါးပုဒ် ပြတ်ပါ့မလား"

ရင်းနှီးသူတွေမို့ ထုတ်လုပ်ရေးမှူးက 'စ'သလိုလိုနှင့် ပြောသည်။

"အိုး ကျွန်မတို့က သေသေချာချာလေ့ကျင့်ထားကြတာရှင့်"

အပိုင်ပြန်ဖြေလိုက်တော့ သူကပြုံးသည်။

သို့နှင့် ခွင်ထဲတွင် အတီးဆရာများနှင့် စုံတွဲဆိုမည့် ဆရာချိုလေးနှင့် ရီရီသန့်တို့ နေရာယူကြသည်။ ခွင်ပြည့်မီး ချိန်သည်၊ အသံစမ်းသည်၊ နောက်အတည်ရိုက်သည်။ စုံတွဲသီချင်း "နန်းကေသီ" က အထစ်အငေ့ါမရှိ တစ်ကြိမ်တည်းနှင့်ပြီးပြတ်သည်။ နောက်တစ်ပုဒ် "မြကြာယံ" သီချင်းကို ယမင်းသန့်က သီဆိုသည်။ စာသားမေ့နေ၍ နှစ်ခါသုံးခါ ပြန်ရိုက်ရသည်။ သူကလေးက မှန်သားပြင်ပေါ်တွင် ရုပ်ထွက်လည်းအလွန်လှပြီး အသံကလေးကလည်း ချိုကြည်လှသဖြင့် ရိုက်ကူးရေးသမားများက စိတ်ရှည်လက်ရှည် အားပေးပြီး မျက်နှာလှလှလေးကိုချည်း အထူးလက်စွမ်းပြ ရိုက်ကူးကြသည်။ တတိယအခေါက်တွင် အောင်မြင်သွားမှ သက်ပြင်းချဖြစ်ကြသည်။

"ထမင်းစားခဏနားပါ့မယ်၊ ၁ နာရီခွဲမှာ ပြန်စပါ့မယ်"

နာရီကြည့်လိုက်တော့ ၁ နာရီမတ်တင်း။ ဟုတ်သားပဲ၊ သူတို့ ဆာနေကြရောပေါ့။ တစ်ချိန်လုံး မတ်တပ်ရပ်ရိုက်နေရတာ ပင်ပန်းကြမှာပဲဟု တွေးမိလိုက်၏။ ကျွန်မအပါအဝင် အဖွဲ့သားများကတော့ ထမင်းမေ့ဟင်းမေ့၊ မိတ်ကပ်ရောင်စုံမျက်နှာဖြင့် စားသောက်ဆိုင်တန်းသို့ မထွက်လိုကြသဖြင့် အဆာခံနေလိုက်ကြသည်။ ၄၅ မိနစ် စောင့်ရသည်ကိုပင် ကြာလှချည်ရဲ့ဟု စိတ်စောသူက စောသည်။

သတ်မှတ်ချိန်မတိုင်မီ ရိုက်ကူးရေးသမားများ ပြန်ရောက်လာတော့ အားလုံးပျော်သွားကြသည်။ ပထမဆုံး အမျိုးသားတစ်ယောက်ချင်းအဆိုကို ရိုက်သည်။ ဆရာဦးသန်းစိန်၏ "ကျေးရွာဝါဒ" ကတစ်ကြိမ်တည်းနှင့်ပြီးပြတ်သည်။ နောက်သမီးတစ်ယောက် "ခင်မမ" ကလည်း အသံကောင်း အဆိုတတ်သူဖြစ်ပြီး ရုပ်ထွက်ကလေးကလည်းလှသဖြင့် "တင့်တင့်တယ်တယ်" သီချင်းက သူနှင့် အဟတ်မိသွားသည်။

ထိုနေ့အတွက် ကျွန်မရိုက်ရမည့်အလှည့်။ နောက်ဆုံး ပိတ်အိတ်ဖြင့်လွယ်မည်၊ လုံးဝအတိမ်းအစောင်း မရှိစေရဟု မာန်တင်းထားသူ ကျွန်မကျမှသုံးခါ ပြန်ရိုက်ရလေသည်။ ဘယ်အချိန်ထဆိုဆို အဆင်ချောနေသည့် (ကျွန်မအထင်) "ချစ်ရေစင်" သီချင်းအစပိုဒ်မှာပင် ကျွန်မ စိတ်ညစ်ရတော့သည်။

"ဆရာမရေ ကြူကြူသင်းဆိုတဲ့ နေရာမှာ အသံကလေး နစ်ဝင်သွားသလိုပဲ၊ ပြန်ဆိုပါဦး"

စက်ခန်းထဲမှာ ထုတ်လုပ်ရေးမှူး၏ညွှန်ကြားသံ။

ကိုယ့်ဘာသာကိုယ်လည်းသိသည်။ "ဟုတ်ကဲ့၊ ဟုတ်ကဲ့" ဟု တုံ့ပြန်ကာ အားမွေးရသည်။ မှားလျှင် စက်တွေရပ်၊ ဖလင်တွေပြန်ရစ်၊ မီးတွေပြန်ချိန်။ ရိုက်ကူးရေးအဖွဲ့သားများ အလွန်အလုပ်ရှုပ်ရသည်။ အားနာစရာကောင်းလှသည်။

ပြန်ရိုက်သည်။ အထူးဂရုစိုက်နေသည့်ကြားမှ စက်တွေ ရပ်သွားပြန်သည်။ မီးတွေလည်း မှိန်သွားသည်။ ဘာကြောင့်ပါလိမ့်။

"ဆရာမရေ စာသားလေးတွေ နည်းနည်းလွဲနေသလားလို့"

"အစ်မကြီး နေရောင်ခြည်မထိုးခင် မည့်ုိးလို့ခင်တွယ်၊ စင်ကြယ်စရာအလွန်ကောင်းတယ် ဖြစ်နေတယ်ဗျ"

ဆရာချိုလေးက အမှားကိုထောက်ပြသည်။ ဟင် ကျွန်မအဲသလိုကြီးမှားဆိုမိတာလား။ ဖြစ်ရလေနော်၊ ဒီလောက်ကျေညက်နေတဲ့ သီချင်းကို။ နေရောင်ခြည်မထိုးခင်မည့်ုိးလို့စင်ကြယ် ခင်တွယ်စရာအလွန်တင့်တယ်။ ခုတော့လည်း ချောလို့။

တကယ်တော့ အားပြင်း လင်းလက်လွန်းလှသည့် မီးတွေအောက်မှာ ကျွန်မ မနေတတ်။ ချွေးတွေလည်း ပြန်နေပြီ။ မတ်တပ်ရပ်နေရသည့် ခြေထောက်တွေကလည်း မခိုင်ချင်တော့သလိုလို။ မျက်နှာအနေအထား၊ မျက်နှာအကြည့်တွေကိုလည်း ဂရုစိုက်ရသေးသည်။ နည်းတဲ့ဒုက္ခမဟုတ်ပါလား။ နာရီကြည့်လိုက်မိတော့ ၃ နာရီခွဲလုပြီ။ ဘုရားရေ၊ ၄ နာရီမှာ ပြတ်ပါ့မလား။ စိတ်တွေလှုပ်ရှားလာပြန်သည်။

"ကဲ ကြိုးစားလိုက်ပါဦး ဆရာမ၊ ဒီတစ်ခါရမှာပါ"

ထုတ်လုပ်ရေးမှူးက အပြုံးမျက်နှာဖြင့် အားပေးသည်။ သူ့အပြုံးကိုကြည့်ရင်း ထိုအပြုံး၏အနက်အဓိပ္ပာယ်ကို သိလိုက်ရသလိုလို။

တော်သေးသည် သုံးကြိမ်မြောက်တွင် အောင်မြင်သွားသည်။

၄ နာရီထိုးရန် ၁၀ မိနစ်သာလိုတော့သည်။

အဖွဲ့သားအားလုံး၏ တိုးတိုးတိတ်တိတ်သက်ပြင်းခိုးချသံကို စုစည်းဖွင့်လိုက်လျှင် အဆောက်အအုံကြီး၏ ခေါင်မိုးပင် လွင့်ထွက်သွားလေမည်လားမသိ။

၁၉၈၆ နောက်ပိုင်းတွင် မဟာဂီတသီချင်းကြီးများကို ကျွန်မ ထဲထဲဝင်ဝင် လေ့လာမိသည်။ ကြိုးစားအားထုတ်သင်ယူပါသည်။ အမေဒေါ်ကြည်ကြည်ဝင်းနှင့် သမီးဖြစ်သူ ဆရာမဒေါ်တင့်တင့်ဝင်းတို့က စေတနာအပြည့်ဖြင့် ဂရုတစိုက် သင်ကြားပေးသည်။ အတီးဆရာများဖြစ်သည့် ဦးမောင်မောင်၊ ဦးအုန်းလွင်၊ ဦးဘုန်းနှင့် ဆရာကြီး စစ်ကိုင်းလှရွှေတို့ထံမှလည်း ပညာများစွာရသည်။

သင်ယူ၍မကုန်နိုင်၊ သီချင်းအမျိုးအစား အစုံအလင်ရပြီဟုမဆိုနိုင်သော်လည်း အရည်အချင်းစစ်သည့်သဘောဖြင့် မြန်မာ့အသံတွင် မဟာဂီတသီချင်းကြီး အပုဒ် ၃၀ ကျော် အသံသွင်းဖြစ်ခဲ့သည်။ ကြိုးစားအားထုတ်မှုကြောင့် သီချင်းကြီးအပုဒ် ၂၀ခန့် ဓာတ်ပြားရရှိသည်။ ထိုကြိုးစားအားထုတ်မှုထဲဝယ် မြန်မာ့အသံမှ ဂီတမှူးနှင့်အသံဖမ်းအဖွဲ့သားများ၏ ကူညီဖေးမမှုများက ရှေ့တန်းမှပါဝင်ကြောင်း ကျေးဇူးစကားဆိုရင်း မှတ်တမ်းတင်အပ်ပါသည်။

ကျေးဇူးစကားဆိုမိခြင်း၏ အဓိကအချက်မှာ မြန်မာတို့၏ မဟာဂီတသီချင်းများကို ထိန်းသိမ်းပေးရုံမျှသာမက ပြန့်ပွားအောင် ဖြန့်ဝေပေးခဲ့သည့် မြန်မာ့အသံ၏ တန်ဖိုးကြီးစွာ ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပါသည်။ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း၊ အသစ်တွေဘယ်လိုကောင်းကောင်း မူလလက်ဟောင်းဂန္ထဝင် မဟာဂီတနှင့် မြန်မာသံသီချင်းများက မြန်မာ့ဂီတယဉ်ကျေးမှု အမွေအနှစ် စစ်စစ်များဖြစ်၍ လေးစားမြတ်နိုးကြသူများ အားလုံးကိုယ်စား ကျွန်မကျေးဇူးစကား ဆိုပါရစေ။

"ကျေးဇူးတင်ပါတယ် မြန်မာ့အသံ"

# ထိရောက်ကောင်းမွန်သည့် အသိပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်သွားပါက အလုပ်ရှင်၊ အလုပ်သမားပြဿနာ ဖြစ်ပွားမှုများ လျော့နည်းစေမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြု၍ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသူ/သင်တန်းသား အရာထမ်းများ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ဥပဒေများ၊ နည်းဥပဒေများ ပိုမိုသိရှိရေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက စည်းကြပ်ဆောင်ရွက်နေသည့် ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ၊ နည်းဥပဒေ၊ ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်းအက်ဥပဒေ၊ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ၊ နည်းဥပဒေ၊ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ၊ နည်းဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေများကို အရာထမ်းများ ပိုမိုသိရှိနားလည်စေပြီး မွမ်းမံသင်တန်းများ ပြန်လည်သင်ကြားပို့ချပေးနိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ဦးစီးဌာနများမှ စည်းကြပ်သည့် ဥပဒေများ၊ နည်းဥပဒေများအပြင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနရုံးဖွင့်လှစ်ရခြင်းမရှိသေးသည့် မြို့နယ်များတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက မြို့နယ်တာဝန်ခံများ အနေဖြင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အတွင်းရေးမှူး တာဝန်ယူဆောင်ရွက်ရပြီး ဌာနတစ်ခုတည်းက ဖြေရှင်း၍မရသည့် အလုပ်သမား အငြင်းပွားမှုကို ပေါင်းစပ်ညှိနှိုင်းရမှုများရှိသည့်အတွက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရသည့်ဌာနများ၏ ဥပဒေများ၊ နည်းဥပဒေများကိုလည်း သိရှိနားလည်ရန် လိုအပ်ပါကြောင်း။

ယခုဖွင့်လှစ်မည့် သင်တန်းတွင် အလုပ်သမားလျော်ကြေးငွေများ ရရှိအောင်ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ အနည်းဆုံးအခကြေးငွေကို သတ်မှတ်ထားသည့်နှုန်းအတိုင်းရရှိအောင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ EC စာချုပ်ချုပ်ဆိုခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ရရှိမည့် အကျိုးကျေးဇူးများ၊ စာရင်းအင်းအရေးပါမှုနှင့် လုပ်သားဆိုင်ရာစာရင်းအင်းများ ကောက်ယူမှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာ စည်းမျဉ်းစည်းကမ်းများ၊ ငွေစာရင်းထိန်းသိမ်းရေးဆိုင်ရာအချက်များ၊ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ အလုပ်သမားရေးရာနှင့် ILO ရေးရာကိစ္စရပ်များ၊ အလုပ်ခန့်ထားမှုဆိုင်ရာကိစ္စရပ်များ၊ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မိတ်ဖက်ဌာနများမှလည်း အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည့် နည်းလမ်းများနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း။

### ယုံကြည်ကိုးစားမှုကို ရရှိမည်ဖြစ်

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်ရှိသည့် အရာထမ်းများအနေဖြင့် ယခုသင်တန်းက ဆွေးနွေးပို့ချမှုများကို လေ့လာမှတ်သားကာ လက်တွေ့မြေပြင်မှာ ကြုံတွေ့နေရသည့် အလုပ်ရှင်၊ အလုပ်သမားပြဿနာများ၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပါက ပိုမိုကောင်းမွန်သည့် ရလဒ်များရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ရှေ့ဆက်လက်၍ အလုပ်သမားရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်ပြီး ထိရောက်ကောင်းမွန်သည့် အသိပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်သွားပါက အလုပ်ရှင်၊ အလုပ်သမားပြဿနာ ဖြစ်ပွားမှုများ လျော့နည်းစေလာမည်ဖြစ်ကာ တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်အခြေအနေများကို ပေါ်ပေါက်လာပြီး အလုပ်ရှင်၊ အလုပ်သမားများနှင့် ဒေသအသီးသီးရှိ အစိုးရအဖွဲ့များ၏ ယုံကြည်ကိုးစားမှုကို ရရှိမည်ဖြစ်ပါကြောင်း။

အရာထမ်းများအနေဖြင့် နည်းပညာပြောင်းလဲတိုးတက်လာမှုကြောင့် လုပ်ငန်းကျွမ်းကျင်မှုရှိရုံသာမက နည်းပညာများကိုအသုံးချပြီး အလုပ်သမားများကို အသိပညာများ ဖြန့်ဝေပေးနိုင်ရန်၊ စိန်ခေါ်မှုများကို ကြိုးစားရင်ဆိုင်၍ မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကိုလေ့လာ၍ ခေတ်စနစ်နှင့်အညီ အလုပ်သမားရေးရာ ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်၍ သေချာသိရှိနားလည်ထားနိုင်ရန် လိုအပ်သည့်အတွက် ဂရုတစိုက်လေ့လာသင်ယူမှတ်သားကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆိုပါသင်တန်းကို Online မှ ရက်သတ္တပတ် နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Online မှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် ခရီးသွားလုပ်ငန်း အခြေအနေများအပေါ် သုံးသပ်ပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံစိတ်ချရသည့် ခရီးစဉ်ဒေသအဖြစ် ယုံကြည်လက်ခံလာစေရန် ဆောင်ရွက်ထားရှိသည့် အစီအစဉ်များ၊ Health & Safety Protocol ကို promote လုပ်၍ Social Media, Google marketing, email marketing စသည့် Digital နည်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကာ Marketing နှင့် Promotion လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားလုပ်ငန်း ပြန်လည်စတင်လုပ်ကိုင်နိုင်ရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ - ဥရောပ၊ မြန်မာ-အာဆီယံ၊ မြန်မာ - ဂျပန်၊ မြန်မာ-ကိုရီးယားနှင့် မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများက ဦးတည်ဈေးကွက်များအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က နိုင်ငံတကာ ခရီးသွားပြပွဲများအတွက် ဘတ်ဂျက်လျာထားချက်နှင့် နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်သည့်အခါ အဆင်သင့်ဖြစ်စေရေးအတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များအနေဖြင့် ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ထားရှိရန် ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များက ဈေးကွက်အလိုက် ဆောင်ရွက်မည့် တင်ပြမှုများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံအတွက် နှလုံးနှိုးစက်နှင့် မွေးကင်းစကလေး အနွေးပေးစက်ဝယ်ယူရန် အလှူငွေများလှူဒါန်း

**ကျောက်မဲ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် နှလုံးနှိုးစက်နှင့် မွေးကင်းစကလေး အနွေးပေးစက် တစ်စုံစီ ဝယ်ယူရန်အတွက် ဒေသခံ အလှူရှင်များက အလှူငွေများကို ဇန်နဝါရီ ၂၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် ကျောက်မဲခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မိုးထွန်း တို့က လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ ဝယ်ယူမည့် နှလုံးနှိုးစက်တန်ဖိုးမှာ တစ်စုံလျှင် ငွေကျပ် သိန်း ၅၀၊ မွေးကင်းစကလေး အနွေးပေးစက်တစ်စုံလျှင် ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၇၀ ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါစက်များဝယ်ယူရန် ဒေသခံ အလှူရှင် ၂၀ က ယနေ့တွင် ငွေကျပ် ၆၄ သိန်း လှူဒါန်းထားကြောင်း သိရသည်။

အလားတူ ကျောက်မဲမြို့နယ်၏ ပထမဦးဆုံး ကျောက်ကပ်သန့်စင် (စက်ခြောက်လုံးဆံ့) ကုသဆောင် အဆောက်အအုံကို ရပ်နီး /ရပ်ဝေး အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဒီဇင်ဘာလမှစ၍ ဆောက်လုပ်နေပြီး ကျောက်ကပ်သန့်စင် စက်လေးလုံး အလှူခံရရှိပြီးဖြစ်ကြောင်း ကျောက်ကပ်သန့်စင်ကုသဆောင်ဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်မောင်ဦးက ပြောသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍအတွက် ပထမသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ဒုတိယ၊ တတိယသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန၊ လုပ်ငန်းနှင့် ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများသည် ရုံးအမှတ်(၂၇)မှ တက်ရောက်ကြပြီး တည်ဆောက်ရေးညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပေးစက်ရုံမှူးများနှင့် ဓာတ်အားခွဲရုံမှူးများသည် သက်ဆိုင်ရာဒေသမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ဖြန့်ဖြူးပေးလျက်ရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တာဝန်မှာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းပြည့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံး၏ ၅၈ ရာခိုင်နှုန်းခန့် ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် မိမိတို့၏ရည်မှန်းချက် ပြည့်မီရုံသာကမ ကျော်လွန်နေပြီဖြစ်ပါကြောင်း၊ ယခင်မိမိတို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (Generation Mix) တွင် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ကိုသာ အခြေခံ၍ ထုတ်လုပ်ခဲ့သော်လည်း ယခုအခါ LNG to Power စီမံကိန်းများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ရာ အဆိုပါစက်ရုံများမှလည်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက်ရှိသဖြင့် Surplus Power ရရှိခဲ့ပါကြောင်း၊ အများဆုံးဓာတ်အားအသုံးပြုမှု (Peak Load) မဂ္ဂါဝပ် ၃၈၀၀ ရှိသည့်အချိန်တွင်ပင် Generation Reserve Power များ ရရှိခဲ့ပါကြောင်း၊ မိမိတို့ရည်မှန်းချက်ဖြစ်သော လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး ရည်မှန်းချက်များကို ပြည့်မီရန်အတွက် တစ်နေ့လျှင် ကျေးရွာပေါင်း ၁၀ ရွာမှ ၁၅ ရွာခန့်အထိ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးရန်နှင့် တစ်နှစ်လျှင် မီတာအလုံးရေ လေးသိန်းမှ ငါးသိန်းခန့်အထိ တိုးချဲ့တပ်ဆင်ပေးရန် လိုအပ်မည်ဖြစ်သဖြင့် ယင်းရည်မှန်းချက်များကို ပြည့်မီအောင် စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးသည်လည်း အရေးပါလျက်ရှိပါကြောင်း။

### အထောက်အကူဖြစ်စေမည်

သို့ဖြစ်၍ မိမိတို့၏ သက်ဆိုင်ရာဒေသနှင့် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အသီးသီးရှိရာ တင်ဒါခေါ်ယူသည့် အချိန်မှစတင်၍ တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့် အရည်အသွေးစစ်ဆေးထိန်းသိမ်းခြင်းတို့တွင် အစီအစဉ်များ စနစ်တကျချမှတ်၍ ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကိုလည်း သတ်မှတ်လျာထားချက်များအတိုင်း စနစ်တကျ အလေအလွင့်မရှိ သုံးစွဲဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယခင်က တင်ဒါအောင်မြင်ခဲ့သည့် ပုဂ္ဂလိကကုမ္ပဏီများကို လုပ်ငန်းတစ်ရပ်လုံးပြီးစီးမှသာ ငွေပေးချေသည့်စနစ်ကို ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပြီးစီးသော လုပ်ငန်းအလိုက် သတ်မှတ်အရည်အသွေးများကို တိုင်းတာစစ်ဆေးပြီး ငွေပေးချေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများသည် သက်ဆိုင်ရာပြည်သူများထံသို့ ရောက်ရှိပြီး ငွေကြေးလည်ပတ်စီးဆင်းမှု ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကာလတွင် ပြည်သူလူထုအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို အကျိုးရှိစွာ စီမံခန့်ခွဲရေးသည် မိမိတို့၏ ဝန်ကြီးဌာနတွင်လည်း တာဝန်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိစေရေး ရည်မှန်းချက်ကို အောင်မြင်စေရန် အထူးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ တည်ဆောက်ရေး ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ဒုတိယနှင့် တတိယသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဦးစီးဌာန/လုပ်ငန်း အသီးသီး၏ တင်ဒါခေါ်ယူကာ ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာငွေ သုံးစွဲအကောင်အထည်ဖော်မှုများကိုလည်းကောင်း တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

# လားရှိုးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် အမျိုးသမီးများသင်တန်းအတွက် အမေရိကန်အစိုးရကလှူဒါန်းသော အထောက်အကူပြုပစ္စည်းများ လက်ခံရရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

**လားရှိုးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် ဖွင့်လှစ်မည့် အမျိုးသမီးများ ပြန်လည်ထူထောင်ရေး သင်တန်းအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ Virtual Meeting ဖြင့် ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးအနေဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်) နှင့် ပြန်လည်ထူထောင်ရေးစခန်း (ဖယ်ခုံ) တို့အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် ဆေးခန်းသုံးပစ္စည်းများကို ၂၀၁၉ ခုနှစ်အတွင်း ပထမအကြိမ် လှူဒါန်းပေးခဲ့ပါကြောင်း၊ ယနေ့အခမ်းအနားတွင် လားရှိုးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်မည့် အမျိုးသမီးများ ပြန်လည်ထူထောင်ရေးသင်တန်းအတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းများ လှူဒါန်းပေးသည့်အတွက် အမေရိကန်အစိုးရနှင့် အမေရိကန်ပြည်သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခင်က ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်း ကိုးခုရှိရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ရွှေပြည်အေး၊ ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုကို လွှဲပြောင်းလက်ခံခဲ့ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေး စခန်း သုံးခုကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ခဲ့သောကြောင့် ယခုအခါ စခန်း (၁၄) ခု ရှိပြီဖြစ်ကြောင်း၊ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို သင်တန်းကာလ သုံးလဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို သင်တန်းကာလ ရက်ပေါင်း ၄၀ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလာချိန်မှစ၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လူ ၃၀ ထက် မပိုစေဘဲ ပြန်လည်ထူထောင်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ သောမတ်စ် လာ့ဗ်လို ဗိုင်ဒါက အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် မူးယစ်ဆေးစွဲခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ မူးယစ်ဆေးစွဲပြဿနာကြောင့် မိသားစုနှင့် ဒေသစီးပွားရေးကိုလည်း ထိခိုက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲမှုမြင့်တက်လာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း အလားတူဖြစ်စဉ်များ ရင်ဆိုင်နေရသည်ကိုကြားသိရပါကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ရပ်အခြေပြု ပြန်လည်ထူထောင်ရေး အစီအစဉ်အဖြစ် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ကျား၊ မ မခွဲခြားဘဲ ပြန်လည်ထူထောင်မှု ပေးနိုင်ရေးသည် အဓိကကျပါကြောင်း၊ အမျိုးသမီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်မည့် အမျိုးသမီးများ ပြန်လည်ထူထောင်ရေး သင်တန်းအတွက် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ရခြင်းကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် Department of State's Bureau of International Narcotics and Law Enforcement မှ Director Mr. Ryan McKean က ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းသည် အမေရိကန်အစိုးရနှင့် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံသဘောတူစာချုပ် (၂၀၁၇) ၏ အကျိုးဆက်ဖြစ်ပါကြောင်း၊ ပူးပေါင်း ဆောင်ရွက်မှုများကို ရှေ့ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သုတေသနကို အခြေခံသော ပြန်လည်ထူထောင်ရေး အစီအစဉ်များတွင် ကူညီလက်တွဲဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် Mr. Ryan McKean တို့က အထောက်အကူပြုပစ္စည်းများ လွှဲပြောင်း/ လက်ခံခြင်း မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသူများအား လားရှိုးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း အဆောက်အအုံနေရာ၊ အဆောင်များနှင့် ထောက်ပံ့ပစ္စည်းများကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များနှင့် မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၂

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ မချမ်းဘောမြို့နှင့် နန်းယွန်းမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် မိုးကောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဆေးပညာနှီးနွှယ်တက္ကသိုလ် (၇) ခု၏ နောက်ဆုံးနှစ် (၁/၂၀၂၀) (ပုံမှန်) သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် သင်ကြားရေးစနစ် ပိုမိုကောင်းမွန်စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ဆေးပညာနှီးနွှယ် တက္ကသိုလ် (၇) ခု၏ နောက်ဆုံးနှစ် (၁/၂၀၂၀) (ပုံမှန်) သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် သင်ကြားရေးစနစ် ပိုမိုကောင်းမွန်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆေးပညာရှင်များနှင့် ဆေးပညာနှီးနွှယ်ပညာရှင်များဖြစ်သည့် သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များ၊ ဆေးဝါးပညာရှင်များနှင့် အခြေခံကျန်းမာရေးပညာရှင်များ ပူးပေါင်းဆောင်ရွက်ရသဖြင့် ယင်းပညာရှင်များ မပြတ်လပ်စေရန် လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆေးပညာနှီးနွှယ် တက္ကသိုလ် (၇) ခုကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသော အရေးကြီးသည့် ညှိနှိုင်းဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ် တစ်ခုနှင့်တစ်ခုအကြားတွင်လည်းကောင်း၊ ဘာသာရပ်တူ ဌာနအချင်းချင်းတွင်လည်းကောင်း ချိတ်ဆက်မှုများ၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်နိုင်ရေး ဆောင်ရွက်ကြစေလိုပါကြောင်း။

## နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်

သူနာပြုတက္ကသိုလ်များ၊ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့ရှိ ဆရာ ဆရာမများအနေဖြင့် အင်တာနက်ကွန်ရက်အသုံးပြုကာ ဆွေးနွေးမှုများကို နှစ်လလျှင် တစ်ကြိမ်ခန့် ပုံမှန်ပြုလုပ်ပြီး အတွေ့အကြုံများ မျှဝေစေလိုပါကြောင်း၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များတွင် အသုံးပြုလျက်ရှိသော သင်ကြားမှုနည်းစနစ်များ၊ သင်ရိုးညွှန်းတမ်းများ၊ ဆန်းစစ်မှုနည်းစနစ်များကို လေ့လာသုံးသပ်ကာ မိမိတို့ဝန်ကြီးဌာနရှိ တက္ကသိုလ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဖြစ်နိုင်ပါက မျှော်မှန်းရလဒ် အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း (outcome based integrated curriculum) သင်ရိုးညွှန်းတမ်းပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ပညာရပ်အလိုက် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုများကိုလည်း ယခုထက် ပိုမိုအရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်စေလိုပါကြောင်း။

ဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခု၌ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ညှိ့ပါမောက္ခများနှင့် ကထိကများ ပိုမိုခန့်ထားရန်နှင့် ယင်းပါမောက္ခများနှင့် ကထိကများက ကျောင်းသားကျောင်းသူများကို သင်ကြားလေ့ကျင့်စေလိုပါကြောင်း၊ တက္ကသိုလ်တစ်ခုချင်းအလိုက် အကြောင်းအရာလမ်းညွှန်များကိုလည်း အမြန်ဆုံးပြုစုစေလိုပါကြောင်း၊ သုတေသနပြုလုပ်သည့် အလေ့အကျင့်ယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရန် သုတေသနဆိုင်ရာ သင်ခန်းစာများကိုလည်း ပထမနှစ် သင်တန်းများမှစတင်ကာ ထည့်သွင်းသင်ကြားစေလိုပါကြောင်း၊ သုတေသန ခေါင်းစဉ်များကို စုစည်းထားသည့် သုတေသနခေါင်းစဉ်ဘဏ်ကိုလည်း တက္ကသိုလ်အလိုက် ထားရှိစေလိုပါကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်ရှိ ပညာရပ်ဘာသာအလိုက် ကိုက်ညီသည့် ကျန်းမာရေး စာရင်းအင်းပညာ သင်ခန်းစာများကို မဖြစ်မနေ ထည့်သွင်းသင်ကြားရမည် ဖြစ်ပါကြောင်း။

## အခြေခံကွန်ပျူတာ အသုံးချမှု

ပညာရပ်ဆိုင်ရာ ကျင့်ဝတ်များဖြစ်သော သူနာပြုကျင့်ဝတ်၊ ဆေးဝါးပညာရှင်ကျင့်ဝတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရှင် ကျင့်ဝတ်နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များကိုလည်း ကျောင်းသားကျောင်းသူများ ပိုမိုနားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးစေရန် ပျိုးထောင်ပေးစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခု၌ မည်သည့်ဘာသာရပ်ကိုမဆို သင်ကြားပို့ချရာတွင် အချိန်ပြည့်သင်ကြားပို့ချခြင်း တစ်မျိုးတည်းမဟုတ်ဘဲ အပြန်အလှန် မေးမြန်းဆွေးနွေးနိုင်ရန် အချိန်ကို မဖြစ်မနေထည့်သွင်းထားရမည်ဖြစ်ပါကြောင်း၊ စာသင်ခန်းထဲတွင် သင်ကြားခြင်းသာမက ကိုယ်တိုင်စာကြည့်တိုက်မှ ပညာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းများကို ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် သင်ကြားမှုပုံစံစနစ်ကို ပြောင်းလဲရမည့်အပြင် အခြေခံကွန်ပျူတာ အသုံးချမှုကိုလည်း သင်ရိုးညွှန်းတမ်း၌ ထည့်သွင်းရေးဆွဲထားရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ သည် ဆက်လက်ရှိနေဦးမည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခုတွင် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ပိုမိုအသုံးချကာ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာသုံး သင်ကြားသင်ယူမှု၊ အတန်းတွင်းလေ့ကျင့်ခန်းများ ပြုလုပ်မှုနှင့် စာမေးပွဲ စစ်ဆေးမှုများ စသည်ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းဘက်စုံအတွက် စနစ်တစ်ရပ်ပေါ်ပေါက်လာစေရေး တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေး ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် တက္ကသိုလ်များ၏ အင်တာနက်စာမျက်နှာများတွင် ဆေးနှင့် ဆေးပညာနှီးနွှယ်ဘာသာရပ်အလိုက် ပညာရပ်သင်ကြားမှု ရုပ်သံ (video lecture) များ ရိုက်ကူးထုတ်လွှင့်ထားလျက်ရှိရာ ယခုထက်ပိုမိုများပြား စုံလင်စေရန်အတွက် တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများက အချင်းချင်းတိုင်ပင်ညှိနှိုင်းမှုများပြုလုပ်ပြီး သင်ခန်းစာ အကြောင်းအရာခေါင်းစဉ်များ ခွဲဝေရိုက်ကူးကြစေလိုပါကြောင်း။

## ပံ့ပိုးပေးသွားမည်ဖြစ်

တက္ကသိုလ်များရှိ သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှု ဘုတ်အဖွဲ့ဝင်များနှင့် ဆရာဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု မွမ်းမံသင်တန်းများ ပိုမိုပြုလုပ်နိုင်ရန် ဝန်ကြီးဌာနမှ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ တိုင်ပင်ဆွေးနွေးပြီး အစီအစဉ်ရေးဆွဲကာ ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်နေသည့် ဆေးပညာ နှီးနွှယ်ပညာရှင်များအတွက် certificate သင်တန်းများကိုလည်း ပြုလုပ်စေလိုပါကြောင်း၊ ပါမောက္ခချုပ်များအနေဖြင့်လည်း မိမိတို့၏ တက္ကသိုလ် ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပုံရိပ်မြှင့်တင်ရေး၊ တက္ကသိုလ်ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံစေရေးအတွက် ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ကျောင်းသားကျောင်းသူများ၏ အမြင်များကို ရယူခြင်းဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံးဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာတင်ထွန်းက ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ နောက်ဆုံးနှစ် (၁/၂၀၂၀) သင်တန်းများ ကျောင်းသား ကျောင်းသူများ နေထိုင်ရန် အဆောင်များ စီစဉ်ထားမှု၊ အတန်းတင်စာမေးပွဲကို အဆိုပါကာလ၌ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေများနှင့်အညီ အသင့်တော်ဆုံးပုံစံဖြင့်ဆောင်ရွက်ရန် အစီအစဉ်များ၊ တက္ကသိုလ်အလိုက် နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူအရေအတွက်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တက်ရောက်မည့် အရေအတွက်နှင့် ကြိုတင်အစည်းအဝေးများ ပြုလုပ်ထားကာ စီမံချက် (မူကြမ်း) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

## သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်ရေး

ထို့နောက် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)၊ ဆေးဝါးတက္ကသိုလ် (မန္တလေး)၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ သူနာပြုတက္ကသိုလ် (မန္တလေး) နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) တို့မှ ပါမောက္ခချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်မှတစ်ဆင့် တက္ကသိုလ် အလိုက် နောက်ဆုံးနှစ် (၁/၂၀၂၀) (ပုံမှန်) သင်တန်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆောင်ရွက်သွားမည့် အစီအစဉ်၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ထားရှိမှုများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အမြန်ဆုံးတင်ပြအတည်ပြုချက် ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံချက်များကို ဆောင်ရွက်မည့်အချိန်ကာလနှင့်တကွ စနစ်တကျရေးဆွဲထားသည်ကို တွေ့ရပါကြောင်း၊ သင်ကြားလေ့ကျင့်ရာတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်မှုအပြင် ကျင့်ဝတ်လိုက်နာ ဆောင်ရွက်နိုင်မှု၊ ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်နိုင်မှု၊ အပြုသဘောဆောင်ရွက်နိုင်မှု၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်တတ်မှု၊ အသင်းအဖွဲ့စိတ်ရှိမှု၊ ရှေ့သို့ မျှော်မှန်းဆောင်ရွက်တတ်မှု အစရှိသည့် အရည်အသွေးများ ရရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပထမအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

**ပထမအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (1st ASEAN Digital Senior Officials' Meeting- 1st ADGSOM) ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ဆက်သွယ်ရေး) အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေနှင့် တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။**




အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာ အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ ICT Center နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးကြသည်။ ဇန်နဝါရီ ၂၀ ရက်တွင် ဆွေးနွေးဖက်နိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနချုပ် (ITU) နှင့် ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် ASEAN ICT Work plan ၂၀၂၁ အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ ASEAN Digital Masterplan 2020 (ADM 2020) Final Review ဆောင်ရွက်ပြီးစီးမှုအား အတည်ပြုခြင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနချုပ် (ITU) နှင့် ဥရောပနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ASEAN Digital Masterplan 2025 (ADM 2025) အား 1st ASEAN Digital Ministers' Meeting (ADGMIN 1) တွင် တင်ပြအတည်ပြုနိုင်ရန် ဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်ဆောင်ရွက်သည့် စီမံကိန်းများ ပြီးစီးမှုနှင့် ဆောင်ရွက်မှုအခြေအနေများ တင်ပြဆွေးနွေးခြင်း၊ ASEAN Digital Ministers' Meeting (ADGMIN) ၏ ထောက်ခံချက် ရယူရန်ရှိသည့် စီမံကိန်းများ၊ အာဆီယံ အိုင်စီတီ ရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် အခြားဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ


နော်ဆိုင်းကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီခွဲက မံစီမြို့နယ် ဟန်ထက်- မိုင်းခေါင် ကျေးရွာသွားလမ်း ဟန်ထက်ကျေးရွာ အနီးတွင် နော်ဆိုင်း မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၇၆ ကီလို ကိုလည်းကောင်း၊ ထို့အတူ ဇန်နဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက မင်္ဂလာဒုံမြို့နယ် အမှတ်(၂)(ခ) ရပ်ကွက် ဆရာစံလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မလှမူအား စစ်ဆေးရှာဖွေရာ အိုက်စ် ၁ ဒသမ ၉၇၅ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၅) ရပ်ကွက် ဘောဂမြိုင်လမ်းရှိ မိုတယ်အခန်း အမှတ် (၄၀၂)သို့ ဝင်ရောက် ရှာဖွေရာ သက်မင်းစိုး(ခ)ကိုသက်နှင့် မသီတာထွေးတို့အား တွေ့ရှိရ၍ ၎င်းတို့ထံမှ အိုက်စ် နှစ်ကီလို၊ ဆိုင်ကယ် တစ်စီးတို့ကိုလည်းကောင်း၊ အလားတူ ထိုနေ့ ညနေ ၅ နာရီက ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု လွယ်မန့်ကျေးရွာအနီးတွင် ထွန်းဦး (ခ) သီးနုံ မောင်းနှင်ကာ စောမြတ်လင်း (ခ) ကိုငယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းစိမ်း ၀ ဒသမ ၃ ကီလို တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် ပန်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပန်မြို့နယ် ပန်လုံမြို့ အမှတ်(၇)ရပ်ကွက်နေ မအေးမန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနွေးထည်အင်္ကျီနှင့် နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၀ နှင့် ဘိန်းစိမ်း ၀ ဒသမ ၂၂၈ ကီလို တို့ကိုလည်းကောင်း။

အလားတူ ထိုနေ့ နံနက် ၈ နာရီတွင် မိုင်းပွန် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ နားယမ်းကျေးရွာအုပ်စု တိပေးကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ခွန်မောင်တုတ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၄၂၂ ပြားနှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၄ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အသွားအလာကန့်သတ်သည့်နေရာ ဝင်ရောက်ရန် ပျက်ကွက်သူအား အမှုဖွင့်အရေးယူ

**ပျဉ်းမနား ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မှ ပြန်လာသူ တင်မျိုးလွင် (၁၉ နှစ်) ကူးတို့ဆိပ်ကျေးရွာအုပ်စု ပျဉ်းမနားမြို့နေသူသည် နေပြည်တော်အဝင်၊ တောင်ညိုကျန်းမာရေးဂိတ်မှ ကျန်းမာရေးဌာနတွင် သတင်းပေးပို့ခြင်း၊ ဆေးစစ်ဆေးခြင်းတို့မပြုလုပ်ဘဲ တရားမဝင်အခြားလမ်းကြောင်းမှ ဝင်ရောက်ခဲ့ကာ ၎င်းနေထိုင်ရာ ကူးတို့ဆိပ်ကျေးရွာအုပ်စု ပျဉ်းမနားမြို့ နေအိမ်၌ မိမိသဘောဖြင့် နေထိုင်ခဲ့သည်။

၎င်းအား နေပြည်တော် ရွာတော်ရှိ အသွားအလာကန့်သတ်သည့်နေရာ (ကွာရန်တင်းစင်တာ)သို့ ဇန်နဝါရီ ၂ ရက်မှ ၁၆ ရက်အထိ ဝင်ရောက်ရန် ကျန်းမာရေးဌာနမှ ညွှန်ကြားခဲ့ရာ ကျန်းမာရေး စစ်ဆေးမှုများခံယူခဲ့သော်လည်း အသွားအလာကန့်သတ်သည့်နေရာ (ကွာရန်တင်းစင်တာ) မှ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူ တင်မျိုးလွင်အား ဥပဒေအရ အရေးယူပေးပါရန် ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်ကျော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပျဉ်းမနားမြို့ ရွာကောက်နယ်မြေ ရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အမာခံကစားသမားများအား သက်တမ်းတိုး

**ရန်ကုန် ဇန်နဝါရီ ၂၂**

MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၂ ရာသီ မတိုင်မီ အမာခံကစားသမားများအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ ရာသီကုန်တွင် စာချုပ်ကုန်ဆုံးခဲ့သူများအနက် အချို့ကို ထွက်ခွာခွင့်ပြုခဲ့ပြီး အမာခံကစားသမားများအား ဆက်လက်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားများဖြစ်သည့် နောက်ခံလူ နန္ဒကျော်နှင့် ဟိန်းဖြိုးဝင်း၊ ဂိုးသမား မျိုးမင်းလတ်တို့ကို နှစ်နှစ်သက်တမ်းတိုးခဲ့ခြင်းဖြစ်ကာ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား မက်ဆီမင်ကိုမူ တစ်ရာသီ သက်တမ်းတိုးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကျန်ရှိသည့် ကစားသမားများကိုလည်း သက်တမ်းတိုးရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပြည်တွင်းကစားသမား လေးဦး၊ ပြည်ပကစားသမား တစ်ဦး ခေါ်ယူထားပြီး ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်း ကစားသမားများအဖြစ် ရောဝတီအသင်းမှ သီဟဇော်၊ ကျော်ဇင်လွင်၊ မကွေးအသင်းမှ စိုးလွင်လွင်၊ ရန်ကုန်အသင်းမှ သန်းပိုင်၊ နိုင်ငံခြားသား ကစားသမားအဖြစ် ရောဝတီအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်မှူး ဆာဆက်တို့ကို ခေါ်ယူထားသည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**


ရှမ်းယူနိုက်တက် အသင်းနှင့် သက်တမ်းတိုးခဲ့သည့် နန္ဒကျော်။

# ရေးမြို့တွင် မော်တော်ယာဉ်တစ်စီး ရေးမြစ်ထဲ ထိုးကျ၍ လိုက်ပါစီးနင်းသူ နှစ်ဦးသေဆုံး

**ရေး ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ရေးမြို့တွင် ရန်ကြီးအောင်ရပ်ကွက် လေညှင်းသာလမ်းအတိုင်း ကမ်းနားလမ်းဘက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီး အရှိန်လွန်ပြီး ရပ်ထားသော ဆိုင်ကယ်အား ဝင်ရောက်တိုက်မိကာ ရေးမြစ်ဘေး ကာရံထားသော သံဝရန်တာကို ဆက်လက်တိုက်မိ၍ ရေးမြစ်အတွင်းသို့ ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်က ထိုးကျသွားသည်။

ထိုးကျသွားသည့် ယာဉ်သည် ဟွန်ဒါဖစ်အမျိုးအစားယာဉ်ဖြစ်ကာ ယာဉ်မောင်းသူနှင့်အတူ လိုက်ပါစီးနင်းသူတို့အား ကယ်ဆယ်ရေးအဖွဲ့များဖြင့် ဝိုင်းဝန်းဆယ်ယူခဲ့ရာ ဒဏ်ရာများနှင့်အတူ ရေမွန်းသေဆုံးနေပြီး ၎င်းတို့ နှစ်ဦး၏ နေရပ်လိပ်စာကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဝက်လက်မြို့နယ် ရွှေဘို- မန္တလေးကားလမ်း၌ ပိုက်ဆံအိတ် ဆွဲယူထွက်ပြေးမှုဖြစ်ပွား

**ဝက်လက် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆိုင်ကယ်စီးလာသူ အမျိုးသမီးနှစ်ဦးထံမှ ပိုက်ဆံအိတ်ကို ဆွဲယူထွက်ပြေးမှု ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဝက်လက်မြို့နယ်တွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က တရားလိုဖြစ်သူ မမိုးနှင်းဝေ (၃၀ နှစ်) စိုင်နိုင်ကြီးကျေးရွာ ဝက်လက်မြို့နယ် နေသူသည် အစ်မတစ်ဝမ်းကွဲတော်စပ်သူနှင့် ရွှေဘိုမြို့မှအပြန် ငွေကျပ် ၁၀၀၅၀၀၀ နှင့် အနီရောင်လက်ကိုင်ဖုန်းတစ်လုံးပါရှိသည့် လက်ကိုင်အိတ်ကို ရွှေဘို- မန္တလေးကားလမ်းပေါ် စိုင်နိုင်ကြီးကျေးရွာအနီးအရောက်တွင် အမျိုးသားနှစ်ဦးမှ ဆိုင်ကယ်မောင်းသူ (၄၀ နှစ်) ခန့် နောက်ထိုင်သူမှာ ၃၀ ကျော်ခန့်တို့နှစ်ဦးသည် အိတ်ကိုဆွဲယူကာ မန္တလေးဘက်သို့ မောင်းနှင်ထွက်ပြေးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိရေး ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

▼ *ကျော်ဖုံးမှ*

ကလည်း အငှားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

စပိန်အခြေစိုက်သတင်းများတွင် အိုဒီဂတ်အနေဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်နေကြောင်း ဖော်ပြထားသည်။ အာဆင်နယ်အသင်းကွင်းလယ်၌ ကစားလျက်ရှိသော စီဘယ်လော့စ်သည် ရီးရဲမက်ဒရစ်အသင်းမှ အငှားခေါ်ယူထားသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် အိုဒီဂတ်အနေဖြင့် စီဘယ်လော့စ်ရှိရာ အာဆင်နယ်သို့ ပြောင်းရွှေ့ရောက်ရှိလာမလား စိတ်ဝင်စားဖွယ်ရာပင်။

အိုဒီဂတ်သည် ယခုနှစ်ရာသီ နည်းပြဇီဒန်းလက်အောက်၌ ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းသည် ယခုနှစ်ရာသီ ရီးရဲမက်ဒရစ်အသင်းအတွက် ကိုးပွဲအပါအဝင် ပြိုင်ပွဲအရပ်ရပ် ၁၁ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ပြီး ဂိုးသွင်း ယူထားနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ အိုဇေးလ်သည် အလွတ် ပြောင်းရွှေ့ကြေးနှင့်အတူ သုံးနှစ်ခွဲစာချုပ်ဖြင့် တူရကီကလပ် ဖီနာဘာချီ အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ရန် အစ္စတန်ဘူလ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ၎င်းသည် အစ္စတန်ဘူလ်၌ တူရကီနိုင်ငံ၏ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ သွားလာကန့်သတ်မှု ခံယူရန် ရောက်ရှိနေကြောင်း သိရသည်။

ထို့အပြင် အာဆင်နယ်အသင်းမှ အခြားသော ကစားသမားများဖြစ်သည့် ဆိုကရေးတစ်၊ ကိုလာစီနက်နှင့် ဆာလီဘာတို့သည် အငှားထွက်ကစားဖွယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် အာဆင်နယ်နည်းပြ အာတီတာသည် အိုဒီဂတ်ကို ယခုအပြောင်းအရွှေ့ကာလအတွင်း အသင်းသို့ခေါ်ယူရန် ရည်ရွယ်နေခြင်းဖြစ်သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၅ မှတ်သာ စုဆောင်းထားနိုင်သေးသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် နောက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် ငါးပွဲအထိ အနိုင်ရရှိပြီး တစ်ပွဲသရေကျထားသည့်အတွက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပေ။ အာတီတာ၏ အာဆင်နယ်အသင်းသည် ယနေ့ညတွင် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ် ကလပ်ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသတင်းတစ်ရပ်တွင် အာဆင်နယ်အသင်းသည် အသင်းမှ စမစ်ရိုဝီကို တစ်ပတ်လုပ်အားခ ပေါင် ၄၀၀၀၀ ဖြင့် ကာလရှည် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် လက်ရှိ အာဆင်နယ်အသင်းတွင် တစ်ပတ်လုပ်အားခ ပေါင် ၁၅၀၀၀ သာရရှိနေသူဖြစ်သည်။

**အောင်ဇော်**

✻ *ကျော်ဖုံးမှ*

လီဗာပူးနည်းပြ ဂျာဂျန်ကလော့ဂ်သည် တိုက်စစ်အပြောင်းအလဲဖြင့် ဖာမီနိုနှင့် ဆာလက်တို့ကို လူစားလဲမှုများ ပြုလုပ်လာသည်။ ဘန်လေအသင်းသည် တန်ပြန်တိုက်စစ်မှ ပွဲချိန် ၈၃ မိနစ်တွင် ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး တိုက်စစ်မှူး ဘားနက်စ်က အမှားအယွင်းမရှိ သွင်းယူနိုင်ခဲ့သည်။ ယနေ့ ပွဲရှုံးနိမ့်ခဲ့သည့် လီဗာပူးအသင်းသည် နည်းပြဂျာဂျန်ကလော့ဂ်၏ နည်းဗျူဟာ မှားယွင်းမှုဖြစ်ခဲ့၍ လီဗာပူး၏ အိမ်ကွင်း ၆၈ ပွဲဆက် ရှုံးပွဲမရှိ စံချိန်ကျိုးပျက်ခဲ့ကာ ပရီမီယာလိဂ် ငါးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးခဲ့သည်။ ဘန်လေအသင်းသည် တန်းဆင်းဇုန်အထက်တွင် ရုန်းကန်နေရသည့် အသင်းဖြစ်ရာ ခံစစ်အသားပေးကစားသည့်အသင်းဖြစ်သောကြောင့် ပရီမီယာလိဂ် ပွဲစဉ် (၁၈)ပွဲ ယှဉ်ပြိုင် အပြီးတွင် သွင်းဂိုး ၁၀ ဂိုးသာ သွင်းယူထားနိုင်သည်။ ဘန်လေအသင်းသည် လီဗာပူးကို နှစ်ရာသီဆက် အန်ဖီးလ်ကွင်း၌ နိုင်ပွဲပျောက်ဆုံးအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ် (၁၉) ရာသီဝက်ယှဉ်ပြိုင်အပြီးတွင် လက်ရှိချန်ပီယံ လီဗာပူးအသင်းသည် ရမှတ် ၃၄ မှတ်ရရှိခဲ့ပြီး မန်ယူအသင်းက ရမှတ် ၄၀ ဖြင့် ဇယားထိပ်၌ ရပ်တည်နေသည်။ အဆင့်(၂) တွင် မန်စီးတီးအသင်းသည် တစ်ပွဲလျော့ဖြင့် ရမှတ် ၃၈ မှတ်ရရှိထား၍ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို ဖိအားပေးထားနိုင်ခဲ့ကာ လက်စတာက ရမှတ် ၃၈ မှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နေသည်။ တန်းဆင်းဇုန်တွင် ရမှတ် ငါးမှတ်သာရရှိထားသည့် ရှက်ဖီးလ်ယူနိုက်တက်က ဇယားအောက်ဆုံးတွင် ရပ်တည်နေရာ ယင်းအထက်တွင် ဝက်စ်ဘရွန်းက ရမှတ် ၁၁ မှတ်နှင့် ဖူလ်ဟမ်က ရမှတ် ၁၂ မှတ် ရရှိထားသည်။ လီဗာပူးကို အနိုင်ယူခဲ့သည့် ဘန်လေအသင်းသည် တစ်ပွဲလျော့ဖြင့် ရမှတ် ၁၉ မှတ် ရရှိသောကြောင့် အဆင့် ၁၆ တွင် ရပ်တည်နေသည်။ ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုးအများဆုံးအဖြစ် လီဗာပူးတိုက်စစ်မှူး ဆာလက်က ၁၃ ဂိုးဖြင့် ဦးဆောင်နေပြီး စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်း နှင့် ဆွန်ဟောင်မင်က ၁၂ ဂိုးစီ သွင်းယူထားသည်။

**သီဟ**

# အိန္ဒိယနိုင်ငံတွင် ကျန်းမာရေးလုပ်သားတစ်သန်းကျော်ကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်

**နယူးဒေလီ ဇန်နဝါရီ ၂၂**

အိန္ဒိယနိုင်ငံတွင် ကျန်းမာရေးလုပ်သားတစ်သန်းကျော်ကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီတွင် နိုင်ငံအနှံ့ လူပေါင်း ၁၀၄၃၅၃၄ ဦးကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၂၃၇၀၅၀ ကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

**သက်သေပြသွားမည်**

ကိုဗစ်– ၁၉ ကာကွယ်ဆေးမှာ လုံခြုံစိတ်ချရပြီး အကျိုးသက်ရောက်မှုရှိကြောင်း ယခုကာကွယ်ဆေးများဖြင့် ကိုဗစ်–၁၉ကြောင့် လူသေဆုံးမှုများအား အဆုံးသတ်နိုင်မည်ဟု သက်သေပြသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

**ကာကွယ်ဆေးထိုးရန် စီစဉ်ထား**

ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ အိန္ဒိယနိုင်ငံတစ်လွှား ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို စတင်ခဲ့ပြီး ကနဦးတွင် ကျန်းမာရေးလုပ်သားနှင့် ကိုဗစ်–၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ လုပ်ကိုင်နေသူ လူပေါင်း သန်း ၃၀ ကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားသည်။

ယင်းနောက်တွင် အသက် ၅၀ အထက်များနှင့်အသက် ၅၀ အောက်လူများကို ကာကွယ်ဆေးထိုးပေးသွားမည် ဖြစ်သည်။

**ဆင်ဟွာ**



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ် ထရီပူရာတွင် ကျန်းမာရေးလုပ်သားများ ကာကွယ်ဆေးထိုးရန် ဆေးရုံသို့ လာရောက်ကြစဉ်။

# ဂျာမနီနိုင်ငံသည် အလွန်ခက်ခဲသည့် ကိုဗစ်အခြေအနေနှင့် ကြုံတွေ့နေကြောင်း ဝန်ကြီးချုပ် မာကယ်ပြော

**ဘာလင် ဇန်နဝါရီ ၂၂**

ဂျာမနီနိုင်ငံ၏ ကိုဗစ်–၁၉ အခြေအနေသည် လက်ရှိအချိန်တွင် လွန်စွာခက်ခဲသည့်အဆင့်သို့ ရောက်ရှိနေကြောင်းနှင့် ပြည်သူများအားလုံး အနေဖြင့် တာဝန်ရှိစွာ လုပ်ကိုင်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် ယခုနှစ်အတွင်း ကပ်ရောဂါအား ထိန်းချုပ်နိုင်ရန်နှင့် တိုက်ဖျက်နိုင်ရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်တွင် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်က ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံသည် လက်ရှိအချိန်တွင် ကိုဗစ်ရောဂါထပ်မံကူးစက်ခံရသူနှင့် ရောဂါဝေဒနာ ပြင်းထန်စွာ ဖြစ်ပွားနေသည့် လူဦးရေအရေအတွက် ကျဆင်းလာသော်လည်း ကိုဗစ်–၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသည့် လူဦးရေက မြင့်မားနေဆဲဖြစ်ကြောင်း၊ ထို့အပြင် ဂျာမနီနိုင်ငံတွင် ဗီဇပြောင်း ကိုဗစ်– ၁၉ ပိုးကိုလည်း တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ ဖြစ်ရပ်အပေါ် အလွန်အလေးထားရမည် ဖြစ်ကြောင်းနှင့် ရောဂါပြန့်ပွားမှုကို တတ်နိုင်သမျှ လျော့ကျအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ဇန်နဝါရီ ၂၁ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။



ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်တို့ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ ရက်က ဥရောပသမဂ္ဂကောင်စီ အစည်းအဝေးတက်ရောက်ကြစဉ်။

ဂျာမနီအစိုးရသည် ကိုဗစ်– ၁၉ ကာကွယ်ဆေး ထုတ်လုပ်ခြင်းကို အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် နွေရာသီပြီးဆုံးချိန်တွင် ပြည်သူလူထုအားလုံး ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအနေဖြင့် ဇန်နဝါရီ ၂၁ ရက်ညပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးခဲ့ကြောင်း မာကယ်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကိုဗစ် –၁၉ ကာကွယ်ဆေး ရယူနိုင်ရန် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားရေး အာဆီယံနိုင်ငံများ ဆုံးဖြတ်

**ဂျကာတာ ဇန်နဝါရီ ၂၂**

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများအတွက် ကာကွယ်ဆေးရယူနိုင်ရန် ကိုဗစ် – ၁၉ တုံ့ပြန်ရေး ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၁ ရက်က ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ဘရူနိုင်းနိုင်ငံက အစည်းအဝေးအပြီးတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်ဝသည့် ကာကွယ်ဆေးများ သာတူညီမျှ ရရှိနိုင်ရေး အရေးကြီးပုံနှင့် အာဆီယံနိုင်ငံများရှိ လူများအားလုံး ကာကွယ်ဆေးရရှိနိုင်ရန် ဝန်ကြီးများ ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ကာကွယ်ဆေး၊ ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်း ရရှိနိုင်ရေးအတွက် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန်လည်း သဘောတူခဲ့ကြသည်။ အာဆီယံအဖွဲ့ကြီးသည် ပြီးခဲ့သည့်နှစ်အတွင်းက အဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများ၏ ထည့်ဝင်မှုဖြင့် ရန်ပုံငွေထူထောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနှင့် နျူကလီးယားလက်နက်ကန့်သတ်ရေး စာချုပ်သက်တမ်းတိုးနိုင်ရေး အမေရိကန် ကြိုးပမ်း

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

ရုရှားနိုင်ငံနှင့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ် ငါးနှစ်သက်တမ်းတိုးနိုင်ရေးအတွက် အမေရိကန်ဘက်မှ ကြိုးစားသွားရန် ရည်ရွယ်ထားသည်ဟု အိမ်ဖြူတော်က ပြောသည်။ အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်က မဟာဗျူဟာမြောက် လက်နက်လျှော့ချရေးစာချုပ် (NEW START )ကို သက်တမ်းတိုးနိုင်ရေးအတွက် ရုရှားနှင့်ဆွေးနွေးခဲ့ကြသည်။

အကယ်၍ သဘောတူညီမှုမရပါက အဆိုပါစာချုပ်မှာ ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ အဆိုပါစာချုပ်မှာ အမေရိကန်နိုင်ငံ၏ လုံခြုံရေးအတွက် အရေးပါသည်ဟု သမ္မတဂျိုးဘိုင်ဒင်က ရှင်းရှင်းလင်းလင်း သိထားပြီးဖြစ်ကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဂျန်ပက်ဆာကီက ဇန်နဝါရီ ၂၂ ရက်အိမ်ဖြူတော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းစာချုပ်မှာ အမေရိကန်နှင့် ရုရှားနိုင်ငံတို့ကြား နောက်ဆုံးကျန်ရှိနေသည့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်ဖြစ်သည်။ မဟာဗျူဟာမြောက်လက်နက်လျှော့ချရေးစာချုပ်ကို နောက်ထပ်ငါးနှစ်သက်တမ်းတိုးသင့်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ယင်းစာချုပ်ကို သက်တမ်းတိုးပေးနိုင်ခြင်းဖြင့် နောက်ထပ်လက်နက်ထိန်းချုပ်ရေး သဘောတူညီမှုများအတွက် အခြေခံအုတ်မြစ် ဖြစ်လာနိုင်သည်ဟု အမေရိကန်အရာရှိများက မျှော်လင့်ထားကြကြောင်း ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# အီးယူနိုင်ငံများကြား နယ်စပ်တံခါးများ ဆက်လက်ဖွင့်ထားသော်လည်း ခရီးသွားလာမှုကို ကန့်သတ်ထားမည်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၂၂**

ဗီဇပြောင်းကိုဗစ် – ၁၉ ကူးစက်မှုများ ပျံ့နှံ့နေသော်လည်း ဥရောပသမဂ္ဂ (အီးယူ )နိုင်ငံများမှ ခေါင်းဆောင်များသည် နယ်စပ်တံခါးများ ဆက်လက်ဖွင့်ထားရန် သဘောတူထားသည်။

အဖွဲ့ဝင်နိုင်ငံများအကြား မလိုအပ်ဘဲခရီးသွားလာမှုကို အားမပေးဟု အတည်ပြုထားသည်။ ခရီးသွားလာမှုကို ဆက်လက်ကန့်သတ်ထားကြောင်း ဇန်နဝါရီ ၂၁ ရက်တွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ ဘုံဈေးကွက်လုပ်ငန်းဆောင်တာများကို မထိခိုက်စေရေးအတွက် နယ်စပ်တံခါးများကို ဆက်လက်ဖွင့်ထားမည်ဟု သဘောတူထားသည်။ ကုန်စည်စီးဆင်းမှု မထိခိုက်စေရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ခရီးသွားလာခွင့်အတွက် နယ်စပ်တံခါးများကို ဆက်လက်ဖွင့်ထားမည်ဖြစ်သည်။ ကူးစက်မှုများများပြားလာခြင်းကြောင့် နယ်စပ်များပိတ်လိုက်ရသည်အထိ ဆိုးရွားသည့်အခြေအနေနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်သည့်အတွက် မလိုအပ်ဘဲ ခရီးသွားလာခြင်းကိုမူ ကန့်သတ်သွားမည်ဟု အတည်ပြုခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်း ကိုဗစ် – ၁၉ ဖြစ်ပွားချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အချို့သည် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းခြင်းမရှိဘဲ နယ်စပ်တံခါးများကို ပိတ်ပစ်ခဲ့သည်။ ရလဒ်အနေဖြင့် ကုန်စည်စီးဆင်းမှုတွင် ထိခိုက်ခဲ့ရသည်။

ကာကွယ်ဆေး ထိုးပြီးကြောင်း လက်မှတ်နှင့် ခရီးသွားလာခွင့်အတွက် ဆွေးနွေးခဲ့ကြသော်လည်း ကာကွယ်ဆေး၏ သက်တမ်းမှာ မည်မျှခံသည်ကို မသိနိုင်သည့်အတွက် နောက်ထပ် ဆွေးနွေးစရာအချက်များစွာ ကျန်ရစ်နေသေးသည်။

ခရီးသွားလာမှုအပေါ် မှီခိုနေရသည့် နိုင်ငံများမှာမူ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပြီးကြောင်း လက်မှတ်နှင့် ခရီးသွားလာခွင့်ပေးစေလိုသော်လည်း အချို့သောနိုင်ငံများကမူ ယင်းအချက်ကို စိတ်မဝင်စားကြချေ။

**အင်န်အိတ်ချ်ကေ**




အီးယူအဖွဲ့ဝင်ခေါင်းဆောင်များ ဗီဒီယိုကွန်ဖရင့် ပြုလုပ်ကြစဉ်။

# အမေရိကန်အနေဖြင့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများ မျှတစွာ ဖြန့်ဝေပေးနိုင်ရေးအတွက် နိုင်ငံတကာကြိုးပမ်းမှုများနှင့် ချိတ်ဆက်ဆောင်ရွက်မည်

ဝါရှင်တန် ဇန်နဝါရီ ၂၂

**အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ ဆေးဘက်ဆိုင်ရာအကြံပေးအရာရှိချုပ် ဒေါက်တာအန်သိုနီဖောင်ချီက အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မျှတစွာ ဖြန့်ဝေပေးနိုင်ရေးအတွက် နိုင်ငံတကာကြိုးပမ်းမှုများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

ဖောင်ချီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးများနှင့် ဇန်နဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သော အစည်းအဝေးတွင် အမေရိကန်ကိုယ်စား ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဖောင်ချီက အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်းနှင့် အဖွဲ့အစည်းသို့ ဘဏ္ဍာငွေများကို ဆက်လက်ပံ့ပိုး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်ကာကွယ်ဆေးအစီအစဉ်နှင့်လည်း ဆက်သွယ်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ကုသမှုနည်းလမ်းများကို တိုးတက်အောင် လုပ်ဆောင်မှုများတွင်လည်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖောင်ချီက ပြောကြားလိုက်သည်။

အမေရိကန်၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်မည့်ဆုံးဖြတ်ချက်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သမမျှတစွာဖြန့်ဝေပေးရေးကိစ္စရပ်များအပေါ် စိုးရိမ်မှုလျော့နည်းစေကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

တချို့ကျွမ်းကျင်သူများကလည်း ကာကွယ်ဆေးရရှိရေးနိုင်ငံများအကြား အပြိုင်အဆိုင် လုပ်ဆောင်နေခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကာကွယ်ဆေးဖြန့်ဝေပေးရေးလုပ်ဆောင်ချက်ကို နှောင့်နှေးစေကြောင်း သုံးသပ်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ဆေးဘက်ဆိုင်ရာအကြံပေးအရာရှိချုပ် ဒေါက်တာ အန်သိုနီဖောင်ချီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတွင်းရေးမှူးချုပ်နှင့်အတူ အစည်းအဝေးပြုလုပ်နေသည်ကို တွေ့ရစဉ်။

## ကာကွယ်ဆေးပို့ဆောင်မှု နှောင့်နှေးသဖြင့် အီတလီနိုင်ငံ၏ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ အနှောင့်အယှက်ဖြစ်

**ရောမ ဇန်နဝါရီ ၂၂**

အီတလီနိုင်ငံတွင် သုံးစွဲခွင့်ပေးထားသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးနှစ်မျိုးအနက် တစ်မျိုးမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်လာနိုင်သည်။

လာမည့်သီတင်းပတ်အတွင်း ကာကွယ်ဆေး ၂၀ ရာခိုင်နှုန်း ပြတ်တောက်မှု ရှိနိုင်သည်ဟု အာဏာပိုင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၁ ရက် အထိ အီတလီနိုင်ငံသား ၁ ဒသမ ၂၈ သန်းကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း ဆေးနှစ်ကြိမ်ထိုးပြီးသည့် ပြည်သူ ၂၅၀၆၆ ဦးရှိသည်ဟု အစိုးရ၏ အချက်အလက်များအရ သိရသည်။




အီတလီနိုင်ငံတွင် ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

### ပေးပို့မှုအရှိန်နှေးကွေးသွားမည်

ယခုအချိန်ထိ ကာကွယ်ဆေးပေါင်း ၁၅၅၈၆၃၅ လုံးကို ပေးပို့ပြီးဖြစ်ပြီး အများစုမှာ ဖိုက်ဇာကုမ္ပဏီမှ ဖြစ်သည်။ ဖိုက်ဇာကုမ္ပဏီသည် ၎င်းတို့၏ ကာကွယ်ဆေးများကို ဥရောပနိုင်ငံများသို့ ပေးပို့မှုအရှိန် နှေးကွေးသွားမည်ဟု မကြာသေးမီက ကြေညာခဲ့သည်။ လာမည့်သီတင်းပတ်အတွင်းဖိုက်ဇာမှ ထုတ်လုပ်သော ကာကွယ်ဆေးကို ၂၀ ရာခိုင်နှုန်းထက်နည်းကာ အီတလီနိုင်ငံသို့ ပေးပို့မည်ဟု သိထားကြောင်း အီတလီနိုင်ငံ၏ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ကော်မရှင်နာဒိုမီနီကို အာကူရီက ပြောသည်။

### အခက်အခဲများ ရှိလာနိုင်

ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဖိုက်ဇာကုမ္ပဏီမှ ကာကွယ်ဆေးပို့ဆောင်မှု ၂၉ ရာခိုင်နှုန်း ဖြတ်တောက်ခဲ့သည်။ ယင်းကဲ့သို့ ကာကွယ်ဆေး ပို့ဆောင်ပေးမှု နှောင့်နှေးကြန့်ကြာမှုကြောင့် ဒုတိယအကျော့ ကာကွယ်ဆေးထိုးရမည့်အချိန်ရောက်လာလျှင် အခက်အခဲများ ရှိလာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖိုက်ဇာမှထုတ်လုပ်သည့် ကာကွယ်ဆေးမှာ ပထမတစ်ကြိမ်ဆေးထိုးပြီး ၂၁ ရက်အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးရမည်ဖြစ်သည်။ **ဆင်ဟွာ**

## တရုတ်အစိုးရက အီရတ်နိုင်ငံ၏ ကိုဗစ်- ၁၉ တိုက်ဖျက်ရေးကိုကူညီရန်နှင့် လူမှုဘဝတိုးတက်ရန် အကူအညီများပေးအပ်

**ပေကျင်း ဇန်နဝါရီ ၂၂**

အီရတ်အစိုးရ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါရင်ဆိုင်နေမှုများကို ကူညီရန်နှင့် အီရတ်ပြည်သူများ၏ ဘဝတိုးတက်ရန် အီရတ်နိုင်ငံရှိ တရုတ်သံရုံးက အီရတ်နိုင်ငံကို အကူအညီများပေးရန် ကမ်းလှမ်းခဲ့သည်။

တရုတ်နိုင်ငံ၏ လှူဒါန်းမှုများကို လွှဲပြောင်းပေးအပ်ရန် အီရတ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်သောင်နှင့် အီရတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ဟူဆန်အယ်လ်အာဝါဒီတို့သည် နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံ၏လှူဒါန်းမှုတွင် အပိုပစ္စည်းများနှင့်အတူ လူနာတင်ယာဉ် ၅၆ စီး၊ မီးစက် ၂၆၆ လုံး၊ ဆိုင်ကယ်များ၊ ကွန်ပျူတာများ၊ လက်ပ်တော့များ၊ ပရင်တာများပါဝင်ကြောင်း သိရသည်။

လူနာတင်ယာဉ်များသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်နေသည့် အီရတ်လူမျိုးများကို ကူညီရန်ဖြစ်ကြောင်းနှင့် မီးစက်များသည် အီရတ်လူမျိုးများ၏ ဘဝကို တိုးတက်မြင့်မားရန်ဖြစ်ကြောင်း တရုတ်သံအမတ်ကြီးက ပြောကြားလိုက်သည်။

၂၀၂၁ ခုနှစ်သည် တရုတ်နိုင်ငံအတွက် အလွန်ကို ထူးခြားသည့်နှစ်ဖြစ်ကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီကို တည်ထောင်သည့် ရာပြည့်အထိမ်းအမှတ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ပြည့်စုံကြွယ်ဝသည့် လူမှုအသိုက်အမြုံတစ်ခုကို တည်ထောင်နေကြောင်း၊ ခေတ်သစ်ဆိုရှယ်လစ်နိုင်ငံကြီးကို တည်ထောင်နေသည့် ကဏ္ဍသစ်ထဲသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်ကြောင်း တရုတ်သံအမတ်ကြီးက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအတွက်လည်း ယခုနှစ်သည် အရေးကြီးကြောင်း ရွေးကောက်ပွဲစောစီးစွာ ကျင်းပမည်ကို မျက်မြင်တွေ့ရတော့မည်ဖြစ်ကြောင်း နှစ်နိုင်ငံ ရင်းနှီးဖော်ရွေပြီး ကောင်းမွန်သည့် ဆက်ဆံရေးများကို ဆက်လက်ထူထောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## သီရိလင်္ကာတွင် အောက်စ်ဖို့ဒ်- အက်စ်ထရာဇနီကာ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြု

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာအာဏာပိုင်များက ဇန်နဝါရီ ၂၂ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါကို ကုသရန် အောက်စ်ဖို့ဒ်-အက်စ်ထရာဇနီကာ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြုလိုက်ကြောင်း ဆေးဝါးထုတ်လုပ်ရေးနှင့် ခွင့်ပြုရေးဝန်ကြီး ချန်နာဂျာရာဆူမာနာက ပြည်တွင်းသတင်းထောက်များကို ပြောကြားလိုက်သည်။

အမျိုးသားဆေးဝါးကြီးကြပ်ရေး အာဏာပိုင်အဖွဲ့က ဗြိတိန် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် ခွင့်ပြုပေးခဲ့ကြောင်းနှင့် တခြားကာကွယ်ဆေးများကိုလည်း စစ်ဆေးနေကြောင်း ဂျာရာဆူမာနာပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံသည် ဗြိတိန် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယခုလိုပထမအကြိမ် အတည်ပြုပေးလိုက်သည့် ကျွန်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်ပြန့်ပွားမှုနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ပြည်နယ်ဝန်ကြီး ဒေါက်တာ ဆူဒါရှာနီဖာနန်ဒိုပူလီက အဆိုပါ ကာကွယ်ဆေးများကို ဖေဖော်ဝါရီလလယ်တွင် သီရိလင်္ကာနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကာကွယ်ဆေးအစီအစဉ်မှ ရရှိမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် သီရိလင်္ကာလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်မည်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းအတွက် အစိုးရက ကာကွယ်ဆေးများ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ ရည်မှန်းချက်မှာ လူဦးရေ ၅၀ ရာခိုင်နှုန်း ကာကွယ်ဆေးလွှမ်းခြုံနိုင်ရေး ဖြစ်ကြောင်း ဖာနန်ဒိုပူလီက ပြောကြားလိုက်သည်။ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၆၀၀၀ ရှိပြီး သေဆုံးသူ ၂၇၆ ဦးရှိသည်။

**ဆင်ဟွာ**




အက်စ်ထရာဇနီကာမှ ထုတ်လိုက်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်အစိုးရအဖွဲ့သည် ကိုဗစ်- ၁၉ ကူးစက်မှုကို ဖြေရှင်းနိုင်ရန် ဥပဒေကြမ်းတစ်ရပ်အတည်ပြု

**တိုကျို ဇန်နဝါရီ ၂၂**

ဂျပန်အစိုးရအဖွဲ့သည် ဂျပန်နိုင်ငံ၏ ကိုဗစ်- ၁၉ ကူးစက်ရောဂါကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၂ ရက်က ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ဆန့်ကျင်ရေးဥပဒေကို သုံးသပ်ရန် အဆိုပြုချက်၊ ကူးစက်ဖြစ်ပွားသော ကပ်ရောဂါထိန်းချုပ်ရေး ဥပဒေအဆိုပြုချက်နှင့် ကန့်သတ်စောင့်ကြည့်နေထိုင်ရေးဆိုင်ရာဥပဒေ အဆိုပြုချက်များကို ဂျပန်အစိုးရအဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် အတည်ပြုခဲ့သည်။

ပြန်လည် ပြင်ဆင်ထားသော ဥပဒေကြမ်းတွင် ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆန့်ကျင်သူတစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ်လုပ်ငန်းအဖွဲ့အစည်းများကို ပြစ်ဒဏ်ချမှတ်မှုများလည်း ပါဝင်မည်ဖြစ်သည်။

ပြန်လည် ပြင်ဆင်ထားသော ဥပဒေကြမ်းသည် သက်ဆိုင်ရာခရိုင်အစိုးရများကို လုပ်ပိုင်ခွင့်ပိုမိုပေးထားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

### အိုင်အက်စ်အကြမ်းဖက်သမားဟု သံသယရှိသူ ၁၄ ဦးကို တူရကီရဲများဖမ်းဆီး

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၂**

တူရကီနိုင်ငံမြောက်ပိုင်းတွင် စစ်ဆင်ရေး ပြုလုပ်စဉ်အတွင်း အိုင်အက်စ် အကြမ်းဖက်အုပ်စုနှင့် ဆက်စပ်မှုရှိသည်ဟုဆိုကာ နိုင်ငံခြားသား ၁၄ ဦးကို တူရကီရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် နိုင်ငံပိုင် အန်နာဒိုလူသတင်းဌာနတွင် ဖော်ပြထားသည်။

သံသယရှိသူများကို ဖမ်းမိနိုင်ရေးအတွက် ဆမ်ဆန်ပြည်နယ်ရှိ နေရာပေါင်း ၁၃ နေရာတွင် အကြမ်းဖက်မှု တုံ့ပြန်ရေးအဖွဲ့က စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။

စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း ဆီးရီးယားနိုင်ငံသား လေးဦးနှင့် အီရတ်နိုင်ငံသား ၁၀ ဦးတို့ကို ဖမ်းဆီးခဲ့သည်။ တူရကီနိုင်ငံ၏ အကြမ်းဖက်မှုတုံ့ပြန်ရေးအဖွဲ့သည် အိုင်အက်စ်အကြမ်းဖက်သမားများကို ရှာဖွေဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**

---

# အမေရိကန်ရဲ့သမ္မတ အပြောင်းအလဲမှာ ကိုဗစ်-၁၉ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားမလဲ

*ထွန်းသစ်စ*

အမေရိကန်သမ္မတဖြစ်လာတဲ့ ပထမဆုံးနေ့မှာ ဂျိုးဘိုင်ဒင်ဟာ သူ့နိုင်ငံရဲ့ များပြားလှတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေတဲ့အခြေအနေကို ကန့်သတ်ဆောင်ရွက်မှုအသစ်တွေနဲ့ ကိုင်တွယ်ဖြေရှင်းတော့မှာ ဖြစ်ပါတယ်။ အဲဒီလို ကိုင်တွယ်ဖြေရှင်းမှုတွေ ပြုလုပ်တဲ့နေရာမှာ နှာခေါင်းစည်းတပ်ဆင်ရေးနဲ့ သီးသန့်ကန့်သတ်စောင့်ကြည့်မှု လုပ်ဆောင်တာတွေလည်း မပါမဖြစ်ပါဝင်လာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကို အဆိုးဆုံးခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီးတော့ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ယခုအချိန်အထိ ၂၅ သန်းကျော်ရှိပြီး သေဆုံးသူပေါင်းဟာလည်း ၄၂၀၀၀၀ ကျော်အထိ တိုးလာခဲ့ပါတယ်။ အဲဒီလိုအချိန်မှာ ဥရောပသမဂ္ဂခေါင်းဆောင်တွေကတော့ သူတို့ရဲ့ ပြည်သူတွေကို မလိုအပ်ဘဲ ခရီးတွေမထွက်ကြဖို့ ပြင်းပြင်းထန်ထန်တိုက်တွန်း ပြောကြားထားပါတယ်။

## ကိုဗစ်-၁၉ ကိုတားဆီးဖို့ ဆောင်ရွက်ချက်သစ်တွေ

အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်- ၁၉ တိုက်ဖျက်မှုကို ထိထိရောက်ရောက်ဖြစ်စေဖို့ အမိန့်ပြဋ္ဌာန်းချက် ၁၀ ခုကို လက်မှတ်မရေးထိုးခင်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ယောက်မြောက် သမ္မတဂျိုးဘိုင်ဒင်ဟာ သူ့ရဲ့နောင်တော် အမေရိကန် သမ္မတဟောင်းဒေါ်နယ်ထရမ့်ရဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နုတ်ထွက်မယ့် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်လိုက်ပါတယ်။

ကိုဗစ်-၁၉ ကိုတွန်းလှန်ဖယ်ရှားမယ့် ဆောင်ရွက်ချက်သစ်တွေအရ အမေရိကန်ပြည်ထောင်စုကိုလာရောက်မယ့် ခရီးသွားတွေအနေနဲ့ အမေရိကန်သို့မသွားမီမှာ ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးထားတဲ့အထောက်အထားတွေပြသဖို့ လိုအပ်သလို အကယ်၍ အမေရိကန်ပြည်ထောင်စုသို့ ဆိုက်ရောက်လာပါကလည်း သီးသန့်ကန့်သတ်စောင့်ကြည့်မှုတွေ ခံယူရမှာဖြစ်တယ်လို့ အသစ်စက်စက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားလိုက်ပါတယ်။ ဒါဟာဆိုရင် အမေရိကန်သမ္မတဟောင်း ထရမ့် လက်ထက်ကတည်းကရှိခဲ့တဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေပဲ ဖြစ်ပါတယ်။

ဘိုင်ဒင်ရဲ့ တခြားအမိန့်ထုတ်ပြန်ချက်တစ်ခုမှာတော့ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေတဲ့ ကာကွယ်ဆေးထိုးအစီအစဉ်ကို ပိုမိုအင်တိုက်အားတိုက် အားစိုက်လုပ်ကိုင်ဖို့ ပါဝင်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အများပြည်သူသယ်ယူပို့ဆောင်ရေးနေရာတွေမှာ နှာခေါင်းစည်းလည်း တပ်ဆင်ရဦးမှာပါ။

## မဟာဗျူဟာလို့တောင် ပြောရမယ်

နိုင်ငံရေးလမ်းကြောင်းပေါ်မှာ နှစ်ဆွေးအောင်ဖြတ်သန်းရုန်းကန်နေတဲ့ အတွေ့အကြုံတွေနဲ့ ပြည့်နေတဲ့ နိုင်ငံရေးသမားကတော့ ထရမ့်ရဲ့ ကိုဗစ်-၁၉ ကိုင်တွယ်ချဉ်းကပ်ပုံနည်းလမ်းကို ပြင်းပြင်းထန်ထန် ဝေဖန်ထားပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ လတ်တလောမှာတော့ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ လေးသိန်းကျော်ရှိနေခဲ့ပြီး ကမ္ဘာမှာ အဆိုးရွားဆုံး ကိုဗစ်-၁၉ ဒဏ်ကို ခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဒီအခြေအနေကိုအခုတက်လာတဲ့ ၄၆ ယောက်မြောက် အမေရိကန်သမ္မတကြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားမလဲ ဆိုတာကလည်း စိတ်ဝင်စားစရာကောင်းသလို သူ့ရဲ့ မြောက်မြားစွာသော နိုင်ငံရေးအတွေ့အကြုံတွေက ဒီလိုအခက်ခဲဆုံးအချိန်မှာ အလွန်ကို အသုံးဝင်လာမှာ ဖြစ်ပါတယ်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းမှာပြောခဲ့သလိုပဲ အခက်အခဲပေါင်းများစွာနဲ့ တွေ့ဆုံရင်ဆိုင်ပြီး အချိန်ကာလရဲ့ စမ်းသပ်မှုတွေကို ကြံ့ကြံ့ခံရပ်တည်ရင်း ဒီနေ့အမေရိကန်နိုင်ငံကြီး ဖြစ်ပေါ်လာသလို မုန်တိုင်းတွေ၊ စစ်ပွဲတွေကို အောင်မြင်စွာကျော်ဖြတ်လာပြီး ယနေ့လို ကမ္ဘာ့အလယ်မှာ ဂုဏ်ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဟာ အခက်ခဲတစ်ခုဆိုရင် အဲဒီအခက်အခဲကို အကောင်းဆုံး ကျော်ဖြတ်သွားမယ်၊ အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းသွားမယ့် သူ့ရဲ့ သဘောထားကို တွေ့မြင်လိုက်ရပါတယ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ သူ့ရဲ့ သမ္မတသက်တမ်း ရက် ၁၀၀ အတွင်းမှာ အမေရိကန် သန်း ၁၀၀ ကို ကာကွယ်ဆေးလွှမ်းခြုံထိုးပေးနိုင်ဖို့ အပတ်တကုတ်ကြိုးစားနေပါတယ်။ နှာခေါင်းစည်းများကိုလည်း ပိုမိုသုံးစွဲရေး၊ ကိုဗစ်-၁၉ စစ်ဆေးမှုများကို ပိုမိုလုပ်ဆောင်သွားရေး၊ ပြည်သူ့ကျန်းမာရေးအင်အားစုများ တိုးချဲ့ရေး၊ အကန့်အသတ်နဲ့ ရုန်းကန်လှုပ်ရှားသုံးစွဲနေရတဲ့ နေရာများကို အရေးပေါ်အကူအညီတွေ ပိုမိုပေးရေးတွေကိုလည်း လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒါကိုခြုံပြီးပြောရမယ်ဆိုရင် သမ္မတကြီးရဲ့ ကိုဗစ်-၁၉ ကို အမြစ်ပြတ်ချေမှုန်းမယ့် မဟာဗျူဟာတွေလို့တောင် ပြောရမှာဖြစ်ပါတယ်။

## ကိုဗစ် – ၁၉ ထပ်မဖြစ်အောင် ရှောင်ရှားချင်ပြီ

ဇန်နဝါရီ ၂၂ ရက် တစ်ရက်တည်းကိုပဲ ကိုဗစ်-၁၉ ကြောင့် အမေရိကန်ပြည်ထောင်စုမှာ နောက်ထပ်သေဆုံးသူ ၄၀၄၅ ဦးရှိလာသလို ထပ်မံကူးစက် ဖြစ်ပွားသူပေါင်း ၁၉၂၀၀၀ ရှိခဲ့ပါတယ်။

ကိုဗစ်-၁၉ ကူးစက်နှုန်းကလည်း တိုးတက်နေသလို ကာကွယ်ဆေးထိုးလှုပ်ရှားမှုတွေကလည်း ကနဦးအဆင့်မှာပဲရှိသေးတာကြောင့် ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဟာ အခုဆိုရင် နှစ်သန်းကျော်လွန်လာပြီ ဖြစ်ပါတယ်။ လက်ဘနွန်နိုင်ငံမှသည် ဆီရီယာလီယွန်နိုင်ငံအထိ တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

အီးယူကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နဲ့ အီးယူကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်တို့က ဥရောပပြည်သူတွေကို မလိုအပ်ဘဲ ခရီးတွေမသွားကြဖို့၊ ခရီးသွားခြင်းတွေ ရှောင်ရှားကြဖို့ တိုက်တွန်းထားကြပါတယ်။ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို လျှော့ချဖို့ မကြာမီအချိန်အတွင်း တင်းကျပ်တဲ့ ကိုဗစ်-၁၉ ကန့်သတ်တားဆီးရေး ဆောင်ရွက်ချက်တွေကိုလည်း လုပ်ဆောင်တော့မယ်လို့ ပြောကြားထားပါတယ်။

နိုင်ငံပေါင်း ၂၇ နိုင်ငံက အစိုးရခေါင်းဆောင်တွေနဲ့ ဗီဒီယိုလင့်ခ်ကတစ်ဆင့် ပြုလုပ်တဲ့တွေ့ဆုံဆွေးနွေးပွဲပြီးတဲ့ နောက်မှာ အီးယူကော်မရှင်ဥက္ကဋ္ဌနဲ့ အီးယူကောင်စီဥက္ကဋ္ဌတို့က အီးယူဟာ ၂၀၂၀ ပြည့်နှစ် မတ်လမှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ပထမအကျော့ကဲ့သို့ ထပ်မံဖြစ်ပွားလာမှာကို ရှောင်ရှားချင်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံတွင်းနဲ့ နယ်စပ်ဖြတ်ကျော်ပြီး မလိုအပ်ဘဲ ခရီးသွားလာခြင်းတွေကို အတတ်နိုင်ဆုံး ရှောင်ရှားကြဖို့ တိုက်တွန်းကြောင်းလည်း ဗွန်ဒါလီယန့်က ပြောကြားခဲ့ပါတယ်။

## အုတ်တစ်ချပ်ထက် သာလွန်တဲ့ပါဝင်မှု

ဘရာဇီးနိုင်ငံဟာ အိန္ဒိယမှာထုတ်လုပ်တဲ့ ဗြိတိန်အက်စ်ထရာဇနီကာ၊ အောက်စ်ဖို့ဒ်ကာကွယ်ဆေး နှစ်သန်းကိုရရှိခဲ့ကြောင်း ကြေညာခဲ့ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ကရောက်ရှိခဲ့တဲ့ အဲဒီကာကွယ်ဆေးတွေဟာ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံဖြစ်တဲ့ ဘရာဇီးနိုင်ငံရဲ့ ကိုဗစ်-၁၉ တိုက်ဖျက်ရေး ဆောင်ရွက်ချက်အတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ထက် သာလွန်တဲ့ ပါဝင်မှုဖြစ်လာမှာ ဖြစ်ပါတယ်။

ဘရာဇီးနိုင်ငံ အနောက်မြောက်ပိုင်းမှာရှိတဲ့ ဆေးရုံတွေဆိုရင် အောက်ဆီဂျင်နဲ့ အိပ်ရာပြတ်လပ်မှုမှာတော့ မကြုံစဖူး ထူးကဲလှပါတယ်။ အောက်ဆီဂျင်မရှိတဲ့အတွက် နောက်ဆုံးထွက်သက်ကို ကောင်းစွာမရှူရှိုက်လိုက်နိုင်တဲ့ ဝင်သက်ထွက်သက်ကင်းမဲ့ခဲ့တဲ့သူတွေဟာလည်း စိတ်ပျက်ချောက်ချားဖွယ်ကောင်းလှတယ်လို့ ကျန်းမာရေးဝန်ထမ်းတွေက ဖော်ညွှန်းခဲ့ပါတယ်။

အလားတူပဲ လက်တင်အမေရိက၊ ကိုလံဘီယာနိုင်ငံမှာ ဇန်နဝါရီ ၂၁ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၅၀၀၀၀ ကျော်လွန်ခဲ့ပါတယ်။ မက္ကဆီကိုနိုင်ငံမှာတော့ ထပ်မံသေဆုံးသူ ၁၈၀၃ ဦးနဲ့ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၃၃၉ ဦး ရှိခဲ့တယ်လို့ သိရပါတယ်။

## ကမ္ဘာတစ်ဝန်း လျင်မြန်စွာခြေဆန့်

ပိုမိုကူးစက်လွယ်တဲ့ ဗီဇပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ဘရာဇီးနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ခြေဆန့်သွားလာလျက်ရှိပါတယ်။ မျှော်လင့်ချက်တော့ ကာကွယ်ဆေးထိုးခံဖို့ပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီး သတ်မှတ်ကန့်သတ်ချက်တွေ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာနိုင်မှသာ ဒီကိုဗစ်-၁၉ ကပ်ဆိုးကို ဇီဝိန်ချုပ်နိုင်မှာဖြစ်ပါတယ်။

အလားတူပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ချမ်းသာတဲ့နိုင်ငံတွေဟာ ကာကွယ်ဆေးတွေကို လက်ဝါးကြီးအုပ်မယ့် အရေးမှ ကာကွယ်ပြောကြားလျက်ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုကတော့ ကမ္ဘာတစ်ဝန်းကာကွယ်ဆေးတွေဖြန့်ဝေနိုင်ဖို့ လုပ်ဆောင်ချက်တွေ မြန်မြန်ဆန်ဆန်ဖြစ်ဖို့ ထောက်ပံ့ပေးမယ်လို့ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအစဉ်နဲ့ ချိတ်ဆက်ဆောင်ရွက်မယ်လို့ ပြောထားပါတယ်။

## မရေရာမှုတွေ များလာ

ဂျပန်နိုင်ငံလည်း တိုကျိုအိုလံပစ်အားကစားပွဲတော်ကို လက်ခံကျင်းပမှာလား၊ မကျင်းပဘူးလား ဆိုတဲ့အပေါ် မရေရာမှုတွေများလာပါတယ်။ သို့သော်လည်း ထိပ်ပိုင်းခေါင်းဆောင်တွေကတော့ ဒီတိုကျိုအိုလံပစ်အားကစားပွဲတော်ကြီးကို ကျင်းပသွားမယ်လို့ ပြောကြားထားပါတယ်။ တကယ်ကျင်းပဖြစ်မယ်ဆိုရင်တော့ ကမ္ဘာတစ်ဝန်းက ရောက်ရှိလာမယ့် အားကစားသမားတွေနဲ့ လိုက်ပါကြီးကြပ်သူတွေ၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအတွက် အတော်ကို ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကိုဗစ်- ၁၉ အကျပ်အတည်းဟာ ပြီးဆုံးသွားတယ်လို့ မရှိပါဘူး။ ကမ္ဘာ့ပြည်သူတွေအနေနဲ့ ဒီလိုအခက်အခဲမျိုးကို ကျော်လွှားဖို့ တောင့်ခံထားဖို့လိုအပ်ပါတယ်။ အခုဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထဲ ပြန်လည်ပါဝင်လာပြီဖြစ်သလို ကိုဗက်အစီအစဉ်နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ကာကွယ်ဆေးဖြန့်ဝေတဲ့နေရာမှာ ပါဝင်ကူညီမယ်လို့ ပြောထားတဲ့ အမေရိကန်ဟာလည်း အရင်လိုသူ့ချည်းပဲ ထီးတည်းကြီးရပ်တည်နေတာမျိုးမဟုတ်တော့ဘဲ ကမ္ဘာ့အရေးကို အဖြေရှာလျက်ရှိပါတယ်။ သို့သော်လည်း ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်တဲ့အတွက် စိတ်ချရတဲ့အနေအထားမရောက်မီမှာ အသက်ကို ဥာဏ်စောင့်ဆိုသလို သတိနဲ့နေထိုင်ကြပြီး ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို တွန်းလှန်ဖယ်ရှားရဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**



အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ယောက်မြောက်သမ္မတ ဂျိုးဘိုင်ဒင်

“ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ သူ့ရဲ့ သမ္မတသက်တမ်း ရက် ၁၀၀ အတွင်းမှာ အမေရိကန် သန်း ၁၀၀ ကို ကာကွယ်ဆေးလွှမ်းခြုံထိုးပေးနိုင်ဖို့ အပတ်တကုတ်ကြိုးစားနေပါတယ်။ နှာခေါင်းစည်းများကိုလည်း ပိုမိုသုံးစွဲရေး၊ ကိုဗစ်-၁၉ စစ်ဆေးမှုများကို ပိုမိုလုပ်ဆောင်သွားရေး၊ ပြည်သူ့ကျန်းမာရေးအင်အားစုများ တိုးချဲ့ရေး၊ အကန့်အသတ်နဲ့ ရုန်းကန်လှုပ်ရှားသုံးစွဲနေရတဲ့ နေရာများကို အရေးပေါ်အကူအညီတွေ ပိုမိုပေးရေးတွေကိုလည်း လုပ်ဆောင်မှာဖြစ်”

# မြန်မာ့စီးပွားရေးကို ပြန်လည်နိုးထလာစေဖို့



COVID–19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အတွက် COVID–19 ထိခိုက်မှုသက်သာရေး စီမံချက် (CERP) ကို ရေးဆွဲခဲ့ပြီး အဲဒီစီမံချက်မှာပါတဲ့ ကာလတိုလုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ COVID–19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အပြင် တစ်ဆင့်ရိုက်ခတ်မှုဒဏ်ကို ခံစားလာရတဲ့ မြန်မာ့စီးပွားရေးကို ပြန်လည်နိုးထလာစေဖို့ ပြည့်စုံကျယ်ပြန့်တဲ့ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဖို့ လိုအပ်လာပါတယ်။ အဲဒါကြောင့် မြန်မာ့စီးပွားရေးထိခိုက်မှုကို တွန်းလှန်လွန်မြောက်နိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) မူကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဲဒီစီမံချက်မှာပါတဲ့ ကာလလတ်လုပ်ငန်းစဉ်များအနက် အမြန်ဆုံးသိသာနိုင်တဲ့ လုပ်ငန်းစဉ်များကို ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ MERRP ဟာ စီးပွားရေးကဏ္ဍကို ပိုမိုဇောင်းပေးထားပြီး အဲဒီစီမံချက်မှာပါတဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

**( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာ နှစ်သစ်ကူးအထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂၅ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၁–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၆၉၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် (၄၂၅) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၃၁၀) ခု | (၄၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၉၈) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၈၄) ခု | (၉၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၃၄) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၂၇၀) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၅၉) ခု | (၃) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၂၆) ခု | (၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၃) ခု | (၃) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၂) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၆၀၉) ခု | (၂၀၅) ဦး |
| စုစုပေါင်း | (၁၇,၆၉၉) ခု | (၄၂၅) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၁၃–၁–၂၁ | ၁၄–၁–၂၁ | ၁၅–၁–၂၁ | ၁၆–၁–၂၁ | ၁၇–၁–၂၁ | ၁၈–၁–၂၁ | ၁၉–၁–၂၁ | ၂၀–၁–၂၁ | ၂၁–၁–၂၁ | ၂၂–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၇,၈၂၇ | ၁၈,၈၂၀ | ၂၂,၇၅၅ | ၁၈,၀၀၅ | ၁၇,၆၅၆ | ၁၈,၈၃၅ | ၂၀,၆၉၄ | ၂၀,၄၇၆ | ၁၉,၁၄၇ | ၁၇,၆၉၉ |
| ပိုးတွေ့လူနာ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၉ | ၃.၂ | ၂.၃ | ၂.၇ | ၂.၅ | ၂.၅ | ၂.၂ | ၂.၃ | ၂.၃ | ၂.၄ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌ လည်း မူတည်နေပါသည်။ (၁၃–၁–၂၀၂၁)ရက်နေ့မှ (၂၂–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၁၉၁) ခု ဖြစ်ပါသည်။

*ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေး ခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၆၉၉) ဦး | (၂,၂၂၉,၈၄၄) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၄၂၅) ဦး | (၁၃၆,၅၉၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၇၀) ဦး | (၁၂၀,၅၄၃) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၃,၀၃၁) ဦး |

- ယနေ့ **သေဆုံးသူ (၁၈) ဦး**အနက် ရောဂါအခံရှိသူ (၁၅) ဦးပါရှိပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေး ဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၇၀) ဦးတွင် –
  - ဆေးရုံများ – (၃၂၈) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၂၄၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၄၄) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၂၁-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၆,၁၆၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၁-၁-၂၁) အထိ | (၈-၁-၂၀၂၁) ရက်နေ့မှ (၂၁-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မရမ်းကုန်း | ၃,၈၇၉ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ | ၁ | ၁၁ |
| ၂ | အင်းစိန် | ၄,၆၃၅ | ၁၀ | ၉ | ၇ | ၄ | ၀ | ၉ | ၂ | ၁၁ | ၁ | ၂ | ၁၀ | ၀ | ၃ | ၁၀ |
| ၃ | တောင်ဥက္ကလာပ | ၃,၀၀၅ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၈ | ၃ | ၅ | ၃ | ၉ |
| ၄ | မင်္ဂလာဒုံ | ၆,၀၅၇ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ | ၆ | ၃ | ၅ | ၅ | ၆ | ၈ | ၇ |
| ၅ | မှော်ဘီ | ၂,၁၆၉ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ | ၃ | ၇ |
| ၆ | သင်္ဃန်းကျွန်း | ၄,၅၅၈ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၀ | ၃ | ၄ | ၆ | ၈ | ၄ | ၀ | ၅ |
| ၇ | လှိုင် | ၂,၉၇၆ | ၅ | ၄ | ၂ | ၄ | ၅ | ၀ | ၄ | ၂ | ၂ | ၂ | ၁ | ၀ | ၉ | ၅ |
| ၈ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၃,၂၁၁ | ၂ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ | ၈ | ၄ |
| ၉ | စမ်းချောင်း | ၂,၀၄၅ | ၅ | ၆ | ၇ | ၃ | ၄ | ၇ | ၃ | ၃ | ၁ | ၅ | ၆ | ၀ | ၂ | ၄ |
| ၁၀ | မြောက်ဥက္ကလာပ | ၅,၈၅၄ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ | ၅ | ၃ |
| ၁၁ | တာမွေ | ၃,၀၂၈ | ၈ | ၁ | ၁၁ | ၇ | ၁၀ | ၁ | ၂ | ၅ | ၁ | ၄ | ၁၁ | ၀ | ၃ | ၃ |
| ၁၂ | သန်လျင် | ၂,၈၆၉ | ၅ | ၁၂ | ၄ | ၆ | ၃ | ၄ | ၃ | ၇ | ၁ | ၃ | ၄ | ၁ | ၂ | ၃ |
| ၁၃ | လှိုင်သာယာ** | ၄,၈၂၃ | ၇ | ၉ | ၄ | ၅ | ၉ | ၇ | ၄ | ၉ | ၃ | ၃ | ၁ | ၄ | ၆ | ၂ |
| ၁၄ | ရွှေပြည်သာ | ၃,၈၀၆ | ၃ | ၆ | ၆ | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၀ | ၁ | ၃ | ၁ | ၂ |
| ၁၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂,၀၇၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ | ၂ | ၄ | ၉ | ၀ | ၆ | ၇ | ၂ |
| ၁၆ | မင်္ဂလာတောင်ညွန့် | ၁,၈၇၂ | ၁ | ၃ | ၄ | ၂ | ၃ | ၆ | ၄ | ၉ | ၁၀ | ၄ | ၃ | ၁ | ၇ | ၂ |
| ၁၇ | ဗဟန်း | ၁,၅၅၅ | ၉ | ၂ | ၂ | ၅ | ၇ | ၂ | ၁ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၂ |
| ၁၈ | ရန်ကင်း | ၁,၃၁၀ | ၄ | ၆ | ၄ | ၄ | ၅ | ၇ | ၄ | ၃ | ၀ | ၆ | ၁ | ၃ | ၁ | ၂ |
| ၁၉ | ကျောက်တန်း | ၉၆၁ | ၂ | ၄ | ၇ | ၂ | ၆ | ၄ | ၃ | ၃ | ၂ | ၂ | ၁ | ၂ | ၀ | ၂ |
| ၂၀ | သုံးခွ | ၄၂၃ | ၂ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ |
| ၂၁ | ကမာရွတ်** | ၂,၄၉၄ | ၃ | ၁၃ | ၈ | ၂ | ၂ | ၆ | ၁ | ၇ | ၂ | ၀ | ၃ | ၁ | ၀ | ၁ |
| ၂၂ | သာကေတ | ၂,၄၀၄ | ၄ | ၃ | ၀ | ၉ | ၀ | ၆ | ၃ | ၅ | ၁ | ၅ | ၃ | ၁ | ၃ | ၁ |
| ၂၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂,၃၃၈ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၇ | ၃ | ၁၃ | ၁ | ၂ | ၇ | ၃ | ၁ |
| ၂၄ | ကြည့်မြင်တိုင် | ၂,၀၄၇ | ၈ | ၁ | ၈ | ၁ | ၇ | ၂ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၂ | ၁ |
| ၂၅ | ဒဂုံဆိပ်ကမ်း | ၁,၂၆၀ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၅ | ၀ | ၀ | ၀ | ၁ |
| ၂၆ | လှည်းကူး | ၁,၁၂၆ | ၄ | ၅ | ၂ | ၆ | ၂ | ၂ | ၇ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ |
| ၂၇ | ဒေါပုံ | ၁,၁၀၉ | ၃ | ၃ | ၂ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၂ | ၁ |
| ၂၈ | အလုံ | ၁,၁၁၅ | ၃ | ၂ | ၁ | ၁ | ၃ | ၄ | ၁ | ၄ | ၂ | ၂ | ၇ | ၁ | ၁၀ | ၁ |
| ၂၉ | တွံတေး | ၉၃၀ | ၀ | ၁ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၂ | ၂ | ၀ | ၀ | ၁ |
| ၃၀ | ပန်းဘဲတန်း | ၈၈၄ | ၅ | ၄ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ |
| ၃၁ | လသာ | ၈၁၀ | ၁ | ၄ | ၂ | ၂ | ၆ | ၁ | ၀ | ၁ | ၄ | ၂ | ၂ | ၃ | ၂ | ၁ |
| ၃၂ | တိုက်ကြီး | ၆၆၃ | ၁ | ၂ | ၄ | ၀ | ၂ | ၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၁ |
| ၃၃ | ကျောက်တံတား | ၆၄၆ | ၂ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၂ | ၂ | ၁ |
| ၃၄ | ကွမ်းခြံကုန်း | ၃၀၂ | ၁ | ၀ | ၄ | ၃ | ၀ | ၁ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၁ |
| ၃၅ | ဒလ | ၁,၄၁၄ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၃၆ | လမ်းမတော် | ၁,၃၀၂ | ၁ | ၂ | ၂ | ၃ | ၃ | ၄ | ၀ | ၁ | ၇ | ၂ | ၃ | ၆ | ၆ | ၀ |
| ၃၇ | ဗိုလ်တထောင် | ၁,၁၇၆ | ၂ | ၂ | ၁ | ၁ | ၂ | ၂ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၁ | ၀ |
| ၃၈ | ပုဇွန်တောင် | ၈၃၄ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၄ | ၂ | ၃ | ၀ | ၁၈ | ၁ | ၁ | ၀ |
| ၃၉ | ဒဂုံ | ၇၀၆ | ၀ | ၁ | ၁ | ၂ | ၃ | ၃ | ၃ | ၁ | ၃ | ၀ | ၁ | ၀ | ၁ | ၀ |
| ၄၀ | ထန်းတပင် | ၆၄၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၄၁ | ဆိပ်ကြီးခနောင်တို | ၄၄၁ | ၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၂ | ခရမ်း | ၄၃၉ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၃ | ကော့မှူး | ၃၂၁ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၆,၅၁၂ | ၂၂၃ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ | ၁၅၉ | ၁၄၈ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၅ | ၈၆ | ၁၀၆ | ၁၀၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ချမ်းအေးသာစံ | ၂,၇၂၇ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ | ၁၀ | ၁၅ | ၁၀ | ၁၂ | ၁၀ | ၃ | ၁၀ | ၁၆ |
| ၄၅ | မဟာအောင်မြေ | ၂,၅၃၀ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ | ၁၃ | ၂၁ | ၇ | ၁၃ | ၁၄ | ၁၁ | ၉ | ၁၅ |
| ၄၆ | မိုးကုတ် | ၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၇ | ၀ | ၀ | ၁ | ၁၀ |
| ၄၇ | ပုသိမ်ကြီး | ၇၀၇ | ၆ | ၆ | ၁၀ | ၄ | ၃ | ၁၈ | ၄ | ၇ | ၆ | ၄ | ၁၃ | ၆ | ၁၂ | ၉ |
| ၄၈ | အောင်မြေသာစံ | ၂,၅၈၀ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ | ၁၄ | ၂၇ | ၁၅ | ၂၈ | ၂၂ | ၈ | ၂၃ | ၈ |
| ၄၉ | ပြည်ကြီးတံခွန် | ၁,၀၀၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ | ၇ | ၄ | ၁၀ | ၇ | ၇ | ၁၄ | ၇ | ၈ |
| ၅၀ | မိတ္ထီလာ | ၂၃၉ | ၀ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၆ |
| ၅၁ | ကျောက်ဆည် | ၂၁၉ | ၂ | ၁ | ၂ | ၁ | ၂ | ၄ | ၂ | ၆ | ၂ | ၇ | ၃ | ၁၃ | ၁၀ | ၅ |
| ၅၂ | ငါန်းဇွန် | ၉၄ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁၀ | ၁ | ၃ | ၅ |
| ၅၃ | စဉ့်ကူး | ၂၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၃ | ၀ | ၅ |
| ၅၄ | အမရပူရ | ၁,၆၂၅ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ | ၉ | ၂ | ၁၁ | ၄ | ၇ | ၆ | ၇ | ၇ | ၄ |
| ၅၅ | ချမ်းမြသာစည် | ၂,၀၀၀ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ | ၁၇ | ၂၂ | ၁၇ | ၈ | ၁၀ | ၁၄ | ၁၁ | ၂ |
| ၅၆ | စဉ့်ကိုင် | ၃၂၃ | ၂ | ၄ | ၁ | ၁ | ၁ | ၁ | ၁၃ | ၄ | ၀ | ၆ | ၀ | ၀ | ၁၄ | ၂ |
| ၅၇ | သာစည် | ၁၂၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၂ |
| ၅၈ | တံတားဦး | ၁၂၀ | ၆ | ၃ | ၂ | ၁ | ၅ | ၂ | ၅ | ၂ | ၁ | ၂ | ၆ | ၀ | ၁ | ၂ |
| ၅၉ | မြင်းခြံ | ၄၈၉ | ၁၂ | ၅ | ၁၁ | ၁ | ၀ | ၅ | ၉ | ၂ | ၁၀ | ၀ | ၁ | ၇ | ၀ | ၁ |
| ၆၀ | တောင်သာ | ၂၈၅ | ၁၂ | ၃ | ၆ | ၇ | ၉ | ၀ | ၁၃ | ၁၂ | ၃ | ၅ | ၀ | ၁ | ၁၇ | ၁ |
| ၆၁ | နွားထိုးကြီး | ၁၀၄ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၁ | ၀ | ၁ |
| ၆၂ | ရမည်းသင်း | ၉၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၁ |
| ၆၃ | ပြင်ဦးလွင် | ၂၀၇ | ၄ | ၆ | ၂ | ၄ | ၃ | ၀ | ၀ | ၆ | ၀ | ၂ | ၁၁ | ၁ | ၀ | ၀ |
| ၆၄ | ညောင်ဦး | ၁၄၀ | ၀ | ၃ | ၀ | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ |
| ၆၅ | ကျောက်ပန်းတောင်း | ၁၈၂ | ၁ | ၀ | ၃ | ၁၁ | ၀ | ၈ | ၇ | ၉ | ၂ | ၁ | ၅ | ၈ | ၀ | ၀ |
| ၆၆ | ပျော်ဘွယ် | ၁၁၅ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၃ | ၀ | ၀ |
| ၆၇ | မတ္တရာ | ၁၂၄ | ၂ | ၁ | ၀ | ၃ | ၉ | ၀ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၂ | ၀ |
| ၆၈ | မြစ်သား | ၁၁၂ | ၀ | ၀ | ၂ | ၄ | ၂ | ၂ | ၂ | ၀ | ၇ | ၂ | ၄ | ၄ | ၀ | ၀ |
| ၆၉ | ဝမ်းတွင်း | ၉၉ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၂ | ၂ | ၁ | ၅ | ၂ | ၁ | ၁ | ၀ |
| ၇၀ | မလှိုင် | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၂ | ၀ | ၀ |
| ၇၁ | သပိတ်ကျင်း | ၄၈ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၆,၄၂၈ | ၁၇၈ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ | ၁၁၁ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၂ | ၁၃၀ | ၁၁၆ | ၁၃၀ | ၁၀၃ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပြည် | ၂၄၆ | ၀ | ၀ | ၀ | ၅ | ၂ | ၇ | ၁ | ၄ | ၃ | ၆ | ၄ | ၂ | ၁ | ၁၀ |
| ၇၃ | ပဲခူး | ၃,၂၆၆ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ | ၂၁ | ၁၆ | ၁၂ | ၁၅ | ၁၅ | ၅ | ၁၅ | ၉ |
| ၇၄ | လက်ပံတန်း | ၄၇၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၇၅ | ပန်းတောင်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၃ |
| ၇၆ | ရွှေတောင် | ၁၇၃ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ |
| ၇၇ | ဖြူး | ၅၀၂ | ၁၄ | ၄ | ၆ | ၀ | ၄ | ၃၂ | ၁၄ | ၁၉ | ၁ | ၄ | ၁ | ၄ | ၅ | ၁ |
| ၇၈ | ကဝ | ၃၉၅ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၆ | ၀ | ၁ | ၂ | ၅ | ၀ | ၄ | ၁ |
| ၇၉ | ညောင်လေးပင် | ၂၆၀ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ | ၂ | ၀ | ၄ | ၁ | ၂ | ၀ | ၁ |
| ၈၀ | သနပ်ပင် | ၁၉၇ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ | ၇ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ |
| ၈၁ | ရေတာရှည် | ၁၇၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ |
| ၈၂ | နတ်တလင်း | ၁၄၄ | ၀ | ၃ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၁ |
| ၈၃ | ပေါင်းတည် | ၁၂၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ |
| ၈၄ | သာယာဝတီ | ၅၂၃ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၁ | ၀ |
| ၈၅ | ဝေါ | ၄၄၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၇ | ၁ | ၁ | ၀ |
| ၈၆ | ကျောက်တံခါး | ၃၅၉ | ၂ | ၀ | ၀ | ၀ | ၁၁ | ၁ | ၁၀ | ၀ | ၇ | ၃ | ၀ | ၄ | ၀ | ၀ |
| ၈၇ | မင်းလှ | ၂၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၈ | ဒိုက်ဦး | ၂၂၄ | ၄ | ၂ | ၀ | ၂ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၈၉ | အုတ်ဖို | ၂၀၅ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၂ | ၂ | ၀ |
| ၉၀ | တောင်ငူ | ၁၉၆ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၅ | ၀ | ၀ |
| ၉၁ | ကြို့ပင်ကောက် | ၁၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၉၂ | မိုးညို | ၁၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | သဲကုန်း | ၉၈ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၈၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၅၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈,၉၉၅ | ၉၄ | ၅၇ | ၅၆ | ၃၁ | ၅၁ | ၆၇ | ၈၂ | ၅၃ | ၂၇ | ၄၄ | ၃၉ | ၃၆ | ၄၃ | ၃၄ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ဟင်္သာတ | ၇၅၉ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ | ၅ | ၂၂ | ၁၂ | ၁၆ | ၁၆ | ၉ | ၇ | ၆ |
| ၁၀၁ | ပုသိမ် | ၇၉၈ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ | ၇ | ၃ | ၂ | ၆ | ၁၃ | ၈ | ၃ |
| ၁၀၂ | မြောင်းမြ | ၂၁၉ | ၀ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ |
| ၁၀၃ | အင်္ဂပူ | ၁၆၂ | ၃ | ၀ | ၇ | ၀ | ၇ | ၀ | ၁၀ | ၇ | ၁ | ၂၆ | ၇ | ၁ | ၂ | ၃ |
| ၁၀၄ | မအူပင် | ၅၀၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၀၅ | ကျိုက်လတ် | ၂၅၈ | ၀ | ၄ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၃ | ၅ | ၀ | ၀ | ၁ | ၁ |
| ၁၀၆ | မော်လမြိုင်ကျွန်း | ၅၀၁ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၀ |
| ၁၀၇ | ဒေးဒရဲ | ၄၃၃ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၁၇ | ၀ |
| ၁၀၈ | ကျုံပျော် | ၂၇၅ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၀၉ | လပွတ္တာ | ၂၄၉ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၀ | ညောင်တုန်း | ၂၄၄ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၁ | ဘိုကလေး | ၂၇၇ | ၄ | ၀ | ၁ | ၀ | ၂၈ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၁၁ | ၀ |
| ၁၁၂ | ဖျာပုံ | ၂၄၄ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁၆ | ၀ |
| ၁၁၃ | ရေကြည် | ၁၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၄ | ဝါးခယ်မ | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၁၁၅ | ဓနုဖြူ | ၁၁၀ | ၀ | ၅ | ၂ | ၀ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၁၆ | ကျောင်းကုန်း | ၈၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ကန်ကြီးထောင့် | ၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၈ | အိမ်မဲ | ၆၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | လေးမျက်နှာ | ၆၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ကြံခင်း | ၃၇ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၄ | ၀ | ၀ | ၀ | | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅,၇၄၀ | ၂၂ | ၂၅ | ၅၂ | ၈၇ | ၆၅ | ၃၅ | ၅၂ | ၄၈ | ၂၆ | ၅၇ | ၃၄ | ၃၅ | ၆၃ | ၁၈ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁,၅၅၉ | ၅ | ၀ | ၀ | ၅ | ၅ | ၄ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၄ | ၀ |
| ၁၂၇ | ကျောက်ဖြူ | ၄၄၇ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၂၈ | မောင်တော | ၃၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၉ | ကျောက်တော် | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၀ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | တောင်ကုတ် | ၁၈၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | အမ်း | ၁၇၂ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၄ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ပေါက်တော | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၁၉ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၄,၂၅၄ | ၉ | ၂ | ၁ | ၅ | ၆ | ၁၀ | ၁၄ | ၁ | ၁ | ၀ | ၃ | ၇ | ၁၀ | ၀ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၄၄၃ | ၆ | ၀ | ၂ | ၀ | ၂ | ၁ | ၄ | ၃ | ၅ | ၁ | ၄ | ၉ | ၇ | ၁၉ |
| ၁၄၄ | တောင်တွင်းကြီး | ၂၅၇ | ၁ | ၃ | ၁ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၂ |
| ၁၄၅ | မြို့သစ် | ၂၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၃ | ၁ | ၀ | ၀ | ၂ |
| ၁၄၆ | ဆိပ်ဖြူ | ၅၈ | ၆ | ၅ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၃ | ၂ |
| ၁၄၇ | နတ်မောက် | ၂၀၂ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၄၈ | မြိုင် | ၉၇ | ၀ | ၄ | ၀ | ၁ | ၂ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၁ |
| ၁၄၉ | အောင်လံ | ၆၁၀ | ၀ | ၁၂ | ၂ | ၁ | ၈ | ၅ | ၀ | ၁၁ | ၂ | ၃ | ၀ | ၀ | ၀ | ၀ |
| ၁၅၀ | စလင်း | ၂၈၀ | ၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၁ | မင်းဘူး | ၂၃၉ | ၀ | ၄ | ၃ | ၀ | ၀ | ၁၄ | ၁ | ၀ | ၃ | ၃ | ၄ | ၂ | ၁ | ၀ |
| ၁၅၂ | ရေနံချောင်း | ၁၅၅ | ၀ | ၅ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၇ | ၁ | ၁ | ၁ | ၁ | ၀ |
| ၁၅၃ | ပခုက္ကူ | ၁၃၇ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၀ |
| ၁၅၄ | ချောက် | ၁၅၈ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၈ | ၁ | ၃ | ၂ | ၁၂ | ၀ |
| ၁၅၅ | ပွင့်ဖြူ | ၉၀ | ၂ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၁-၁-၂၁) အထိ | (၈-၁-၂၀၂၁) ရက်နေ့မှ (၂၁-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ |
| ၁၅၆ | ဂန့်ဂေါ | ၇၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ |
| ၁၅၇ | သရက် | ၆၈ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၄၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၇ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၀ | မင်းလှ | ၃၇ | ၀ | ၄ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃,၃၃၀ | ၁၆ | ၆၂ | ၂၃ | ၆ | ၂၀ | ၄၁ | ၈ | ၁၈ | ၄၅ | ၁၈ | ၁၆ | ၂၀ | ၃၂ | ၂၇ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | ရေး | ၁၅၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၂ | ၁ | ၃ | ၀ | ၁ | ၂ | ၃၅ |
| ၁၆၉ | မော်လမြိုင် | ၁၅၁၂ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ | ၅၂ | ၂၂ | ၉ | ၁၉ | ၂၂ | ၃၆ | ၁၈ | ၂၃ |
| ၁၇၀ | သထုံ | ၄၈၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၁ |
| ၁၇၁ | ပေါင် | ၁၄၄ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၄ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၁ |
| ၁၇၂ | သံဖြူဇရပ် | ၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၇၃ | မုဒုံ | ၈၉ | ၁ | ၀ | ၀ | ၂ | ၃ | ၀ | ၈ | ၁ | ၁ | ၃ | ၄ | ၀ | ၅ | ၁ |
| ၁၇၄ | ချောင်းဆုံ | ၆၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၄ | ၃ | ၀ | ၀ | ၀ | ၅ | ၁ |
| ၁၇၅ | ကျိုက်ထို | ၁၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ |
| ၁၇၆ | ဘီးလင်း | ၁၆၆ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၇ | ကျိုက်မရော | ၇၅ | ၃ | ၁ | ၀ | ၀ | ၁ | ၀ | ၇ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၃,၀၅၇ | ၄၉ | ၃၄ | ၁၀ | ၄၂ | ၃၂ | ၂၇ | ၇၇ | ၃၃ | ၁၅ | ၃၀ | ၃၁ | ၄၂ | ၃၁ | ၆၃ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ကောလင်း | ၆၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၂၄ |
| ၁၇၉ | မုံရွာ | ၂၁၉ | ၂ | ၇ | ၅ | ၃ | ၇ | ၈ | ၃ | ၀ | ၉ | ၁ | ၉ | ၀ | ၁၀ | ၇ |
| ၁၈၀ | စစ်ကိုင်း | ၅၄၉ | ၁ | ၃ | ၆ | ၂ | ၄ | ၅ | ၃ | ၁၂ | ၅ | ၄ | ၁၆ | ၉ | ၀ | ၆ |
| ၁၈၁ | ကလေး | ၄၇၁ | ၉ | ၂ | ၂ | ၆ | ၄ | ၇ | ၇ | ၇ | ၁၀ | ၀ | ၄ | ၁၃ | ၂ | ၅ |
| ၁၈၂ | ကန့်ဘလူ | ၁၃၃ | ၂ | ၀ | ၀ | ၄ | ၁ | ၃ | ၀ | ၁ | ၇ | ၁၇ | ၁၅ | ၈ | ၁ | ၃ |
| ၁၈၃ | မြောင် | ၂၆ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ |
| ၁၈၄ | ယင်းမာပင် | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈၅ | ပုလဲ | ၃၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၁ |
| ၁၈၆ | ကသာ | ၂၈ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၇ | ခင်ဦး | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၈ | အရာတော် | ၁၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၉ | ရွှေဘို | ၂၂၅ | ၅ | ၃ | ၀ | ၆ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၀ | ၁ | ၂ | ၀ |
| ၁၉၀ | တမူး | ၁၁၄ | ၁ | ၄ | ၄ | ၀ | ၄ | ၀ | ၄ | ၁ | ၄ | ၂ | ၁ | ၄ | ၁ | ၀ |
| ၁၉၁ | ဆားလင်းကြီး | ၈၄ | ၆ | ၁ | ၀ | ၀ | ၂ | ၂ | ၁ | ၃ | ၃ | ၀ | ၄ | ၄ | ၀ | ၀ |
| ၁၉၂ | တန့်ဆည် | ၅၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၄ | ၁ | ၀ |
| ၁၉၃ | အင်းတော် | ၄၅ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၄ | ဒီပဲယင်း | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၅ | ချောင်းဦး | ၄၄ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၃ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၆ | ရေဦး | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၇ | မင်းကင်း | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ |
| ၁၉၈ | ဝက်လက် | ၄၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၄ | ၀ | ၀ |
| ၁၉၉ | ဟုမ္မလင်း | ၃၈ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၀ |
| ၂၀၀ | မြင်းမူ | ၂၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၀၁ | ကနီ | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ |
| ၂၀၂ | ဘုတလင် | ၂၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၀၃ | ကျွန်းလှ | ၂၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၄ | ကလေးဝ | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂,၅၇၁ | ၃၅ | ၂၅ | ၂၁ | ၂၅ | ၂၈ | ၃၅ | ၂၄ | ၄၁ | ၆၄ | ၃၃ | ၅၅ | ၅၂ | ၃၂ | ၅၃ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၄၀၂ | ၃ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁၁ | ၁ | ၂ | ၄ | ၀ | ၃ | ၂ | ၁ |
| ၂၁၅ | သံတောင်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၆ | ဘားအံ | ၅၆၉ | ၃၀ | ၂ | ၀ | ၁ | ၀ | ၁ | ၇ | ၂ | ၂၄ | ၃ | ၁ | ၀ | ၀ | ၀ |
| ၂၁၇ | ကော့ကရိတ် | ၂၁၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | လှိုင်းဘွဲ့ | ၇၈ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | ကြာအင်းဆိပ်ကြီး | ၁၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁,၂၉၆ | ၃၇ | ၂ | ၀ | ၁၃ | ၀ | ၂ | ၂၁ | ၃ | ၂၇ | ၈ | ၁ | ၃ | ၂ | ၂ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၅၁၆ | ၀ | ၆ | ၂ | ၂၅ | ၁၉ | ၁ | ၉ | ၂ | ၄ | ၀ | ၀ | ၈ | ၁၀ | ၁၀ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၄၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၃ | ၃ | ၀ | ၂ | ၁ |
| ၂၂၃ | ပုဗ္ဗသီရိ | ၁၁၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၄ | လယ်ဝေး | ၁၀၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၉၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၂၆ | တပ်ကုန်း | ၅၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁,၂၀၂ | ၆ | ၆ | ၅ | ၂၇ | ၁၉ | ၃ | ၁၁ | ၄ | ၅ | ၅ | ၅ | ၉ | ၁၆ | ၁၁ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | ဝိုင်းမော် | ၂၂ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ |
| ၂၃၀ | ဖားကန့် | ၄၇၂ | ၁ | ၂ | ၂ | ၂ | ၆ | ၅ | ၈ | ၅ | ၀ | ၁ | ၂ | ၁၂ | ၂ | ၅ |
| ၂၃၁ | မြစ်ကြီးနား | ၁၃၂ | ၁ | ၀ | ၀ | ၃ | ၂ | ၅ | ၃ | ၀ | ၁ | ၁ | ၂ | ၁၃ | ၀ | ၃ |
| ၂၃၂ | မိုးကောင်း | ၁၈ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၃၃ | မိုးညှင်း | ၄၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ |
| ၂၃၄ | ရွှေကူ | ၂၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၃၅ | ဗန်းမော် | ၂၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၅၀ | ၂ | ၄ | ၂ | ၈ | ၁၀ | ၁၃ | ၁၁ | ၅ | ၂ | ၆ | ၆ | ၂၈ | ၃ | ၁၆ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၇ | ၆ | ၀ | ၀ |
| ၂၄၁ | ထားဝယ် | ၁၁၉ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၂၄ | ၁ | ၁ | ၁ | ၀ | ၁ | ၃ | ၇ | ၀ | ၂ | ၀ | ၁၁ | ၇ | ၀ | ၀ |
| ၁၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၀ | ပင်းတယ | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ |
| ၂၅၁ | တောင်ကြီး | ၂၃၇ | ၀ | ၁၃ | ၁ | ၀ | ၀ | ၅ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၁ |
| ၂၅၂ | ကလော | ၁၀၅ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၁ |
| ၂၅၃ | ဆီဆိုင် | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၄ | ရွာငံ | ၅၅ | ၂ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | ရပ်စောက် | ၃၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ပင်လောင်း | ၂၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | လွိုင်လင် | ၂၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၈ | ညောင်ရွှေ | ၁၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၉ | ဟိုပုံး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၀ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၁ | ဖယ်ခုံ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၂ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၃ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၅၇ | ၉ | ၁၄ | ၁ | ၁ | ၁ | ၁၂ | ၁ | ၄ | ၂ | ၁ | ၁ | ၆ | ၁ | ၅ |
| ၁၄။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၆၈ | တီးတိန် | ၁၄၄ | ၉ | ၁ | ၀ | ၂၀ | ၁ | ၁ | ၃ | ၃ | ၀ | ၅ | ၇ | ၁ | ၁ | ၀ |
| ၂၆၉ | မင်းတပ် | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | မတူပီ | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | ပလက်ဝ | ၃၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၂၇၃ | ဟားခါး | ၂၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ဖလမ်း | ၂၇ | ၀ | ၁ | ၁ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ |
| ၂၇၅ | ကန်ပက်လက် | ၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၃၅ | ၉ | ၂ | ၂ | ၂၅ | ၅ | ၁ | ၆ | ၅ | ၄ | ၈ | ၉ | ၁ | ၁ | ၀ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | လားရှိုး | ၅၆ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၂ | ၁ | ၁ | ၄ | ၃ | ၀ | ၂ | ၄ |
| ၂၇၈ | မူဆယ်** | ၇၁ | ၀ | ၀ | ၂ | ၃ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၃ | ၀ | ၀ | ၂ |
| ၂၇၉ | ကျောက်မဲ | ၃၇ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၂ | ၂ |
| ၂၈၀ | ကွမ်လုံ** | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၈၁ | နောင်ချို | ၃၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၄ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | ကွတ်ခိုင် | ၁၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | မိုးမိတ် | ၁၂ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | နမ္မတူ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | တန့်ယန်း | ၈ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၂၉၀ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၂ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၉၉ | ၄ | ၅ | ၈ | ၃ | ၃ | ၃ | ၁၁ | ၃ | ၃ | ၁၀ | ၇ | ၀ | ၈ | ၁၀ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၃ | ကျိုင်းတုံ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၉၄ | မိုင်းဆတ် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၉၅ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၉ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၂ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃၀၀ | လွိုင်ကော် | ၆၄ | ၂ | ၂ | ၂ | ၀ | ၃ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၂ | ဒီမောဆို | ၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၀ | ၂ | ၂ | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၆,၁၆၆ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ |

မှတ်ချက်။ – (၂၁-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၂) မြို့နယ် ရှိပြီဖြစ်ပါသည်။

– အထက်ဖော်ပြပါ စာရင်းတွင်မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ခေတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၂) ဦး၊ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးနှင့် နီပေါနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၄၇ ဦးအား နယူးဒေလီမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် Air India လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၆ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် (၃၇) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့်သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ၂၂-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၁၉၆၀၈၆ | ၁၅၁၀၀၉၉၁ | ၄၂၀၂၈၅ |
| ၂။ | အိန္ဒိယ | ၁၀၆၂၆၂၀၀ | ၁၀၂၈၃၇၀၈ | ၁၅၃၀၆၇ |
| ၃။ | ဘရာဇီး | ၈၆၉၉၈၁၄ | ၇၅၈၀၇၄၁ | ၂၁၄၂၂၈ |
| ၄။ | ရုရှား | ၃၆၇၇၃၅၂ | ၃၀၈၁၅၃၆ | ၆၈၄၁၂ |
| ၅။ | ဗြိတိန် | ၃၅၄၃၆၄၆ | ၁၅၈၆၇၀၇ | ၉၄၅၈၀ |
| ၆။ | ပြင်သစ် | ၂၉၈၇၉၆၅ | ၂၁၄၅၃၈ | ၇၁၉၉၈ |
| ၇။ | စပိန် | ၂၅၆၀၅၈၇ | စိစစ်ဆဲ | ၅၅၀၄၁ |
| ၈။ | အီတလီ | ၂၄၂၈၂၂၁ | ၁၈၂၇၄၅၁ | ၈၄၂၀၂ |
| ၉။ | တူရကီ | ၂၄၁၂၅၀၅ | ၂၂၉၀၀၃၂ | ၂၄၆၄၀ |
| ၁၀။ | ဂျာမနီ | ၂၁၁၀၂၉၇ | ၁၇၈၀၂၀၀ | ၅၁၂၂၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၂၂- ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၆၅၂၈၃ | ၇၈၁၁၄၇ | ၂၇၄၅၃ |
| ဖိလစ်ပိုင် | ၅၀၉၈၈၇ | ၄၆၇၇၂၀ | ၁၀၁၃၆ |
| မလေးရှား | ၁၇၆၁၈၀ | ၁၃၂၇၀၆ | ၆၆၀ |
| မြန်မာ | ၁၃၆၅၉၁ | ၁၂၀၅၄၃ | ၃၀၃၁ |
| စင်ကာပူ | ၅၉၂၅၀ | ၅၈၉၅၉ | ၂၉ |
| ထိုင်း | ၁၃၁၀၄ | ၁၀၂၂၄ | ၇၁ |
| ဗီယက်နမ် | ၁၅၄၈ | ၁၄၁၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၆ | ၃၉၉ | ၀ |
| ဘရူနိုင်း | ၁၇၅ | ၁၆၉ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

*ကျောဖုံးမှ*

အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားက COVISHIELD ကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း ထံ လွှဲပြောင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး က " ဒီကာကွယ်ဆေးတွေကို အိန္ဒိယနိုင်ငံက ထုတ်လုပ်တာပါ။ မြန်မာနိုင်ငံအပါအဝင် ကျွန်ုပ်တို့ရဲ့ မိတ်ဖက်နိုင်ငံတွေကို ကာကွယ်ဆေးထောက်ပံ့မယ့် အစီအစဉ်ဟာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရဲ့ နိုင်ငံတကာအခမ်းအနားတွေမှာပြောကြားလေ့ရှိတဲ့ မိန့်ခွန်းတစ်ရပ်ဖြစ်တဲ့ အိန္ဒိယ နိုင်ငံရဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုနဲ့ ဖြန့်ဝေနိုင်မှု စွမ်းဆောင်ရည်တို့ကို ယခုကမ္ဘာ့ကပ်ရောဂါကို တွန်းလှန်တိုက်ဖျက်ရာမှာ လူသားအားလုံးကို အကူအညီပေးမယ် ဆိုတဲ့ ကတိစကားကို ဖြည့်ဆည်းဖော်ဆောင်ပေးခြင်းပဲ ဖြစ်ပါတယ် " ဟု ပြောကြားသည်။

ယနေ့ကာကွယ်ဆေးရောက်ရှိလာမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမြင့်က " ပထမအကြိမ်ထိုးပြီးရင်လည်း သတိရှိရှိနဲ့ နေကြပါ။ ဒုတိယအကြိမ် ထိုးပြီးရင်လည်း ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာပြီး တန်ဖိုးရှိတဲ့ဆေးတွေ အလဟဿမဖြစ်အောင် နေထိုင်ကြစေလိုပါတယ်။ အခု မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့ ကိုဗစ်ကာကွယ်ဆေးကတော့ အအေး 2°C မှ 8°C အတွင်းမှာ ထားရတဲ့ဆေးပါ။ ကျွန်တော်တို့အနေနဲ့ကလည်း အရင်ကာကွယ်ဆေးတွေကို အအေးခန်းတွေမှာ ထားသုံးရတဲ့ဆေးမျိုးတွေရှိနေတော့ အခု ကိုဗစ်ကာကွယ်ဆေးအတွက် အထွေအထူး ပြဿနာ မရှိပါဘူး။ ယခင် ပုံမှန်ကာကွယ်ဆေးတွေကိုလည်း တစ်နိုင်ငံလုံးကို အအေးလမ်းကြောင်းမပျက်တဲ့ စနစ်တွေနဲ့ စနစ်တကျ ဖြန့်ဖြူးတဲ့အတွေ့အကြုံလည်း ရှိပြီးသား ဖြစ်တဲ့အတွက် အချိန်မီရောက်ရှိသွားအောင် Central Cold Change ကနေ ဖြန့်ဝေသွားမှာပါ " ဟု ပြောသည်။

အိန္ဒိယအစိုးရအနေဖြင့် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာလာစေရန်နှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အထောက်အကူပြုစေပြီး မြန်မာပြည်သူပြည်သားများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရန်အတွက် ရွေးရှု၍ ကာကွယ်ဆေး ၁ ဒသမ ၅ သန်းကို ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပထမအသုတ်အဖြစ် လှူဒါန်းခြင်းဖြစ်ပြီး ထပ်မံ၍ ဒုတိယအကြိမ် ဆက်လက်လှူဒါန်းရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ – ဖေဇော်**




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားက COVISHIELD ကာကွယ်ဆေးများကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ထံ လွှဲပြောင်းပေးအပ်စဉ်။

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၂၂**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

## နိပွန်ဖောင်ဒေးရှင်းကူညီမှုဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ပင်းတယ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြေခြား(မြောက်) မူလတန်းကျောင်း၌ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့၏ EPD စီမံကိန်းမှ ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ ဇန်နဝါရီ ၂၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ပညာရေးမှူး ဦးဝင်းမောင်၊ ပင်းတယမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဖေ၊ လက်ထောက်ပညာရေးမှူး ဦးသီဟနှင့် နိပွန်ဖောင်ဒေးရှင်းအဖွဲ့မှ ဒေါ်အေးအေးသန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ပြည်နယ်ပညာရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို နိပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက ပြည်နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား ပေ ၃၀၊ အနံ ၂၄ ပေရှိ စာသင်ခန်း လေးခန်းနှင့်အတူ အလံတိုင် တစ်တိုင်၊ ငါးခန်းတွဲအိမ်သာ တစ်လုံး၊ လက်ဆေးဘေစင် နှစ်ခု၊ ရေလှောင်ကန် တစ်ကန်တို့ ပါဝင်သည်။ ထို့အပြင် ဆရာမ စာရေးစားပွဲနှင့် ကုလားထိုင်လေးစုံ၊ ကျောင်းသားစာရေးစားပွဲနှင့် ထိုင်ခုံအစုံ ၆၀ နှင့် White Board ရှစ်ချပ်လည်း ပါရှိသည်။ ကျောင်းဆောင်သစ်ကို နိပွန်ဖောင်ဒေးရှင်းမှ ကူညီပံ့ပိုးငွေ ကျပ် ၆၇၃ သိန်းကျော်နှင့်အတူ ဒေသခံများ၏ တည်ဆောက်ရေးနှင့် လုပ်အားပေး ကုန်ကျစရိတ် ကျပ် ၁၁၉ သိန်းကျော်၊ အပိုကုန်ကျငွေ ကျပ်ငါးသိန်းကျော်၊ စုစုပေါင်း ကျပ် ၇၉၈ သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပင်းတယ)**






## ပေါင်မြို့နယ်ရှိ ကျေးရွာရှစ်ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်မည်

**ပေါင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းကော်မတီဝင်များ ရွေးချယ်ခြင်းအခမ်းအနားကို ဇန်နဝါရီလတတိယပတ်က ကတွန်ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က စီမံကိန်း၏ ရည်ရွယ်ချက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ယူရမည့် လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ကျေးရွာတွင်း စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကောင်းမွန်စေရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကျေးရွာလူထုက ကျေးရွာတွင် ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး စီမံကိန်းကော်မတီဝင်များကို ရွေးချယ်ကြကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၇ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၀ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၁၄၂၁ | ၁၃၈၅၆၁၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၁၈၈၈၉ | ၇၁၈၂၇၃၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁ | ၂၂၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၄၆၀ | ၆၆၂၄၅၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၉ | ၃၂၄၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ (၂၁)

## မောင်ခင်မင် (ဓနုဖြူ)

"ဗုဒ္ဓစာပေဝတ္ထုတွေအကြောင်း ဆရာပြောပြလို့ တော်တော်မြင်သွားပါပြီဆရာ။ ဇာတက၊ ဗုဒ္ဓဝင်၊ ဇင်းမယ်ပဏ္ဏာသ၊ ဓမ္မပဒဝတ္ထုတွေဟာ ပါဠိက မြန်မာစာကို ပေးတဲ့ အမွေအနှစ်တွေလို့ ဆရာသုံးသပ်ပြတာ အများကြီး ဗဟုသုတတိုးပါတယ် ဆရာ"

"အင်း"

"ဝတ္ထုမဟုတ်တဲ့ ဗုဒ္ဓစာပေတွေလဲ မြန်မာစာပေမှာ အများကြီးရှိမှာပေါ့နော် ဆရာ"

"မင်းက…ဆက်ပြောစရာစကားတောင်းနေတာကိုး။ ဟုတ်တယ်၊ ဝတ္ထုတွေကတော့ စာဖတ်သူ၊ တရားနာသူတွေရဲ့ ရင်ထဲကိုပို့ပေးတဲ့ စာပေတွေပေါ့။ အဲ…ဝတ္ထုမဟုတ်ဘဲ တရားသဘောတွေကို ရှင်းလင်းဖွင့်ဆိုတဲ့ စာပေကျမ်းဂန်တွေလဲ အများကြီးရှိတာပေါ့ကွယ်။ အရင်းခံကတော့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလို ကျမ်းတွေထဲမှာ အမေးအဖြေသဘောသက်ရောက်တဲ့ ကျမ်းတွေပါတာပေါ့။ မေးတဲ့သူတွေကတော့ ဘုရင်ကစပြီး မှူးမတ်တွေ၊ ပညာလိုလားသူတွေပေါ့။ ဖြေတဲ့ပုဂ္ဂိုလ်တွေကတော့ စာပေကျမ်းဂန်တတ်ကျွမ်းတဲ့ ဆရာတော်ကြီးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတာတွေပြောရရင် ကုန်းဘောင်ခေတ်မှာ အလောင်းမင်းတရားကြီး မေးလျှောက်တာတွေကို အတုလဆရာတော်ဖြေတဲ့ 'နန်းစဉ်ပုစ္ဆာအဖြေကျမ်း'၊ လက်ဝဲနော်ရထာမေးလျှောက်တာတွေကို တောင်တွင်းဆရာတော် ခင်ကြီးဖျော် ဖြေတဲ့ 'လက်ဝဲနော်ရထာလျှောက်ထုံး' ဆိုတဲ့ ကျမ်းတွေ ကုန်းဘောင်ခေတ်ဦးမှာ ထင်ရှားတာပေါ့"

"ဟုတ်ကဲ့ပါ"

"အရင်ပြောခဲ့တဲ့ မုံရွေးဇေတဝန်ဆရာတော်ကို တပည့်ဖြစ်တဲ့ မုံရွာရှင်သီရိမာလာဆိုတဲ့ သာမဏေကမေးလျှောက်တာတွေကို ဆရာတော်က အသေးစိတ်ပြန်ဖြေထားတဲ့ အဖြေတွေက 'သမန္တစက္ခုဒီပနီကျမ်း' ဆိုပြီး ထင်ရှားတယ်"

"ဟုတ်ကဲ့ပါ"

"နောက် ဘိုးတော်ဘုရားမေးလျှောက်တာကို မောင်းထောင်ဆရာတော် ပြန်ဖြေတဲ့'အမေးတော်ဖြေကျမ်း'ဆိုတာ ရှိတယ်။ အဲဒီ ကျမ်းတွေမှာ လောက၊ ဓမ္မ၊ ရာဇအကြောင်းအရာမျိုးစုံကို ပါဠိစာပေကျမ်းဂန်တွေ ကိုးကားဖြေထားတာတွေဆိုတော့ မှတ်သားစရာတွေအများကြီးပေါ့ကွယ်"

"ဟုတ်ကဲ့"

"ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာပေါ်ပေါက်လာတဲ့ 'သံပေါက်ကျမ်း' နှစ်ကျမ်းကလဲ အရေးကြီးတယ်ကွဲ့"

"ဟင်၊ သံပေါက်ကျမ်းလား ဆရာ"

"အေး၊ သံပေါက်ကျမ်းဆိုလို့ သံပေါက်ကဗျာကလေးတွေရေးထားတာ ပဲလို့ထင်ပြီး အသေးအဖွဲ့မမှတ်နဲ့၊ မြန်မာစာပေမှာ လေးလေးစားစား ကိုးကားရတဲ့ကျမ်းတွေကွဲ့"

"ပြောပြပါဆရာ"

"တစ်ကျမ်းက စိန္တကျော်သူဦးဩရဲ့ ကဝိလက္ခဏာသတ်ပုံ 'သံပေါက်ကျမ်း'ပဲ။ အရင်းခံကတော့ သတ်ပုံရေးထုံး အပင့်၊ အရစ်၊ အသတ်တွေ ဂရုပြုမိအောင် သံပေါက်ကဗျာတွေနဲ့ ဖွဲ့ထားတာပဲ။ ဒါပေမဲ့အကြောင်းအရာက မှတ်သားစရာ အမျိုးစုံပါတယ်။ နမူနာပြောရရင် စစချင်းသံပေါက်က 'ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆဲ့ရှစ်ဖြာ'တဲ့။ အဓိပ္ပာယ်က ဘုရားရှင်ရဲ့ ရောင်ခြည်တော်ခြောက်ပါး ဘဝဂ်အထိပျံ့နှံ့ပုံနဲ့ ဘုရားရှင်မှာ အံ့ဩဖွယ် ဂုဏ်တော် ဆယ့်ရှစ်ပါးရှိပုံကို ဖွဲ့ထားတာပဲ"

"ဩော်၊ ဟုတ်ကဲ့"

"အဲဒီလိုပဲ၊ ပိဋကတ်စာပေ၊ သမိုင်းရာဇဝင်၊ ဗေဒင်နက္ခတ်၊ မြန်မာကဗျာ အရေးအဖွဲ့၊ ဆင်ကြန် မြင်းကြန်စတဲ့ စာပေကျမ်းဂန်က အကြောင်းအရာတွေကို ဖွဲ့ထားတာ သံပေါက်ပေါင်း ၁၇၉၃ ပုဒ်ပါတယ်"

"ဟာ…အများကြီးပါလား"

"အဲဒီသံပေါက်တွေထဲက သံပေါက် ၇၈ ပိုဒ်ကို မင်းတုန်းမင်းလက်ထက်မှာ မြောင်လှမြို့စား၊ နိုင်ငံခြားဝန်ထောက် မင်းကြီးသီရိမဟာဇေယျာသူဘွဲ့ရတဲ့ ပညာရှိ ဦးဖြိုးမှ်က အကျယ်ဖွင့်ဆိုထားတဲ့ ကျမ်းရှိတယ်။ 'ကဝိလက္ခဏာဒီပနီ' တဲ့။ အသိခက်တဲ့ သံပေါက်တွေရဲ့အဓိပ္ပာယ်ကို မင်းတုန်းမင်းတရားကြီးက မေးမြန်းတဲ့အတွက် အဲဒီကျမ်းကို ရေးတာလေ"

"ဟုတ်ကဲ့၊ သိပါပြီ ဆရာ၊ ကျွန်တော်လေ့လာချင်ပါတယ်"

"နောက် သံပေါက်ကျမ်းတစ်ကျမ်းက 'စွယ်စုံကျော်ထင်ကျမ်း' ဆိုပြီး ထင်ရှားတယ်"

"ကြားဖူးပါတယ် ဆရာ"

"ကျည်းကန်ရှင်ကြီးဆိုတဲ့ ပညာရှိသာမဏေကြီး၊ ကိုရင်ကြီးပေါ့၊ ရှင်နန္ဒမေဓ ဆိုတဲ့ အဲဒီကိုရင်ကြီးက ကဝိလက္ခဏာသတ်ပုံလိုပဲ သံပေါက်ကျမ်းကြီး ရေးခဲ့တာ။ အားလုံးက အမေးပုစ္ဆာတွေချည်းပဲ။ အဲဒီမှာလဲ ပိဋကတ်ကျမ်းဂန်တွေထဲက အကြောင်းအရာတွေ မျိုးစုံပါတယ်။ အဲဒီအမေးပုစ္ဆာတွေကို ကျီးသဲလေးထပ် ဆရာတော် ရှင်မုနိန္ဒာဘိဓဇက ပြန်ဖြေတဲ့ကျမ်းကို စွယ်စုံကျော်ထင်ကျမ်းလို့ ခေါ်တာ။ 'ကျည်းကန်အမေး၊ ကျီးသဲအဖြေ'လို့ မှတ်သားကြတယ်။ မြန်မာစာပေလေ့လာသူတွေ အလေးအမြတ်ပြုရတဲ့ ကျမ်းကြီးပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"ခေတ်အဆက်ဆက်ပေါ်ပေါက်တဲ့ ဆရာတော်ကြီးတွေရဲ့ ထေရုပ္ပတ္တိကို လေ့လာကြည့်ရင် စာပေကျမ်းဂန်တွေအများကြီး ပြုစုခဲ့ကြတာကို တွေ့ရမှာပေါ့။ ကျမ်းနာမည်တွေလဲ တွေ့နိုင်တယ်။ ဆရာတော်ကြီးတွေ ပရိယတ္တိ တာဝန်ကျေပွန်ကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါးကတော့ အများသိကြတဲ့ လယ်တီဆရာတော်ကြီးပဲ။ ဆရာတော်ကြီးဟာ ကျမ်းပေါင်းတစ်ရာကျော် ရေးသားပြုစုခဲ့တယ်။ အဲဒီထဲမှာ 'ဒီပနီ' နာမည်တပ်တဲ့ကျမ်းတွေ အများကြီးပါတယ်"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ကျောင်းသားတုန်းက ဒါနာဒိဒီပနီ သင်ခဲ့ရပါတယ်ဆရာ"

"ဗုဒ္ဓစာပေမှာလာတဲ့ တရားသဘောတွေကို အကျယ်ဖွင့်ပြထားတဲ့ ကျမ်းတွေပေါ့ကွယ်။ မဂ္ဂင်ဒီပနီ၊ ရူပဒီပနီ၊ ဗောဓိပက္ခိယ ဒီပနီ၊ ဥတ္တမပုရိသဒီပနီ၊ အနတ္တဒီပနီ၊ ဒါနာဒိဒီပနီ စသည်ဖြင့်ပေါ့။ အဲဒီ ဒီပနီကျမ်းတွေကို လယ်တီဒီပနီပေါင်းချုပ်ဆိုပြီး ဗုဒ္ဓသာသနာအဖွဲ့က ထုတ်ထားပါတယ်"

"ဟုတ်ကဲ့ပါ။ ဩော်…ပဋိစ္စသမုပ္ပါဒဒီပနီလဲ သင်ခဲ့ရပါတယ်ဆရာ"

"ဟုတ်ပါပြီ။ မင်းလေ့လာဖူးတဲ့အတိုင်း အဲဒီ ဒီပနီကျမ်းတွေမှာ ခက်ခဲနက်နဲတဲ့တရားသဘောတွေကို ဥပမာအမျိုးမျိုး၊ သာဓကအမျိုးမျိုးနဲ့ ရှင်းပြထားတာ ဘယ်လောက်ရှင်းသလဲကွယ်။ စကားပြေအရေးအသားကလဲ အင်မတန် ရှင်းလင်းပြေပြစ်တယ်လေ"

"ဟုတ်ပါတယ်ဆရာ"

"ဆရာတော်ကြီးရဲ့ခံယူချက်တစ်ခုကို ဥတ္တမပုရိသဒီပနီမှာ တွေ့ရတယ်။ ဆရာအရင်ပြောဖူးပါတယ်။ ဆရာတော်ကြီးဆိုလိုတာက စာရေးရာမှာပါဠိသံ ကျမ်းဂန်သံတွေလွှမ်းနေရင် စကားကြီးကျယ်ခံ့ညားပေမဲ့ ဖတ်တဲ့သူတွေ အသိဉာဏ် တန်းခနဲ၊ စိုက်ခနဲမသွားဘူးတဲ့၊ ယောင်ဝါးကြီးဖြစ်နေတတ်တယ်တဲ့။ ဒါကြောင့် ဒီကျမ်းကစပြီး မြန်မာပရိသတ်အတွက် မြန်မာပြော ပြောမယ်လို့ ဆရာတော်ကြီးက မိန့်ဆိုထားတယ်"

"မှတ်သားစရာကောင်းလိုက်တာဆရာ"

"မြန်မာပရိသတ်အတွက် မြန်မာလိုနားလည်အောင် မြန်မာပြောပြောဖို့ လိုတယ်ဆိုတဲ့ ဆရာတော်ကြီးရဲ့ အဆိုအမိန့်ဟာ သဘာဝလဲကျတယ်။ စာရေးသူတွေအတွက် လမ်းညွှန်လဲဖြစ်တာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"နောက်ဆရာတော်ကြီးမှာ ဆန္ဒတစ်ခုရှိသေးတယ်။ ပိဋကတ်စာပေတွေကို မြန်မာတွေ သဘောပေါက်နားလည်ဖို့ 'ဘာသာပြန်ကိန်းကြီးလိုနေပြီ' လို့ မိန့်ကြားပြီး ပိဋကတ်ဘာသာပြန်တွေ ပေါ်ပေါက်စေချင်တဲ့ဆန္ဒကို ဖော်ပြခဲ့တယ်လေ"

"ဟုတ်ကဲ့ပါ"

"လွတ်လပ်ရေးရပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပပြီးတဲ့နောက်မှာ ပိဋကတ်ကျမ်းတွေကို အပြည့်အစုံ မြန်မာဘာသာပြန်ခဲ့ကြတယ်။ လယ်တီဆရာတော်ကြီးရဲ့ဆန္ဒပြည့်ဝသွားတာပေါ့"

"ဟုတ်ပါတယ်ဆရာ။ ဗုဒ္ဓသာသနာအဖွဲ့ကထုတ်တဲ့ အဖုံးအဝါရောင်တွေနဲ့ ပိဋကတ်ဘာသာပြန်တွေ၊ အတွဲတွေ အများကြီးထွက်လာတာတွေ့ရပါတယ်"

"ဟုတ်တယ်။ ဩော်…သတိရလို့ အရေးအသားသိပ်ကောင်းတဲ့ကျမ်းတစ်ကျမ်းအကြောင်း ပြောရအုံးမယ်။ ကျမ်းနာမည်က 'ပဏ္ဍိတဝေဒနိယဒီပနီကျမ်း' ပါ။ ကျမ်းပြုပုဂ္ဂိုလ်က သစ်ချတောင်(သေက္ခတောင်)ဆရာတော် အရှင်တိလောကပါ။ ဆရာတော်က ဒီကျမ်းမှာ ကမ္မဋ္ဌာန်းအားထုတ်နည်းအကြောင်း လမ်းညွှန်ထားတာပါ။ စာအရေးအသားသိပ်ကောင်းလို့ ဆရာဇော်ဂျီက ချီးကျူးတာ ဖတ်ဖူးပါတယ်။ ကမ္မဋ္ဌာန်းထိုင်ရင်း အာရုံထဲမှာမြင်လာတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို သရုပ်ဖော်ရာမှာ အရေတွေ၊ အသားတွေဖုံးနေတဲ့ အရိုးတွေကိုတစ်ကန့်စီမြင်ယောင်လာနိုင်တဲ့အထိ ကွင်းကွင်းကွက်ကွက် သရုပ်ဖော်ထားတာ သိပ်ပေါ်လွင်တာပဲ။ ဗုဒ္ဓစာပေကျမ်းကောင်းတစ်ဆူပါပဲကွယ်"

"အခုလိုသိရတာ ကျေးဇူးတင်ပါတယ် ဆရာ"

"လယ်တီဆရာတော်ကြီးရဲ့တပည့်ရင်း လယ်တီပဏ္ဍိတဦးမောင်ကြီးဆိုရင်လဲ စာပေကျမ်းဂန်တွေ အများကြီးပြုစုခဲ့တဲ့ဆရာကြီးပဲ။ ကျမ်းပေါင်း ၄၀၀ နီးပါး ပြုစုခဲ့တယ်လို့သိရတယ်။ ဆရာလေ့လာဖူးတာတော့ နီတိမာလာကျမ်း၊ နီတိမဉ္ဇရီကျမ်း၊ သုရဿတီနီတိကျမ်းဆိုတဲ့ နီတိကျမ်းတွေပဲ။ ပါဠိကျမ်းဂန် အကိုးအကားတွေနဲ့ နှံ့နှံ့စပ်စပ်ပြုစုထားတဲ့ ကျမ်းတွေပေါ့ကွယ်။ ကိုလိုနီခေတ်မှာ အဲဒီလိုပါဠိစာပေတတ်ကျွမ်းတဲ့ပညာရှင်တွေရဲ့ကျေးဇူးကြောင့် စာပေကျမ်းဂန်တွေ အများအပြားပေါ်ပေါက်ပြီး မြန်မာစာပေကို ကျေးဇူးပြုတာပေါ့ကွယ်" ။ ။

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## ဂျိမ်းစဘွန်းရုပ်ရှင်သစ် ပြသမည့်ရက် ထပ်မံရွှေ့ဆိုင်း

ဂျိမ်းစဘွန်းရုပ်ရှင်သစ်ဖြစ်တဲ့ No Time To Die ရုပ်ရှင်ကားရုံတင်မယ့်ရက်ကိုတော့ ကိုဗစ် – ၁၉ ကြောင့် တတိယအကြိမ်မြောက် ရွှေ့ဆိုင်းလိုက်ရပြန်ပါပြီ။ ရုပ်ရှင်မင်းသား ဒန်နီရယ် ခရက် Daniel Craig ဂျိမ်းစဘွန်းအဖြစ် နောက်ဆုံးအကြိမ်ပါဝင်မယ့်ရုပ်ရှင်ကားကိုအောက်တိုဘာ ၈ မှာပြသမယ်လို့ ဇန်နဝါရီ ၂၂ ရက် အစောပိုင်းမှာပဲ တွစ်တာမှာကြေညာထားပါတယ်။ အဲဒီရုပ်ရှင်ကားကို၂၀၂၁ ခုနှစ် ဧပြီလမှာပြသမယ်လို့ ရက်သတ်မှတ်ထားတာပါ။

ပထမဆုံးသတ်မှတ်ထားတဲ့ ရုံတင်မယ့်ရက်က ဧပြီ ၂၀၂၀ ဖြစ်ပေမယ့် ကိုဗစ်–၁၉ ကြောင့်တစ်နှစ်ကြာ ရက်ရွှေ့ဆိုင်းလိုက်ရတာပါ။ ကိုဗစ် – ၁၉ ရဲ့ ရိုက်ခတ်မှုတွေကြောင့် ဟောလိဝုဒ်မှာ ထိခိုက်မှုတွေရှိလာပြီး သရုပ်ဆောင်တွေနဲ့ ရုပ်ရှင်အဖွဲ့သားတွေမှာ ကိုဗစ်–၁၉ ကူးစက်ခံရတဲ့အတွက် ရိုက်ကူးရေးကိုရပ်နားခဲ့ရပါတယ်။ နောက်ပိုင်းမှာ တချို့သော နိုင်ငံတွေမှာ ရုပ်ရှင်ရုံတွေ ပိတ်ထားရတဲ့အတွက် ထုတ်လုပ်သူတွေလည်း ဝင်ငွေရဖို့မစွမ်းသာတော့ပါဘူး။

ယခုလအစောပိုင်းကလည်း ဝါနာဘရားသားကုမ္ပဏီ The Many Saints of Newark ရုပ်ရှင်ရုံတင်မယ့်ရက် နှောင့်နှေးမယ်လို့ ကြေညာခဲ့ပါတယ်။ အမေရိကန်ရဲ့ အစိတ်အပိုင်းအတော်များများမှာ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ထားတဲ့အတွက် ဖြစ်ပါတယ်။ ဂျိမ်းစဘွန်းပရိသတ်တွေကတော့ ကပ်ရောဂါမဖြစ်ခင်ကတည်းက ဂျိမ်းစဘွန်းရုပ်ရှင်ကားသစ် ရုံတင်ပြသမယ့်ရက်ကို စောင့်ဆိုင်းနေခဲ့ကြတာပါ။ **စကိုင်းနယူး**




## သမီးလေး၏ အမည်ကို ဂျီဂျီ ဟာဒစ်နှင့် ဇိန်းမလစ်ခ်တို့ လူသိရှင်ကြားအသိပေး

စူပါမော်ဒယ် ဂျီဂျီ ဟာဒစ်နှင့် အဆိုတော် ဇိန်းမလစ်ခ်တို့ဟာ မိဘတွေဖြစ်လာကြတာ လေးလကြာပြီးတဲ့နောက်မှာတော့ သူတို့ရဲ့သမီးဦးလေးနာမည်ကို အများသိအောင် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မကြာသေးမီကမှ မွေးဖွားထားတဲ့ သမီးဦးလေးရဲ့ နာမည်ကို " ခိုင်း " လို့ ပေးထားပါတယ်။

ဇန်နဝါရီ ၂၁ ရက်မှာတော့ ဂျီဂျီဟာဒစ်ဟာ သူ့ရဲ့အင်စတာဂရမ် အကောင့်မှာ ခိုင်းရဲ့မေမေဆိုပြီး ရေးသားထားပါတယ်။ ကိုယ်ဝန်ဆောင်စဉ်တစ်လျှောက်လုံးမှာလည်း ဂျီဂျီဟာဒစ်က သူ့ရဲ့ မိခင်လောင်းဘဝအတွေ့အကြုံတွေကို ပရိသတ်တွေကို မျှဝေပေးခဲ့ပါတယ်။ သမီးလေးမွေးပြီးတဲ့ အချိန်ကစလို့ ဂျီဂျီဟာဒစ်တို့စုံတွဲဟာ ဂျီဂျီရဲ့မိခင်ရှိရာ ပင်ဆယ်ဗေးနီးယားပြည်နယ်မှာ သွားရောက်နေထိုင်ကြပါတယ်။

အဲဒီမှာနေထိုင်ရတာ ငြိမ်းချမ်းတယ်လို့ ဂျီဂျီနဲ့ ရင်းနှီးသူတစ်ယောက်က အီးနယူးကို ပြောပါတယ်။ ဂျီဂျီကတော့ ကလေးကိုကင်မရာတွေနဲ့ ဝေးရာမှာထားလိုပြီး သီးသန့်ပြုစုစောင့်ရှောက်ချင်တယ်လို့လည်း အဆိုပါသတင်းအရင်းအမြစ်ကပြောပါတယ်။ ဂျီဂျီနဲ့ ဇိန်းမလစ်ခ်တို့ဟာ၂၀၁၅ ခုနှစ်ကစပြီးတွဲနေကြပြီလို့ ကောလာဟလထွက်ခဲ့ကြပါတယ်။ အဲဒီနောက် လမ်းခွဲခဲ့ကြပြီး ၂၀၁၉ ခုနှစ်နှောင်းပိုင်းမှာ ပြန်လက်တွဲခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ပထမဆုံးရင်သွေးလေးကို လွယ်ထားရပြီလို့ ပရိသတ်တွေကိုအသိပေးခဲ့ပါတယ်။

**အီးနယူး**



ဂျီဂျီဟာဒစ်

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပဲခူးမြို့သူ/သားများစုပေါင်း၍ (ဒုတိယအကြိမ်) အလှူငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

**ပဲခူး ဇန်နဝါရီ ၂၂**

ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲက We Love Bago Charity Organization မှတစ်ဆင့် နိုင်ငံတော်၏ ကိုဗစ်-၁၉ကာကွယ်ဆေးဝယ်ယူရေးအတွက် ပဲခူးမြို့မှ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ We Love Bago Charity organization ၏ ဂုဏ်ထူးဆောင်နာယက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး We Love Bago Charity Organization မှတစ်ဆင့် နိုင်ငံတော်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေးအတွက် လှူဒါန်းထားသော ပဲခူးမြို့မှ အလှူရှင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်တို့က ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြသည်။

We Love Bago Charity organization မှတစ်ဆင့် နိုင်ငံတော်၏ ကိုဗစ်ကာကွယ်ဆေးဝယ်ယူရေးအတွက် ပဲခူးမြို့မှ အလှူရှင်များအနေဖြင့် ပထမအကြိမ် ငွေကျပ်သိန်း ၁၀၀၀ ကို ဇန်နဝါရီ ၁၅ ရက်က လှူဒါန်းထားပြီးဖြစ်ရာ ယခုဒုတိယအကြိမ်တွင် စိန်မျှားဆေးပေါ့လိပ်မိသားစုမှ အလှူငွေကျပ်သိန်း ၂၀၀၊ ဦးသိန်းဝင်း+ဒေါ်ကျင်ငွေးမိသားစုမှ ငွေကျပ်သိန်း ၅၀၊ ဦးသန်းဝင်းအောင် + ဒေါ်မြသန်းနွဲ့ သုခမိန်ဆေးပေါ့လိပ်မိသားစုမှ ငွေကျပ်သိန်း ၅၀၊ တရုတ်အမျိုးသားလူမှုရေးအသင်းမှ ငွေကျပ်သိန်း ၃၀၊ ပဲခူးမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များမှ ၂၆ သိန်းကျော်၊ ပဲခူးခရိုင်အဆင့်ဌာနဆိုင်ရာများက ၂၅ သိန်း၊ ဦးလှတင်+ ဒေါ်အေးကြည် ကြယ်နီဆေးပေါ့လိပ် ကိုယ်စားလှယ်မိသားစုမှ ငွေကျပ်သိန်း ၂၀၊ ဦးပိန်ကွမ်း၊ ဦးစန်းလွင်၊ ဦးအောင်အောင်၊ ဦးထူးအောင်တို့မှ ငွေကျပ်သိန်း ၂၀၊ ဟသ်ာတင်းနစ်ကလပ် WT ညီကိုများမှ ငွေကျပ် ၁၃သိန်း၊ ငွေကျပ် ၁၀ သိန်း အလှူရှင် ၁၉ ဦးနှင့် အခြားအလှူရှင်များစုပေါင်း၍ ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ်သိန်း ၁၀၀၀ ကို လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)




## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၂**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၉ ဒသမ ၇၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၉ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉၉ ဒသမ ၆၀ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၅ ဒသမ ၈၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၉ ဒသမ ၄၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၅ ဒသမ ၂၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၂၄ ဒသမ ၈၈ သန်း ဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၃၂ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၁ ဒသမ ၇၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၁ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၄၃ ဒသမ ၄၉ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂၁ ဒသမ ၆၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၉၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၆၂ ဒသမ ၆၁ သန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၆၀၆ ဒသမ ၁၀ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၁၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

## ဒဂုံဆိပ်ကမ်းမြို့နယ်မှ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ဇန်နဝါရီလကုန်ပိုင်းတွင် ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဦးစီးဌာနက တည်ဆောက်သော နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာကို ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်ပြီးစီးပြီဖြစ်ရာ ဇန်နဝါရီ ၂၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အိမ်ငှားနေထိုင်ရမှုကြောင့် ဝင်ငွေဆုံးရှုံးမှုကို လျော့ကျစေလျက် ရရှိသော အခြေခံလစာအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတွင် စျေးနှုန်းသက်သာစွာ နေထိုင်နိုင်ရန် စီမံဆောင်ရွက်ထားခြင်းဖြစ်ကာ အရာထမ်းဖြစ်ပါက လစာ၏ ၅ ရာခိုင်နှုန်းနှင့် ဝန်ထမ်းဖြစ်ပါက ၃ ရာခိုင်နှုန်းဖြင့် ငှားရမ်းခွင့်ရမည်ဖြစ်ကြောင်း သိရသည်။



ဖွင့်လှစ်တော့မည့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာမှ အဆောက်အအုံများ။

မြို့ပြနှင့် အိမ်ရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က "ဇန်နဝါရီ ၂၈ ရက်မှာ ဖွင့်ပွဲလုပ်မှာပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ခန်းနေရာချထားရေးကော်မတီကို ဖွဲ့ပြီးတာနဲ့ ရွေးချယ်မှာပါ။ ကော်မတီက တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်တဲ့ ဌာနတွေနဲ့ ညှိနှိုင်းပြီး ရွေးချယ်ချထားပေးမှာပါ။ တိုက် ၁၄ လုံးမှာ အိမ်ခန်း ၄၇၆ ခန်း နေထိုင်လို့ရပါတယ်။ နိုင်ငံမှာ အစိုးရဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ ဒါကြောင့် သူတို့ရဲ့ သက်သာချောင်ချိရေးနဲ့ နေထိုင်ဖို့စီစဉ်ပေးမှုဟာ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးကို ဖော်ဆောင်ပေးရာကျပါတယ်။ ရန်ကုန်မြို့လို အိမ်လခကြီးမြင့်တဲ့ နေရာမှာ အငှားအိမ်ရာ စီစဉ်ပေးနိုင်တာဟာ သူ့တို့ရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကို အကျိုးပြုတဲ့အပြင် တိုင်းပြည်ထူထောင်ရေးမှာလည်း နှစ်ဦးနှစ်ဖက် အကျိုးရှိလို့ နိုင်ငံတော်ရဲ့ အကျိုးရှိတဲ့စီမံကိန်းဖြစ်တဲ့အတွက် အားရကျေနပ်ပါတယ်။ နေထိုင်ရေးအခက်အခဲရှိတဲ့ ဝန်ထမ်းတွေအတွက် ခရိုင်လေးခုမှာ ဆက်လက်ဖော်ဆောင်ဖို့လည်းအသင့်ပါ"ဟု ပြောသည်။

အဆိုပါ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတွင် ရှစ်ခန်းတွဲ ငါးထပ်တိုက်အပါအဝင် ၃၄ ခန်းပါသောတိုက်များပါဝင်ပြီး မိသားစု လေးဦးမှ ငါးဦးအထိ နေနိုင်မည့် စတုရန်းပေ ၄၈၀ ရှိသော အခန်း ၄၇၆ ခန်းတွင် ဝန်ထမ်းများ အငှားနေထိုင်နိုင်မည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဆန်းကပင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော အဆိုပါ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာကို ဇန်နဝါရီ ၂၈ ရက်တွင် စတင်ဖွင့်လှစ်၍ ဝန်ထမ်းများနေထိုင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုရှိ၍ ဝန်ထမ်းများနေထိုင်မှုနှင့် လုပ်ငန်းခွင်မှာ ဆက်စပ်လျက်ရှိရာ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်တို့တွင် ဝန်ထမ်းအငှားအိမ်ရာများ တည်ဆောက်ပေးခြင်းဖြင့် ဝန်ထမ်းများ သွားလာနေထိုင်ရေးကိုလည်း အဆင်ပြေလာစေမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး

## ပန်းဘဲတန်းမြို့နယ်ရှိ နောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည်ဥယျာဉ်ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဒို့အိမ်အဖွဲ့နှင့် စိမ်းလန်းစိုပြည် ဥယျာဉ်ပြုပြင်ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ နောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည်ဥယျာဉ်ကို လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့် စိမ်းလန်းစိုပြည် ဥယျာဉ်ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၇)ရပ်ကွက်အတွင်းရှိ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား(အလယ်ဘလောက်) နောက်ဖေးလမ်းကြား၌ အကောင်အထည်ဖော်လျက်ရှိပြီး ယခုအခါ နံရံဆေးသုတ်လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်နှင့် ပန်းချီဆွဲခြင်းလုပ်ငန်းများမှာ ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ယင်း အဆင့်မြင့် စိမ်းလန်းစိုပြည်ဥယျာဉ်သည် ဒို့အိမ်အဖွဲ့အနေဖြင့် ဆောင်ရွက်ခဲ့သည့် ၁၂ ခုမြောက်ဖြစ်၍ ယခင်က ပန်းဘဲတန်း မြို့နယ်တွင် ၁၀ ခုနှင့် မင်္ဂလာတောင်ညွန့် မြို့နယ်တွင် တစ်ခုတို့ကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ ဒို့အိမ်အနေနဲ့ ဒီလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် သုံးလပိုင်းလောက်ကတည်းက စတင် အကောင်အထည်ဖော်ခဲ့တာပါ။ မစခင် ကတည်းက တစ်အိမ်တက်ဆင်း လိုချင်၊ ထည့်ချင်တဲ့ ဒီဇိုင်းပုံစံလေးတွေကို Survey လုပ်ခဲ့ပါတယ်။ ဒီနောက်ဖေးလမ်းကြား စိမ်းလမ်းစိုပြည် ဥယျာဉ်ကို အဆင့်မြင့်မြင့်နဲ့ အနားယူနိုင်မယ့် အနေအထားမျိုးဖြစ်အောင် လုပ်ဆောင်သွားမှာပါ"ဟု ဒို့အိမ်အဖွဲ့မှ ကိုပြည့်ဖြိုးဇော်က ပြောသည်။

အဆင့်မြင့် နောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည်ဥယျာဉ်တွင် နံရံပန်းချီများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကူညီထောက်ပံ့သော ကာယ/အားကစား လေ့ကျင့်ရေးပစ္စည်းများ၊ စာကြည့်တိုက်များ၊ ကလေး ဖူဆယ်ဘောလုံးကွင်းများ၊ ကြက်တောင်၊ ဘက်စကတ်၊ ခြင်းလုံး၊ ဘောလုံးကွင်းနှင့် ထိုင်ခုံများ စသည်ဖြင့် အဆင်မြင့် စိမ်းလန်းစိုပြည်ဥယျာဉ်တစ်ခုတွင် ပါဝင်သင့်သည်များ ထည့်သွင်းပေးသွားမည်ဖြစ်ပြီး လာရောက်အနားယူသူများ၏ လုံခြုံရေးအတွက် CCTV များလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည် ဥယျာဉ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အဆင့်မြှင့်တင်ပေးခဲ့ပြီး ဒို့အိမ်ရဲ့ ကူညီပံ့ပိုးပေးမှုနဲ့ အခုလို လုပ်ဆောင်ဖြစ်ခဲ့တာပါ။ ရည်ရွယ်ချက်ကတော့ နောက်ဖေးလမ်းကြားမှာ ပြည်သူတွေ အမှိုက်ပစ်တာမရှိစေဖို့နဲ့ အနားယူနိုင်ဖို့၊ အပန်းဖြေနိုင်ဖို့ ဆောင်ရွက်ဖြစ်ခဲ့တာပါ။ ပြည်သူတွေကလည်း တစ်ခဲနက် အားပေးလိုက်တော့ အလုပ်က ပိုပြီး အောင်မြင်ထိရောက်ခဲ့ပါတယ်"ဟု စိမ်းလန်းစိုပြည်ဥယျာဉ်ပြုပြင်ထိန်းသိမ်းရေးကော်မတီမှ ဦးခင်မောင်လတ်က ပြောသည်။



နောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည်ဥယျာဉ်၌ ရေးဆွဲထားသော နံရံပန်းချီများ။

ယခု အကောင်အထည်ဖော် ဆောင်ရွက်နေသော နောက်ဖေးလမ်းကြား စိမ်းလန်းစိုပြည် ဥယျာဉ်သည် အရှည် ပေ ၆၈၀ ရှိပြီး အနံမှာ ၁၄ ပေနှင့် အချို့နေရာများတွင် ၁၆ ပေအထိ ရှိကြောင်းနှင့် ဒို့အိမ်အဖွဲ့၏ စီစဉ်ပေးမှုဖြင့် သန့်ရှင်းအမှိုက်အိမ်များပါ ထည့်သွင်းထားကာ အနီးဝန်းကျင်မှ အိမ်များအနေဖြင့် ယင်းအမှိုက်အိမ်သို့လည်း အမှိုက်စိုနှင့် အမှိုက်ခြောက်ခွဲ၍ အမှိုက်ပစ်နိုင်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

# COVID-19 နှင့် အခြေခံလူတန်းစားများအား ထောက်ပံ့မှု

ညီညီမင်း(ထွေ/အုပ်)

**COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုများကို သက်သာစေရေးစီမံချက်အတိုင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများသို့ ငွေကြေးနှင့် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အလုပ်သမားများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရေးနှင့် အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရေး ရည်မှန်းချက် ပန်းတိုင်များကို ချမှတ်ကာ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုသက်သာစေရေး စီမံချက်ထားကာ ဆောင်ရွက်လျက်ရှိပါသည်။ တီထွင်ဆန်းသစ်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ရေးများကိုလည်း ပန်းတိုင်ထားကာ COVID-19 ကြောင့် ပြည်သူများ စီးပွားရေးထိခိုက်မှု သက်သာစေရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။**

COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးအတွက် ထိခိုက်မှုရှိနေသောလုပ်ငန်းများကို ငွေကြေးပံ့ပိုးမှု တိုးမြှင့်ပေးနိုင်ရေးလည်း ရည်မှန်းချက် ပန်းတိုင်ထားကာ ဆောင်ရွက်လျက်ရှိပါသည်။ အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန် ဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ပန်းတိုင်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မီတာခလျှော့ချပေးခြင်းကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ငွေကြေးနှင့်စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း အိမ်ထောင်စုများအပေါ် တည်ရှိနေသော ကြွေးမြီများကို လျော့နည်းသက်သာစေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။

**အခြေခံလူတန်းစားများအား ထောက်ပံ့မှု**

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ငွေကြေးနှင့် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးနိုင်ရေးအတွက် ထောက်ပံ့ငွေများကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ခရိုင်/မြို့နယ်များသို့ ထောက်ပံ့ငွေများခွဲဝေကာ သက်ဆိုင်ရာအိမ်ထောင်စုများ လက်ဝယ်သို့ ရောက်ရှိစေရေး ထောက်ပံ့ပေးအပ်လျက်ရှိပါသည်။ အိမ်ထောင်စုပေါင်း ၄၀၀၆၃၀၂ စုအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နှင့် အိမ်ထောင်စုပေါင်း ၁၄၃၆၁၄၁ စုအား ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပထမအကြိမ်အဖြစ် အိမ်ထောင်စုပေါင်း ၅၄၃၇၉၅၅ စုအား ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အိမ်ထောင်စုပေါင်း ၅၄၇၆၀၀၃ စု အား ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် အိမ်ထောင်စုပေါင်း ၅၆၉၃၄၀ စုအား ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စုပေါင်း ၆၁၀၆၇၆၁ စုသို့ Stay at home တွင် ကျရောက်သော အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ Stay at home ပြင်ပတွင် ကျရောက်သော အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ယခုအခါ ၁၀၀ ရာခိုင်နှုန်းနီးပါး ဆောင်ရွက်ပြီးဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ငွေများအား ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပါသည်။ အားနည်းချက်၊ အားသာချက်များစွာ ရှိခဲ့ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်**

အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်ကို ၎င်း၏ Page မှတစ်ဆင့်တရားဝင်တင်ပြထားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ထောက်ပံ့ချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့တယ်ဆိုရင် တိုင်စာဌာနမှာ တိုင်ကြားနိုင်ကြောင်း၊ ရည်ရွယ်ချက်နှင့် ဘယ်သူ့ကိုမှချန်ထားခဲ့မှာ မဟုတ်ကြောင်း၊ ကျန်ခဲ့ရင်လည်း ပြန်ပြီးတော့ ထောက်ပံ့ပေးမှာဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်နှင့်အညီ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တင်ပြချက်အရ စတုတ္ထအကြိမ်အတွင်း ထပ်တိုးပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၀၁၁၀၉၅ စုအတွက် ငွေကျပ် ၅၅၇၂ ဒသမ ၁၄ သန်းကို ထောက်ပံ့ရန် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ပြောကြားချက်အရ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကျန်ရှိခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားရှိခဲ့သည့် ညွှန်ကြားချက်များတွင် မြို့နယ်အဆင့်တိုင်ကြားစာ ဖြေရှင်းရေးဌာနများကို ၁၆-၁၁-၂၀၂၀ ရက်နေ့က စတင်ဖွဲ့စည်းဆောင်ရွက်ထားရန်နှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းများကို ပြည်သူအများ သိရှိစေရေးအတွက် ထုတ်ပြန်ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပါသည်။ ထို့ပြင် မြို့နယ်များ၏ ဆောင်ရွက်မှုအခြေအနေများကို ခရိုင်အဆင့်က အနီးကပ်ကြီးကြပ်ပြီး ကူညီဖြေရှင်း ဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးသို့ တင်ပြဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပါသည်။ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာနယ်မြေအလိုက် သတင်းများထုတ်ပြန်ပြီး ပြည်သူများကို အသိပေးရန် ညွှန်ကြားခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်အတိုင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို ငွေကြေးထောက်ပံ့ရာတွင် အမှန်တကယ် ရသင့်ရထိုက်သည့် အိမ်ထောင်စုများအနေဖြင့် သတ်မှတ်ထောက်ပံ့ငွေအတိုင်း မရရှိပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များတွင် တိုင်ကြားစာဖြေရှင်းရေးဌာနများအား ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါ ဌာနများ၏ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ မြို့နယ်အလိုက်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အများပြည်သူသိရှိစေရေးအတွက် ဝန်ကြီးဌာန Facebook Page ဖြစ်သည့် Ministry Of Union Government Office မှတစ်ဆင့် အသိပေးကြေညာပြီးဖြစ်ပါသည်။

**"စုစုပေါင်းအိမ်ထောင်စု ၆ ဒသမ ၁ သန်းခန့်ကို ငွေကျပ် ၅၆၈ ဒသမ ၆၄ ဘီလီယံကို လေးကြိမ်ခွဲ၍ ထောက်ပံ့ပေးအပ်ခဲ့။ ထပ်မံ၍လည်း စတုတ္ထအကြိမ် ထောက်ပံ့ခြင်းတွင် ထပ်တိုးအိမ်ထောင်စုများအတွက် ငွေကျပ် ၅၅ ဒသမ ၇၂ ဘီလီယံ ထပ်မံထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ။ ထိုကဲ့သို့ ထောက်ပံ့ပေးခြင်းသည် COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု သက်သာစေရေးအတွက် စနစ်တကျစီမံချက်ထား ဆောင်ရွက်ခဲ့ခြင်းဖြစ်"**

**တိုင်ကြားစာများ**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ငွေကြေးထောက်ပံ့နိုင်သည့် ကိစ္စနှင့်ပတ်သက်၍ တိုင်ကြားစာ ဖြေရှင်းရေးဌာနတွင် ၂၄-၁၁-၂၀၂၀ ရက်နေ့အထိ တိုင်ကြားစာစုစုပေါင်း ၆၀၀၀၀ နီးပါး လက်ခံရရှိခဲ့ပါသည်။ တိုင်ကြားစာများကို စိစစ်ရာတွင် ထောက်ပံ့ကြေးငွေရရှိလို၍ တိုင်ကြားခြင်း၊ ထောက်ပံ့ကြေးပေးရာတွင် မှန်ကန်မှုမရှိ၍ တိုင်ကြားခြင်း၊ ယခင်ထောက်ပံ့ကြေးပေးရာတွင် ပါဝင်ပြီး ယခုထောက်ပံ့ကြေးပေးရာတွင် ပါဝင်မှုမရှိ၍ တိုင်ကြားခြင်း၊ ထောက်ပံ့ကြေးပေးအပ်ရန် အိမ်ထောင်စု စာရင်းကောက်ယူရာတွင် ကျန်ရှိသဖြင့် တိုင်ကြားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် ထောက်ပံ့ကြေးပေးအပ်ရန် အမည်စာရင်းတွင် ပါဝင်သော်လည်း ထောက်ပံ့ပေးအပ်ခြင်းမပြုဘဲ အခြားသူများအား အမည်လွှဲအသုံးပြု၍ ပေးအပ်ခြင်းကြောင့် တိုင်ကြားခြင်း၊ နိုင်ငံတော်မှပေးအပ်သော စားသောက်ကုန်နှင့် ငွေများအား ရရှိရန်အတွက် အမည်စာရင်းထည့်သွင်းပေးပါရန် တိုင်ကြားခြင်းတို့ကိုလည်း စိစစ်တွေ့ရှိရပါသည်။ ငွေကြေးထောက်ပံ့ရာတွင် ပွင့်လင်းမြင်သာမှုမရှိ၍ တိုင်ကြားခြင်းနှင့် ထောက်ပံ့ကြေးငွေ တစ်ကြိမ်တစ်ခါမျှ မရရှိ၍ တိုင်ကြားခြင်းမျိုးလည်း စိစစ်တွေ့ရှိရပါသည်။ ၎င်းအပြင် နိုင်ငံတော်က ထောက်ပံ့ကြေး လေးကြိမ်ပေးအပ်ခဲ့သော်လည်း ထောက်ပံ့ကြေး နှစ်ကြိမ်သာရရှိပြီး တတိယအကြိမ်နှင့် စတုတ္ထအကြိမ်မရရှိ၍ တိုင်ကြားခြင်းမျိုးလည်း စိစစ်တွေ့ရှိရပါသည်။ တိုင်ကြားစာများကို မြို့နယ်၊ ခရိုင်များက ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာနယ်မြေအလိုက် သတင်းထုတ်ပြန်ပြီး ပြည်သူများကို အသိပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးအပ်ခဲ့မှုနှင့်ပတ်သက်၍ ၁၆-၁၁-၂၀၂၀ ရက်နေ့မှ စတင်၍ မြို့နယ်အလိုက် တိုင်ကြားစာဌာနများ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ အမှန်တကယ်ရသင့်ရထိုက်သည့် အိမ်ထောင်စုများအနေဖြင့် သတ်မှတ်ထောက်ပံ့ငွေအတိုင်း မရရှိပါ၍ တိုင်ကြားထားရှိမှုများအပေါ် ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ တိုင်ကြားစာပေါင်း ၂၁၆၈၄၈ ခုကို လက်ခံရရှိပြီး အားလုံးကို စိစစ်ဖြေရှင်းပြီးဖြစ်ပါသည်။ တိုင်ကြားစာအားလုံးအနက် တိုင်ကြားစာ ၁၉၁၆၈၀ မှာ အချက်အလက်စုံလင်သည့်အတွက် ဖြေရှင်းပြီးဖြစ်ပါသည်။ တိုင်ကြားစာ ၂၅၁၆၈ ခုမှာ မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

**အားသာချက်များ**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်ခဲ့ရာတွင် အားသာချက်များကိုလည်း တွေ့ရှိခဲ့ရပါသည်။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နှင့် ငွေကြေးထောက်ပံ့ပေးခဲ့မှုကြောင့် COVID-19 ကာလတွင် သာမန်လက်လုပ်လက်စား ပြည်သူများသည် တစ်နေ့ဝင်ငွေဖြင့် တစ်နေ့ရပ်တည်နေရသောကြောင့် စားဝတ်နေရေးအထိုက်အလျောက် အဆင်ပြေမှုရရှိခဲ့ပါသည်။ အများပြည်သူများ အခက်အခဲရှိချိန်တွင် တတ်စွမ်းသမျှ ကူညီစောင့်ရှောက်မှုပေးခဲ့သဖြင့် နိုင်ငံတော်အစိုးရအပေါ် ပြည်သူတို့၏ အားကိုးယုံကြည်မှု ပိုမိုမြင့်မားလာစေခဲ့ပါသည်။

အလုပ်အကိုင်ရှားပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ခိုး၊ ဆိုး၊ လု၊ နှိုက် မကောင်းမှုများ လျှော့ချနိုင်ခဲ့ပါသည်။ အခြေခံလူတန်းစားများအနေဖြင့် နေအိမ်ပြင်ပသို့ ဝင်ငွေသွားရောက်ရှာဖွေမှုနည်းပါး၍ Stay at home သတ်မှတ်ချက်နှင့်အညီ ဖြစ်စေသည့်အတွက် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို အထိုက်အလျောက် ကာကွယ်မှုဖြစ်စေပါသည်။ အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးပေးအပ်ခြင်း လေးကြိမ်တိုင်ရှိခဲ့ပြီးဖြစ်ပါသဖြင့် COVID-19 ကာလအတွင်း စီးပွားရေးကျပ်တည်းမှုအခြေအနေမှ အထိုက်အလျောက် ရုန်းထွက်နိုင်ခဲ့ပါသည်။

**စာရင်းကောက်ယူရေးပူးပေါင်းအဖွဲ့**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်ခဲ့ရာတွင် အားနည်းချက်များလည်း အထိုက်အလျောက် တွေ့ရှိခဲ့ရပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားစာရင်းကောက်ယူရန်အတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် ရက်စွဲပါစာဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီး၍ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရပ်မိ/ရပ်ဖ အဖွဲ့ဝင်များပါဝင်သော စာရင်းကောက်ယူရေး ပူးပေါင်းအဖွဲ့နှင့် စာရင်းကောက်ခံပြုစုရန် ညွှန်ကြားခဲ့ပါသည်။ စာရင်းကောက်ယူရာတွင် လူတန်းစားရွေးချယ်သတ်မှတ်ရာ၌ တစ်နေရာနှင့်တစ်နေရာ လူတန်းစားရွေးချယ်ရန် စံသတ်မှတ်ချက်အပေါ် နားလည်မှုလွဲမှားခြင်းကြောင့် အားနည်းချက်များ ရှိခဲ့ပါသည်။

**အားနည်းချက်များ**

စာရင်းကောက်ယူရန် အချိန်ရရှိမှုအပေါ်မူတည်၍ အိမ်ထောင်စုများကျန်ရှိခြင်း၊ စာရင်းလွဲမှားမှုများရှိခြင်း၊ COVID-19 ရောဂါဖြစ်ပွားမှု ကြာရှည်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ခက်ခဲလာပြီး ဝင်ငွေနည်းပါးလာသဖြင့် ထောက်ပံ့ငွေရလိုသူ ပိုမိုများပြားလာကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ အခြေခံလူတန်းစားအိမ်ထောင်စုများအား စာရင်းပြုစုတင်ပြနိုင်ရေး ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပြည်သူများအား အစည်းအဝေးခေါ်ယူချပြနိုင်ခြင်း မရှိမှုတို့ကြောင့် ထောက်ပံ့ပေးအပ်ခဲ့သည့်အပေါ် ပြည်သူလူထုတချို့က အထင်အမြင်လွဲမှားမှုတချို့ ရှိခဲ့ပါသည်။

အသေးစားလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများမှာလည်း COVID-19 ရောဂါ ဖြစ်ပွားသည့် ကာလကြာရှည်လာသည်နှင့်အမျှ လုပ်ငန်းများရပ်ဆိုင်းရခြင်းကြောင့် ယခင်ကအဆင်ပြေစွာ လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုအနည်းငယ်မှာလည်း ထပ်မံထောက်ပံ့ရန် လိုအပ်ခဲ့ပါသည်။

စာမျက်နှာ ၂၃ သို့

# အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား COVID-19 ကပ်ရောဂါကြောင့် အခမ်းအနားဖြင့် မကျင်းပနိုင်သည့်အတွက် ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများထံ (၁၈-၁၂-၂၀၂၀)၊ (၁၉-၁၂-၂၀၂၀) ရက်များတွင် အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကန်တော့ခဲ့ကြပါသည်။

ကန်တော့ခံ ဆရာကြီး/ဆရာမကြီးတစ်ဦးလျှင် ကန်တော့ငွေကျပ် ၄၈၃၀၀၀/-၊ ကျောင်းပြက္ခဒိန်(၁)ခု၊ MK ကော်ဖီမစ်(၁)ထုပ်၊ MK လက်ဆေးဆပ်ပြာဆီ(၁)ဘူး၊ အန်ရှူးဝါးဘူးကြီး(၁)ဘူးစီဖြင့် ဆရာကြီး/ဆရာမကြီး (၆၀)ဦးအား ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။ ကန်တော့ခံဆရာကြီး/ဆရာမကြီးများအား ကျန်းမာရွှင်လန်းစွာတွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ပီတိဖြစ်ကြရပါသည်။

ထို့အပြင် ကပ်ရောဂါကာလအတွင်း ဆရာကြီး/ဆရာမကြီးများ စားသောက်ရေးအဆင်ပြေစေရန် ၂၇-၃-၂၀၂၀ ရက်က တစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန် (၁)အိတ်၊ ပဲဆီ ၅ ပိဿာနှင့် သောက်သုံးရန် ဆေးဝါး ၄ လစာတို့အား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ပါသည်။

ဆရာကြီး/ဆရာမကြီးများ၏ ကျန်းမာရေးအား မေတ္တာဖြင့် စစ်ဆေးကုသပေးသော အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ တပ်မှူးကြီးနှင့် အထူးကုဆရာဝန်အရာရှိများ၊ ဒုအရာခံဗိုလ်သိန်းဝင်း၊ Dr.ကျော်စွာလွင်၊ Dr.ဇေသူအောင်၊ သူနာပြုအုပ်ကြီး ဦးစံကြည်၊ သူနာပြုအုပ်ဒေါ်ချောစု၊ သူနာပြုအုပ်ဒေါ်လဲ့လဲ့ဝင်း၊ သူနာပြုဒေါ်စုမွန်သော်၊ ကျောင်းသားဟောင်း မျက်စိအထူးကု Dr.တင်ဇော်ဦး၊ ကျောင်းသားဟောင်း သွားနှင့်ခံတွင်းဆရာဝန် Dr.ပြည့်ဖြိုးဦး၊ Dr.ကောင်းမြတ်နိုင်၊ Dr.ကျော်ဝင်းမြတ်၊ သူနာပြု ဒေါ်ခိုင်စိုးထွေးတို့နှင့် ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများလှူဒါန်းကြသော တစ်ဦးချင်းအလှူရှင်ကျောင်းသားဟောင်း ၃၇ ဦးနှင့် ၁၉၆၅/၈၅ ကျောင်းသားဟောင်းတို့အား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

**(Central) အထက(၁) လသာ ၁၉၆၅/၁၉၈၅ ကျောင်းသားဟောင်းများ**

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

---

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရှားပင်ကိုင်းအုပ်စု လှည်းချောင်းပေါက်ကြီးရွာနေ ဦးလှအောင်-ဒေါ်တင်ညွန့်တို့၏သား ဦးသန်းလွင်အား ဦးသန်းနိုင် PKU ၂၃၅၉၄၆ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မိတ္ထီလာမြို့နယ်တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၁၆**

| | | |
|---|---|---|
| ဦးဖြိုးပြည့်စုံ | နှင့် | အရာခံဗိုလ်မောင်တင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊မိတ္ထီလာမြို့နယ်၊ ရှမ်းတဲကျေးရွာအုပ်စု၊ လေကြောင်းအတတ်သင်လေတပ်စခန်းနေ အရာခံဗိုလ်မောင်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက " နေအိမ်ဝိုင်းမြေအရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်(၁၃၈၂ခုနှစ် တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျေအောင်ဒီး)**

**တွဲဖက်မြို့နယ်တရားသူကြီး**

**မိတ္ထီလာမြို့နယ်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆) ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ်(၉၀၂)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးသိန်းဇံအမည်ဖြင့် နေရာချထားပေးသည့် ပါမစ်အမည်ပေါက်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့အား အမည်ပေါက်ပိုင်ရှင် ဦးသိန်းဇံထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၅ ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်မိုးလှိုင်** | **ဒေါ်စိုးစိုးနိုင်** |
| B.Sc(chemics)H.G.P | LL.B,D.I.L,W.I.P.O(Switzerland) |
| အထက်တန်းရှေ့နေ(စဉ်-၂၁၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁) |

ဖုန်း-၀၉-၆၉၇၂၇၆၈၀၁

အမှတ်(၄၃၅)၊ ဦးဖိုးကျားလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်

---

## အစုရှယ်ယာမတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

Winning Star Company Limited ဒါရိုက်တာအဖွဲ့၏ ၂၂-၁-၂၀၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာမတည်ရင်းနှီးငွေအား ၅၀၀၀၀၀၀၀၀/-(ကျပ်သိန်းငါးထောင်တိတိ)မှ ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးရာတိတိ)သို့ လျှော့ချသွားရန် ဒါရိုက်တာ အဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**ဒါရိုက်တာအဖွဲ့**

**Winning Star Co.,Ltd.**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ တပင်ရွှေထီးလမ်း၊ လူနေရပ်ကွက်-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်၁၅၁(ခ) ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ)၊ မြေဧရိယာ-၀ဒသမ၀၂၇ကေရှိ ဒေါ်အေးငြိမ်း(WKA-၀၀၇၅၇၉) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်အကျိုးခံစားပိုင်ခွင့်အားလုံးကို ဦးအောင်လင်းဦး ၁၄/ဘကလ(နိုင်)၁၄၂၄၉၀နှင့် ဦးကျော်မိုးနိုင် ၁၄/အမတ(နိုင်)၀၀၀၃၃၉ တို့က အဆက်ဆက် စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည် ဟု မူရင်းစာရွက်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု မူရင်းစာရွက်စာတမ်းများပြသကာ တာဝန်ခံပြောဆိုမှုအပေါ် ကျွန်တော်မှလွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်အောင် ၁၄/ဘကလ(နိုင်) ၁၃၃၃၃၄**

**အမှတ်(၃၄-က) စိန်ပန်း(၅)လမ်း, အမှတ်(၂)ရပ်ကွက်၊ ဘိုကလေးမြို့**

**ဖုန်း-၀၉-၂၅၄၃၃၄၃၅၇၊ ၀၉-၄၂၂၅၀၅၀၃၇**

---

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဒေါ်အေးအေးသိန်းသည် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်(၄၅)ကုန်းရှိ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၄/၁၈၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၀ ကေရှိ အိမ်ဝိုင်းမြေနှင့် ပတ်သက်၍ ခြံဝင်းကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ၊အခွန်ထမ်းဆောင်ခြင်း၊ အစိုးရရုံးများတွင် တရားဝင်ဆောင်ရွက်နိုင်ရန် ဒေါ်နန်းခမ်းစု ၁၃/နမတ(နိုင်)၀၃၅၉၄၂ (ဘ)ဦးအိုက်မောင် ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နေသူအား မူဆယ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃-၃-၂၀၀၈ ရက်စွဲပါ မှတ်ပုံတင်အမှတ်(၈၀-၀၈-၂၀၀၈)အရ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးသိန်း**

**၁၃/မဆတ(နိုင်)၀၀၇၉၁၃**

**ဟိုမွန်ရပ်ကွက်၊မူဆယ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အမှတ်(၂) ရပ်ကွက်၊ ရွာသစ်လမ်းမကြီးနေ ဦးထွန်းနိုင်က ချောင်းသာမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၉၀)၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ်(ဆ-၉၃၊ဆ-၉၄၊ဆ-၉၅၊ဆ-၉၆၊ဆ-၉၇၊ဆ-၉၈၊ဆ-၉၉၊ဆ-၁၀၀)၊ မြို့မြေဧရိယာ ၁ ဒသမ ၀၆၄ ကေရှိမြေကို ဦးထွန်းနိုင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပုသိမ်မြို့နယ်**

---

# ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့

# သဘာဝတောတွေ ထိန်းသိမ်းစို့

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုး၃ ၊ စက်ပစ်ကွင်းလမ်းနှင့်ဇီလဝါလမ်းထောင့်၊မြေကွက်အမှတ်(၁၉၆)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိဦးကျော်မြင့် ဒုအရာခံဗိုလ်/၇၁ကပ.၁၈၀၇၂(၁၂/သကတ(နိုင်)၁၀၅၄၃၃)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်ဇော်ဝင်း ( ၁၂/ဒဂန (နိုင်) ၀၃၂၅၆၇ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကျော်လှိုင်** LL.B,

**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**

**ဖုန်း-၀၉၄၂၁၇၄၆၉၇၄**

**အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။**

---

## ဖိတ်ကြားလွှာ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(Ministry of Electricity and Energy ) မှ EDCF Loan(Korea)ဖြင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိသည့် ၂၃၀ ကေဗွီ၊ဘီလူးချောင်း (၂) (လွိုင်ကော်) တောင်ငူ (စပါးကြွယ်) မဟာဓာတ်အားလိုင်းစီမံကိန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်း (Initial Environmental Examination) ကို တတိယအဖွဲ့အစည်းဖြစ်သော Valentis Environmental and Geotechnical Servicesနှင့် Coffey Myanamarတို့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း(Public Disclosure) နှင့် အများပြည်သူသဘောထားရယူခြင်း (Public Consultation)အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(က) ၂၀၂၁ခုနှစ် ၊ ဇန်နဝါရီလ(၂၃) ရက် နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀) နာရီထိ ၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ သောက်ရေခမ်းကျေးရွာ၊ အ.ထ.က(၁)ကျောင်းခန်းမ

(ခ) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက် ၊ မွန်းလွဲ (၂:၀၀)နာရီမှ (၄:၀၀)နာရီထိ၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ မစပ်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအိမ်

(ဂ) ၂၀၂၁ခုနှစ် ၊ဇန်နဝါရီလ(၂၄) ရက်နေ နံနက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီထိ၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ ဇလဲကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအိမ်

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် ၊ သနပ္ပင်ချင်းကျေးရွာအုပ်စု၊ သနပ္ပင်ချင်းကျေးရွာ၊ ကွင်းအမှတ်(၆၀၃)၊ ကွင်းအမည်-အငူကွင်း၊ ဦးပိုင်အမှတ်(၂/၆)၊ အကျယ်အဝန်း(၄.၈၄)ကေအနက်မှ (၄.၇၂)ဧက ရှိ ဦးပု (၁၂/ကတန (နိုင်) ၀၁၆၈၄၆) အမည်ပေါက် ပုံစံ-၇၊ ၁၀၅ လယ်မြေကွက်များကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးပု (၁၂/ကတန (နိုင်) ၀၁၆၈၄၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| LL.B, D.B.L, D.I.L., | LL.B, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၉၇၆၄၉၂၀၀၃ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထမနဲလှူဒါန်းပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ထမနဲ လှူဒါန်းပွဲအား ၁၃၈၂ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် ၂၃-၂-၂၀၂၂ ရက်တွင် ထမနဲထိုးပွဲကျင်းပပြီး မြတ်စွာဘုရားအားရည်မှန်း၍ ထမနဲဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ သံဃာတော်များအား ထမနဲဆွမ်း ဆက်ကပ်လောင်းလှူခြင်း၊ ထမနဲစတုဒိသာများ ဝေငှခြင်းတို့ ပြုလုပ်မည်ဖြစ်ပါသည်။ ထမနဲဆွမ်းလှူဒါန်း လိုကြသော စေတနာရှင်များအနေဖြင့် ထမနဲတစ်ဒယ်လျှင် ၄၀၀၀၀/–နှုန်းဖြင့် ဂေါပကရုံးသို့ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် အလှူရှင်များသို့ ထမနဲ လက်ဆောင်ခြင်းများ ပြန်လည်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့**
**ဖုန်း–၀၁–၆၆၀၀၀၂၊၀၁–၆၆၅၄၂၅၊**
**၀၉–၂၅၀၆၇၇၂၈၉၊ ၀၉–၂၅၀၃၆၉၄၇၉**




## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၄၂လမ်း၊ ၆၆x၆၇လမ်းကြား၊ အမှတ်(B–18) နေ ဒေါ်မြင့်မြင့်မော် ၉/မဟမ(နိုင်) ၀၅၈၃၄၉ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကြေညာအပ်ပါသည်။

"Hug Me &Love Meအမည်ရှိအလှကုန် ပစ္စည်းအမျိုးမျိုးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံGuang Zhou Dejurenhe Cosmetic.Technology Co.,Ltdမှ မြန်မာနိုင်ငံတစ်ဦးတည်းတရားဝင်ဖြန့်ဖြူး ရောင်းချပိုင်ခွင့်ရရှိထားသူ XM Company Limited မှ မန္တလေးစာချုပ်စာတမ်းမှတ်ပုံတင်ဌာန ရုံးတွင် (၁–၁၀–၂၀၁၉) ရက်က မှတ်ပုံတင်စာချုပ်နံပါတ်(၆၈၂၄/၂၀၁၉)ဖြင့်တရားဝင်မှတ်ပုံတင် တင်သွင်းကြေညာထားပြီးဖြစ်ပါသည်။ ထို့ပြင် "Hug Me &Love Me"အမည်ရှိ အလှကုန်ပစ္စည်း များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှစိစစ်၍ အသိအမှတ်ပြုလက်မှတ်များကိုလည်း ထုတ်ပေးပြီးဖြစ်ပါသည်။

ယခုအခါ"Hug Me &Love Me"အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ Company၏ခွင့်ပြုချက် မရှိဘဲ online နှင့် စတိုးဆိုင်များတွင် ရောင်းချမှုများကိုတွေ့ရှိနေရပါသည်။ ထို့အပြင် XM Company မှအရောင်းကိုယ်စားလှယ်များကို Company ၏ Websiteဖြစ်သော www. hugmeskincare.comတွင် Code Registerပေးထားပြီးဖြစ်ပါသည်။ ထို့ကြောင့် XM Companyမှ Code Register တင်သွင်းထားသော ကိုယ်စားလှယ်များမှလွဲ၍ ပြန်လည်ရောင်းချရန်အတွက် Company၏ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပြန်လည်ရောင်းချခြင်း မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ထို့အပြင် XM Company ၏ တရားဝင်ခွင့်ပြုချက်ရမှသာလျှင် ရောင်းချခွင့်ပြုမည်ဖြစ်ပြီး၊ အခြားOnline,Offlineစတိုးဆိုင်များတွင် ကြော်ငြာရောင်းချခွင့်မပြု ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။"Hug Me &Love Me" အလှကုန် ပစ္စည်းများကို ကိုယ်စားလှယ်ယူ ရောင်းချလိုသူများရှိပါက XM Companyနှင့် Company ၏ Website သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ထို့ကြောင့် XM Companyနှင့် Company၏ Code Registerရရှိထားသောကိုယ်စားလှယ်များမှ လွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်းမပြုရန်နှင့် Online, Offline စတိုးဆိုင် များတွင် ရောင်းချနေမှုများကို ထပ်မံတွေ့ရှိပါက တည်ဆဲဥပဒေများနှင့် အရေးယူသွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်မော်**
**၉/မဟမ(နိုင်) ၀၅၈၃၄၉**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထိုက်ဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၇၂)**
**၂၀x၂၁လမ်းကြား၊ ၆၀x၆၁ လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ–၁၆)၊ ဦးပိုင်အမှတ်(၆၇)၊၆၅x၆၇လမ်းကြား၊ တပင်ရွှေထီးxရွှေလုံဗိုလ်ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၈၀/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဦးချောင်အန်ကွီ(ခ)ဦးအောင်မြင့် ၉/မနမ(နိုင်) ၁၁၀၉၆၅ က အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်မိတ္တူ ဖြစ်ပါသဖြင့် ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှကူးယူထုတ်ပေးခြင်းဖြစ် သည်။ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန် စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၅၇၄ နှင့်ဆက်နွှယ်သည့် ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်–၈၄

ဦးဒွဲအောင် နှင့် (၁) ဒေါ်အိရွှေစင်
(၂) ဦးသိန်းဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ယခင် မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ၁၆x၁၉လမ်းကြား၊ ၆၃x၆၆ လမ်းကြား၊ အရှေ့ပြင်အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ်(၅၀)၊ အခန်းအမှတ်(၀၀၁) နေ တရားရှုံးများဖြစ်သည့်(၁) ဦးမူး၏သမီး ဒေါ်အိရွှေစင်၊(၂) ဦးဘအေး၏သား ဦးသိန်းဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဦးဒွဲအောင်က ၂၀၁၇ ခုနှစ် တရားမကြီးမှု အမှတ်–၈၇၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရာတွင် ယနေ့အချိန်ထိ ငွေကြေးတစ်စုံတစ်ရာပေးဆပ်ရန် ရည်ရွယ်ချက်မရှိဘဲ အမှုကိုနှောင့်နှေးကြန့်ကြာ စေရန် တိမ်းရှောင်လျက်သည့်အတွက် တရားရှုံးများအား တရားမအကျဉ်းထောင်ချ ထားပေးရန် ဤရုံးတော်တွင် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာ အတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်(၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၈ ရက်)နံနက် ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊သင်နှင့်အတူရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ဤရုံးတော်သို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ် တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရေနံချောင်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၄၄

ဒေါ်မြင့်မြင့်သန်း နှင့် ၁။ ကိုအောင်ကျော်ဇင်
၂။ မအိအိသင်း

**တရားလို** **တရားပြိုင်များ**

ရေနံချောင်းမြို့နယ်၊ ပင်းဝကျွန်းကျေးရွာအုပ်စု၊ ပင်းဝကျွန်းကျေးရွာနေ တရားပြိုင် မအိအိသင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များထံမှ ဆန်ဖိုးအကြွေးငွေ (၃၂)သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်း ရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရာဇာမင်းစိုး)**
**မြို့နယ်တရားသူကြီး**
**ရေနံချောင်းမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ မြေကွက်အမှတ်– ၉၉၀/က၊ မြေကွက်တည်နေရာ အမှတ်(၉၉၀/က) အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်ရီရီ ၁၂/ဥကတ(နိုင်) ၀၅၇၆၅၁ အမည်ပေါက် နှစ်(၆၀) ဂရန် မြေအားအမည်ပေါက် ဒေါ်ရီရီကို တရားပြိုင်ထား၍ ဦးမြတ်သော်ဇင်ဦး၊ ဒေါ်မြတ် မြတ်ချစ်တို့မှ တရားလိုပြုလုပ်၍ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အားတရားဝင် မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၂၁/၂၀၂၀ ၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၂၂/၂၀၂၀)၏အမိန့်၁၄–၅–၂၀၂၀ ရက်စွဲပါ ဘိလစ်ခန့်စာနှင့် ဂရန်မူရင်းတို့ကို တင်ပြ၍ တရားရှုံးကိုယ်စားဘိလစ်ဒေါ်နန့် ဆန်းသိန်း ၁၂/မရက(နိုင်) ၀၄၇၆၁၆ မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ၁၅-၁-၂၀၂၂ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၉)တွင်ပါရှိသည့် ဦးညွန့်ရှိန် တရားလွှတ်တော်ရှေ့နေကြီး (စဉ်-၂၈၀၄/၈၄)နှင့် ဦးလင်းအောင် အထက်တန်းရှေ့နေ (စဉ်-၄၇၅၇[၂]/၁၆)တို့၏ "သက်ဆိုင်သူများသိစေရန် " ကြော်ငြာနှင့် ပတ်သက်၍ အများသိစေရန်ရှင်းလင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်း(၂၀)၊ မြေကွက် အမှတ်(၁၈၃/က) ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးကျော်အောင် တစ်ဦးတည်းငွေကြေးဖြင့် ၁၅–၆–၁၉၈၄ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ဖြင့် မူလပိုင်ဆိုင်သူ ဦးလှတင်ထံမှဝယ်ယူခဲ့ပြီး ယခုအခါ ဦးကျော်အောင် အမည်ဖြင့် ၁၇–၅–၁၉၉၃ ခုနှစ်တွင် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ရရှိခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်အောင်သည် ဦးရဲဘော်အောင် (ကွယ်လွန်)နှင့် ဇနီး ဒေါ်ဝင်း(ကွယ်လွန်) တို့မှ မွေးဖွားခဲ့သော သားသမီး(၈)ဦးအနက်တစ်ဦးဖြစ်သည့် ဒေါ်သန်းသန်းမြင့်နှင့် အိမ်ထောင်ကျခဲ့ သော်လည်း အထက်ပါမြေကွက်နှင့် နေအိမ်သည်ဦးရဲဘော်အောင် (ကွယ်လွန်)နှင့်ဇနီးဒေါ်ဝင်း (ကွယ်လွန်) တို့ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေကွက် မဟုတ်သဖြင့် အမွေဆိုင်ပစ္စည်းများလုံးဝ(လုံးဝ) မဟုတ်ပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်သည် ကျွန်ုပ်မိတ်ဆွေ ဦးကျော်အောင် တစ်ဦးတည်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး လက်ရှိ ဦးကျော်အောင် မိသားစု နေထိုင်လျက်ရှိသော မြေကွက်နှင့် နေအိမ်ဖြစ်ပါ၍ နောက်နောင်တွင် ဦးကျော်အောင်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ထိပါးလာခဲ့သည် များရှိခဲ့ပါသော် တရားဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ရလိမ့်မည် ဖြစ်ပြီး ၁၅–၁–၂၀၂၂ ရက်စွဲပါ ကြေးမုံသတင်းစာပါ"သက်ဆိုင်သူများသိစေရန်" ကြော်ငြာအား ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်မျိုးသန့်**
**B.A(Eco),H.G.P,D.B.L**
**အထက်တန်းရှေ့နေ(၁၀၈၇၈/၁၉၈၅)**

**ဦးအာကာလင်း(LL.B)**
**အထက်တန်းရှေ့နေ(၂၅၁၃၄/၂၀၀၆)**

**အမှတ်(၈၅၈)၊အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၂၆၄၁၉၉၂၈၈**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ် (၆–ဇ/၁) ၁၂x၁၄လမ်း၊ ၈၈xကမ်းနားလမ်းရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်သန်းသန်းဟန် ၉/မရမ(နိုင်) ၀၄၂၄၀၇ က ဂရန်မူရင်းမှာ လက်ဝယ် တွင်အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်းနှင့် ရပ်ကွက် အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ် ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်– အနောက်ဈေး–က၊ဦးပိုင်အမှတ်(၃ᶜ)၊ဧရိယာ ၀ ဒသမ ၁၂၆ ဧက ရှိ ဘိုးဘပိုင်မြေကွက်ကို ဝက်လက်မြို့နယ် ညောင်ပင်ကြီးတောကျေးရွာနေ ဒေါ်ဆွေဆွေဝင်းက အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာ စာရွက်စာတမ်းများကို ယူဆောင်လာပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် မတိုင်မီ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ၄၃ ၊မြေကွက်အမှတ် ၉၆၁၊ (၃၉ပေ ၆၀ ပေ)မြေငှားဂရန်စာချုပ် အမည်ပေါက် ဦးတင်ဝင်းထံမှ ဦးညီညီမိုးဟိန်း ၉/ကဆန (နိုင်)၁၅၉၇၁၄သည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိဖြင့် ဦးတင်ဝင်းထံမှ မြေကွက် အပြီးအပိုင်ဝယ်ယူရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိ ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါ သည်။

**ဦးညီညီမိုးဟိန်း**
**၉/ကဆန(နိုင်)၁၅၉၇၁၄**
**အမှတ် ၅၄၊ ဆောက်လုပ်ရေးအရာထမ်းအိမ်ရာ၊ တိုက်(၂)၊**
**အခန်း(၆)၊ စကားဝါလမ်း၊ ဒဂုံမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ဘုရားကုန်း အဆင့်(၁)၊ မြေကွက်အမှတ်–၁၅၅၈၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)၊(၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀ဒသမ၀၅၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကြည်သိန်း ၁၂/ဒပန(နိုင်) ၀၃၀၇၅၆ P/RGN–၀၀၅၃၁၃က လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေ များဖြစ်ကြသော ဦးဟိန်းထက်ဦး ၁၂/ဆကခ (နိုင်)၀၁၄၀၁၂နှင့် ဒေါ်ပိုးဇာခြည်၁၂/တမန(နိုင်)၀၈၃၄၈၃တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာ အပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆွေစင်အိ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၆၉၇)**

**ဦးမျိုးဝေထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၄၇)**

**အမှတ်(၁၀၁)၊ (၃)လွှာMKT Condo(၄၂)လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၈၅၁၉၄၉၀၉**

### "စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းကြောင်း ကြေညာခြင်း"

ဦးဖြိုးထက်ကိုကို (ဘ)ဦးမောင်ကို (မိ)ဒေါ်တင်တင်မြင့် (ကျောက်မဲမြို့နယ်)၏သား နိုင်ငံသားမှတ်ပုံတင် အမှတ် (၁၃/ကမန(နိုင်)၀၈၈၄၂၂) ကိုင်ဆောင်သူနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၇)ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး။ မြင်းခြံမြို့၊ အမှတ်(၂၀)ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွန်း နေအိမ်သို့ ဦးမောင်ကို ၏သားဖြစ်သူဦးဖြိုးထက်ကိုကို တို့နှင့် ဆွေမျိုးများ ရောက်ရှိလာပြီး ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ ဒေါ်ချမ်းမြေ့ထွန်း အားလာရောက်၍ ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် စေ့စပ်တောင်းရမ်း ခဲ့ပါသည်။

၎င်းနောက်ပိုင်း ဦးဖြိုးထက်ကိုကို သည်လူမှုရေး ဖောက်ပြန်ခဲ့သဖြင့် ဒေါ်ချမ်းမြေ့ထွန်း ၏မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာများ ထိခိုက်နစ်နာသဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၇) ရက်နေ့တွင် ပြုလုပ်ခဲ့သော စေ့စပ်ကြောင်းလမ်းပွဲအား ဖျက်သိမ်း ကြောင်း ဦးဖြိုးထက်ကိုကို နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

နောက်နောင် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွန်း နှင့်သော်လည်းကောင်း၊ ဒေါ်ချမ်းမြေ့ထွန်း တို့၏ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်သော်လည်းကောင်း၊ နှောင့်ယှက်ခြင်း၊ ထိပါးခြင်း၊ မဖွယ်မရာပြောဆိုခြင်း တစ်စုံတစ်ရာများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်မည်ဆိုပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်ထွန်း**
**၉/မခန(နိုင်)၀၂၅၃၃၄၆**
**မြင်းခြံမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ဦး (စဉ်–၁၂၄၃၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၇/၂၃၂) အောင်ဇေယျလမ်း၊**
**(၇)ရပ်ကွက်၊ သုံးခွမြို့၊**
**ဖုန်း – ၀၉ ၄၂၀၁၉၂၉၄၉**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၅၊ TMR 004815(0320) / (အေးမျှ)TMR 000394(0320)
RE GD.
ဖျားနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဗေဟုပ်ဟုပ်နဲ့အပြင်မှာ ရောဂါအောင်ဆိုးနေတဲ့ ကွမ်းရွက်ပုံ ဆေးအောင်
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။
ဆေးစွမ်းထက်လို့ နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

လှိုင်ကော်ခရိုင်တရားရုံး

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၅

ဒေါ်အယ်လ်စီချမ်းမြေ့သူ နှင့် ဦးဝါဆိုထွန်း
တရားလို တရားပြိုင်

အမှတ် ၈/၆၀၊ ပြည်သာယာလမ်း၊ ဈေးဟောင်းရပ် (မိခင်နှင့်ကလေး စောင့်ရှောက်ရေးလမ်းကြား)၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီးတွင် နေသော ဦးဝါဆိုထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အယ်လ်စီချမ်းမြေ့သူက လက်ထပ်ထိမ်းမြားခြင်းအား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
ခရိုင်တရားသူကြီး
လှိုင်ကော်ခရိုင်တရားရုံး

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

တောင်ကြီးမြို့နယ်တရားရုံး

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၉၆

ဦးဝင်းနိုင်ဦး နှင့် ဒုဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)
တရားလို တရားပြိုင်

အမှတ်(၈၉) ရပ်ကွက်၊ (၁၀)မုံတဝလမ်း၊ အေးသာယာ၊ တောင်ကြီးမြို့နယ်နေ ဒုဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကအရောင်းအဝယ်ကတိစာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခု နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ညီညီထွန်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^ခ) မြေကွက်အမှတ် (၄/၃၄၇) ဧရိယာ ၀ဒသမ၀၇၉ ဧက၊ မြေကွက်တည်နေရာ အမှတ် (၁၀)၊ ကာယ(၁၂) လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်ငယ်စာရင်း၊ အမည်ပေါက် ဦးမြင့်ဝေ ၁၂/မဂဒ(နိုင်)၀၆၅၉၈၁ ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်မေဇွန်ဖူး ၁၂/မဂဒ(နိုင်) ၁၅၀၅၇၂ မှ ကာယဉာဏဂရန်ပေးစီမံချက် မြေယာအထောက်အကူပြုအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အရပ်ကတိစာချုပ်တို့ကို တင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာအတွင်း ပြန်လည်နေရာချထားသည့်အုပ်စု (RA-1) အကွက်အမှတ် တ-၀၃၊ မြေကွက်အမှတ် (၀၀၆၆)၊ ဧရိယာ (၆၀' x ၆၀') အကျယ်အဝန်းရှိ ဒေါ်အုန်းရီအမည်ပေါက် မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးကျော်(ဘ)ဦးသောင်းဝင်းဦး ၁၂/ဒဂန(နိုင်)၀၁၈၆၄၇ထံမှ ဒေါ်သန်းသန်းဝင်း ၁၂/ဒဂန(နိုင်)၀၃၀၃၆၈ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများအနေဖြင့် ကန့်ကွက်လိုက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မသန်းသန်းဝင်း ၁၂/ဒဂန(နိုင်)၀၃၀၃၆၈
အမှတ်(၄၁)၊ အခန်း (၁၂)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၈၁၄၀

# ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ မေပန်းလမ်း၊ အမှတ်-၉ရှိ (တရားဝင်တည်ထောင်ထားသော) Phoe Lone International Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အသိပေးကြေညာအပ်ပါသည် -

TLAi™

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို Phoe Lone International Company Limited ၏ အထက်ပါ ရည်ညွှန်းဖော်ပြထားသည့် အမှတ်တံဆိပ်သည် ၎င်းတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဆန်းသစ်ဖန်တီးထားသော ကုန်အမှတ်တံဆိပ်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး ဖုန်းဆက်စပ်ပစ္စည်း (Phoe Accessories) ပစ္စည်းများပေါ်တွင် တံဆိပ်ရိုက်နှိပ်၍ အမှတ်အသားတံဆိပ်ပြုလုပ်ပြီး ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Phoe Lone International Company Limited မှ အသုံးပြုမည့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို တရားဝင်သုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကုန်အမှတ်တံဆိပ်အသုံးပြုခွင့်ကို တရားဥပဒေနှင့်အညီ ဆက်လက်လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင်(LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ
THAPYAY THAR HTAY MYINT LAW FIRM
အမှတ် ၅၈၊မဟာဗန္ဓုလပန်းခြံလမ်း၊(ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၀၁၈၃၄

**ဖခင်အမည်မှန်**
မိုးနဲမြို့၊ အမက(နာဟောင်)မှ အထွေထွေလုပ်သား ဒေါ်နန်းညိုလေး ၁၃/မနန(နိုင်)၀၀၃၃၇၀ ၏ဖခင်မှာ ဦးပွား (ခ)ဦးပွါး ဖြစ်ပါကြောင်း။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၃/စက်မှုဇုန်)၊ မြေကွက်အမှတ် (၁၃၉၇)၊ မြေကွက်တည်နေရာအမှတ် (၁၃၉၇)၊ လသာလမ်း၊ (၆၃/စက်မှုဇုန်-၂) ဒဂုံမြို့သစ်(တောင်ပိုင်း) ဦးစိန်ညွန့် (PME-၀၀၄၁၈၃) အမည်ပေါက် နှစ် (၆၀)စက်မှုမြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးစိန်ညွန့် (PME-၀၀၄၁၈၃) ခင်ပွန်းဖြစ်သူ ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်လင်ရွှေဝါ(ခ)ခင်စန်းလွင် ၁၂/လမန(နိုင်)၁၁၉၀၄၃ မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ အမှတ် ၆/၁၄၀၁/၂၀၂၀( ၁၇-၆-၂၀၂၀)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုးတစ်ထပ်ခွဲ အဆောက်အအုံတွင် နန်းကြိုးလုပ်ငန်းလုပ်ကိုင်ပြီး အလုပ်သမားများနေထိုင်၍ မြေကွက်အမှတ် (၁၃၉၆)နှင့်ပေါင်း၍ အသုံးပြုထားပါသည်။ ယင်းမြေကွက်အမှတ် (၁၃၉၆)မှာလည်း ဒေါ်ခင်စန်းလွင် အမည်ပေါက် နှစ်(၆၀)ဂရန် ဖြစ်ကြောင်း ပိုင်ဆိုင်မှုအထောက်အထားဂရန်မူရင်းနှင့် အလုပ်သမားများနေထိုင်ခြင်းအတွက် တာဝန်ယူကြောင်း ဝန်ခံကတိပြုတင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ် (၄၉)၊ ရွှေစည်းခုံဘုရားအကွက်၊ ဦးပိုင်အမှတ် (၅၅-က)၊ မြေဧရိယာ ၀ဒသမ၂၀၇ ဧကရှိ မြို့မြေ (B) သည် ဒေါ်စိန်အမည်ဖြင့် အမည်ပေါက်ထွက်ရှိနေရာမှ ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ပုဂံကျောင်းလမ်း၊ အိမ်အမှတ် (၅၅/က)နေ နော်ခစ္စာဒေါက်(ခေါ်) နော်ခစ္စာမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး
ပုသိမ်မြို့နယ်၊ ပုသိမ်မြို့

# ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀)မြေကွက်အမှတ် (၃၀၈) မြေကွက်တည်နေရာအမှတ် (၃၀၈)၊ ဗလ္လိက (၁၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်ခင်ဆွေ အေဒီ-၀၁၈၀၂၄၊ ဦးမြင့်သန်း အက်စ်/အိုကေအေ-၁၀၀၈၂၇၊ ဦးစန်းအောင် အေစီ-၀၂၇၁၇၃ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဆွေ အေဒီ-၀၁၈၀၂၄၊ ဦးမြင့်သန်း အက်စ်/အိုကေအေ ၁၀၀၈၂၇၊ ဦးစန်းအောင် အေစီ-၀၂၇၁၇၃ တို့အားတရားပြိုင်ထားကာ ဒေါ်ရှီဘိုရာနီ(ခ)ဒေါ်မြင့်မြင့်စိုးမှ တရားလိုပြုလုပ်၍ အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုစွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်၃၀/၂၀၂၀ ၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၃၄/၂၀၂၀ ၏အမိန့်၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ ဘိလစ်ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်) ၀၄၇၆၁၆ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်း တာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)မှ ယူရီးယားဓာတ်မြေဩဇာ ၂၆၄၅ဒသမ၁၅ တန်(တန်နှစ်ထောင့်ခြောက်ရာလေးဆယ့်ငါး ဒသမ တစ်ငါးတိတိ)အား အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ရာ တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၂၃-၂-၂၀၂၁ရက် မွန်းတည့် ၁၂ နာရီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၂-၂၀၂၁ရက် ၁၄:၀၀နာရီ

၄။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

# ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က+၃၉၇ တက်ခမ်း)၊ မြေကွက်အမှတ် (၂၁၁/S+၂၁၂/C+ ၆၆/C) ဧရိယာ ၀ဒသမ၃၉၇ဧက၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်းအိမ်ရာ၊ အင်းစိန်မြို့နယ်၊ (ဒေါ်စိန်အေး) အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စိန်အေး ၉/မကန(နိုင်)၀၀၃၁၄၅ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၁၅/၁၄(၈-၄-၁၄) ဖြင့် (SP)ရရှိသူ ဒေါ်ဝေဝေမွန် ၁/ရကန(နိုင်)၀၁၀၂၂၈ မှ (၂၀၁၆-၂၀၁၇) ခုနှစ်က ဘဏ်ချေးမြေပုံကူးလျှောက်ထားပြီး ဘဏ်ချေးမြေပုံမူရင်းမှာ မည်သည့်ဘဏ်တွင်မျှအသုံးပြု ခြင်းမရှိဘဲ အိမ်တွင်အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါရုပ်သိမ်းခြင်းမရှိသေးပါကြောင်း တရားရုံးကျမ်းကျိန်လွှာ နှစ် (၆၀) မြေငှားဂရန်တင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အနောက်)၊ မြေကွက်အမှတ် (၆၂၉/က)၊ မြေဧရိယာ (၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ် (၆၂၉/က)၊ မြေနီ(၄) လမ်း၊ (၇/အနောက်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းရွှေ(CF-၀၄၂၀၂၁)၊ ဒေါ်မြင့်သန်း (TGA- ၀၄၉၄၃၈) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေ (ဖခင်) နှင့် ဒေါ်မြင့်သန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်လဲ့လဲ့ ၁၂/သကတ(နိုင်)၀၁၇၂၀၄၊ ဦးရဲမြင့် ၁၂/သကတ(နိုင်)၁၂၃၅၈၈၊ ဒေါ်အေးအေးမူ ၁၂/သကတ (နိုင်)၁၂၃၅၈၉၊ ဒေါ်စန်းသော်တာ ၁၂/သကတ(နိုင်)၁၄၂၄၈၈ တို့ထံမှ GP ရသူ ဦးမြင့်ဦး ၁၂/ရကန(နိုင်)၀၄၀၃၂၅ မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျေးရွာအမည် ကျည်စု (နောက်)၊ ကွင်းအမှတ် (၄၄၈/ခ)၊ ဦးပိုင်အမှတ် ၁၆/၂၊ မြေအမျိုးအစား-D (ခနီခြံမြေ) ဧရိယာ ၁၂ဒသမ၀၀ ဧက ရှိသည့်အနက်မှ မခွဲစိတ်ရသေးသောမြေ၏ (၂)ဧကကို မူလပိုင်ရှင် ဦးကျော်ရွှေ (ကွယ်လွန်)၏ မိသားစုများထံမှ လက်ဝယ်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစည်သူစိုး ၁၂/အလန(နိုင်)၀၁၂၇၄၁ ထပ်ဆင့်ပိုင်ရှင်ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောကျော်စွာထွဋ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)
တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈၊ ၀၉-၄၅၀၀၅၁၇၀၃

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာနိုင်ငံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄) ဓာတ်မြေဩဇာ စက်ရုံ (မြောင်းတကာ) | ၃၀၀၀ | ၂၃-၂-၂၀၂၁ | ၁၂:၀၀ | ၂၃-၂-၂၀၂၁ | ၁၄:၀၀ |
| | ” | ၃-၃-၂၀၂၁ | ၁၂:၀၀ | ၃-၃-၂၀၂၁ | ၁၄:၀၀ |
| | ” | ၉-၃-၂၀၂၁ | ၁၂:၀၀ | ၉-၃-၂၀၂၁ | ၁၄:၀၀ |
| | ” | ၁၆-၃-၂၀၂၁ | ၁၂:၀၀ | ၁၆-၃-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇- ၃၄၁၁၀၈၂၊ ၀၆၇- ၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဗာ် SEVEN ဝံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ် (လ-၈)၊ ဦးပိုင်အမှတ် (၆၅)၊ ၆၇ x ၆၈ လမ်း၊ ဆင်ဖြူရှင်လမ်းxဝေသာလီလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးသန်းစိုးအောင် WNE-၀၂၉၃၄၇၊ ၉/မထလ(နိုင်)၀၁၈၅၇၃ က မြေချထားမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၍ ဂရန်နှစ်ချုပ်ထုတ်ယူရန်အတွက်မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၆) ဦးပိုင်အမှတ်(၃၆)၊ ၆၅x၆၇ လမ်းကြား၊ သခင်ဖိုးလှကြီးလမ်း၊ ယောမင်းကြီးကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့် DI-၀၁၇၃၇၅ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၁၉/၁၉၉၇) ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ဦး ၉/မနတ(နိုင်)၀၁၃၉၂၅ က မြေနေရာချထားပေးသည့် အကြောင်းကြားစာမူရင်း၊ ငွေသွင်းပြေစာမူရင်း လက်ဝယ်တွင် အသိမ်းလွန် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

# မွေးသက္ကရာဇ်အမှန်

ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်နေ ဦးဒါလ်းရှင်းမုန် ၅/ကလထ(နိုင်)၁၃၁၃၉၈ ၏သမီး မညောင်ဆော့ဒိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၉၉ ဖြစ်ပါကြောင်း။

# ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၃၁/မင်းတံတား၊ ဦးပိုင်အမှတ် ၁၇၇၊ ဧရိယာ ၀ဒသမ၀၈၉ ဧကရှိ မြေအား ဒေါ်ဂျူတီမှ ဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိုးကုတ်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၂၁)ခုနှစ် ဇန်နဝါရီလ(၄)ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ ဒေါက်တာတင့်စိုးလင်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်၊ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်)အား သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်း အမြင့်ဆုံးဘွဲ့ဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ ချီးမြှင့်ခြင်းခံရသည့် အတွက် ဆေးတက္ကသိုလ်(၁)၊ (၁၉၇၃-၈၁) ကျောင်းသား၊ ကျောင်းသူများမှ ဂုဏ်ယူဝမ်းမြောက်ပါသည်။

---

### အများသိစေရန်ကြေငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်လင်းဟိန်း (၁၄/ဖပန(နိုင်)၁၃၂၀၀၈) ကိုင်ဆောင်သူနှင့် ဒေါ်နော်ဂျူလီယာထူး (၁၄/ဖပန(နိုင်)၁၅၅၈၄၈) ကိုင်ဆောင်သူတို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါတွင် ဒေါ်နော်ဂျူလီယာထူးမှ ကျွန်ုပ်တို့၏မိတ်ဆွေအား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိဟုဆိုကာ လက်ရှိပေါင်းသင်းနေထိုင်ရာအိမ်မှ (၁၈-၁-၂၀၂၁)ရက်နေ့တွင် ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်လင်းဟိန်း အနေဖြင့် ယနေ့မှစ၍ ဒေါ်နော်ဂျူလီယာထူး အား ဇနီးအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောင်အခါ ဒေါ်နော်ဂျူလီယာထူးနှင့် သက်ဆိုင်သော ကိစ္စများအားလုံးကိုလည်း တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်လင်းဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ |

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ်(၄၃၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ခင်မေသင်းရီ (၁၂/လမတ(နိုင်) ၀၀၃၀၅၄ ) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်အမှတ် (၄၂၉) ခြေရင်းဘက်(၁၀ပေ× ၆၀ပေ)မြေကွက်၊ စုစုပေါင်း ( ၅၀ပေ× ၆၀ပေ )အကျယ်အဝန်းရှိ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်မေသင်းရီထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ |

အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀) ၊ လူနေရပ်ကွက်အမှတ် (PHASE-2) ၊ ချယ်ရီလမ်း ၊ မြေကွက်အမှတ် (၄၆) ၊ အကျယ်အဝန်း (၈၀ပေ× ၁၀၀ပေ) ရှိ ဒေါ်စီစီနိုင် (၁၂/ပဘတ (နိုင်) ၀၁၉၃၇၇) (TGO-၁၃၅၀၈၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်စီစီနိုင် (၁၂/ပဘတ (နိုင်) ၀၁၉၃၇၇)(TGO-၁၃၅၀၈၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးအောင်ကျော်လှိုင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၄၂၁ ၇၄၆ ၉၇၄ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀) ၊ ကွမ်းအပ်မင်းသားလမ်း၊ မြေကွက်အမှတ်(၂၄၁)ဒေါ်ခင်စိန်(၁၂/သကတ(နိုင်) ၀၀၅၇၈၇)အမည်ပေါက်နှစ်(၆၀)ဂရန်အမည်ပေါက်မြေကွက်၊ မြေကွက်အမှတ်(၂၄၂)ဦးစိန်အောင်(SRM-၀၃၀၉၅၁)(၁၂/ကမရ(နိုင်)၀၁၉၇၈၅)အမည်ပေါက် ပါမစ်မြေကွက်၊ မြေကွက်အမှတ်(၂၄၃) ဦးထွန်းအောင်(S/ RGN-၀၀၅၀၉၀) အမည်ပေါက်ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၂၆၇) ဦးမောင်ကျော်(၁၂/အလန(နိုင်) ၀၀၅၅၀၅) အမည်ပေါက်ပါမစ်မြေကွက်၊ အကျယ်အဝန်းတစ်ကွက်လျှင်(၄၀ပေ× ၆၀ပေ)စီရှိမြေကွက်(၄)ကွက် နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဟန်ကြွယ်(၁၂/စခန(နိုင်)၀၆၂၀၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

---

သစ်တောသစ်ပင်

ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး

အလှတိုး

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(ခ-၁၄၈)၊ ရန်-မန်းလမ်း အနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူအောင်၊ ဒေါ်ထက်ထက်အောင်၊ ဦးထက်ခန့်အောင်တို့(၃)ဦးအနက် ဒေါ်ဖြူဖြူအောင်(ပါ) ၂ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၁၂၁၉/၂၀၂၀)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သော ဒေါ်ထက်ထက်အောင် ၉/ပကခ(နိုင်)၀၀၅၀၅၄က အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ''တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့်စိစစ်ပြီးထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောဂရန်စာချုပ်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## ဆဋ္ဌမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

၁။ MMID အများပိုင်ကုမ္ပဏီလီမိတက်၏ ဆဋ္ဌမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၁၅-၃-၂၀၂၀ရက်တွင် ကျင်းပရန် စီစဉ်ဖိတ်ကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၈-၂-၂၀၂၀ရက်စွဲပါ အမိန့်အမှတ် (၁၉/၂၀၂၀)အရ ရွှေ့ဆိုင်းခဲ့ရပါသဖြင့် အဆိုပါ ဆဋ္ဌမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို COVID-19 ကူးစက်ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၀ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၁၀နာရီမှ ၁၂နာရီထိ |
| ကျင်းပမည့်ပုံစံ | - | Zoom Webinar Meeting |

၂။ ရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ရေးအတွက် MMID Public Co.,Ltd.၏ Email ဖြစ်သော info@mmidproject.com သို့မဟုတ် 09-883108720 သို့ Viber သို့မဟုတ် SMS ဖြင့် ရှယ်ယာရှင်အမည်၊ မှတ်ပုံတင်အမှတ်၊ ရှယ်ယာရှင်လက်မှတ်အမှတ်စဉ်နှင့် ဆက်သွယ်ရန် မိုဘိုင်းဖုန်းနံပါတ်တို့ကို ၂၇-၁-၂၀၂၁ရက် နောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ Website:http://www.mmidproject.com တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားမည်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**

**MMID Public Co.,Ltd.**

**Website:http://www.mmidproject.com Email:info@mmidproject.com**

---

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျောက်ရေတွင်းမြို့ပြကွက်သစ်စိန်ရတီလမ်း၊ အမှတ်(၁/၈၉၈)အမည်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်မြင့်(ခ)ဦးမောင်မြင့်(ဆက်ခံသူ ဦးမောင်မောင်ဝင်း)အမည်ဖြင့် မြေပါမစ်ချထားပေးသော မြေကွက်ပေ(၄၀x၆၀)ရှိ ခြံမြေကို လက်ရှိပိုင်ရှင်ဖြစ်သူ ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံရောင်းချသော ဦးမောင်မောင်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်ထွန်း ၁၃/လရန(နိုင်)၀၇၈၇၅၇မှ ၂၁-၁-၂၀၂၁ ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ထိခိုက်နစ်နာစေမည့်မည်သည့်ပြုလုပ်ဆောင်ရွက်မှုကိုမျှ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ(LL.B)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၇၃၄၂၆

---

### အများသိစေရန် ကြေညာချက်

၁။ ရန်ကင်းမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၁၆)တွင် (၁)ခန်းတည်း (၇)ထပ်တိုက် (Roof Slab၊ Lift ၁စီးပါ) အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်ကြည်ကြည်ခိုင်၊ ဦးမင်းသိန်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးသိန်းထိုက်(LC-၆၂၅)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဒေါ်မြင့်မြင့်သိန်း(RSE-Construction-၉၈၅) တို့ထံသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ (၁၆-၁-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၅၀၉/၅၀၈/ စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ(၁)ခန်းတည်း(၇)ထပ်တိုက် (Roof Slab၊ Lift ၁စီးပါ)အဆောက်အဦမှ (၁)ခန်းတည်း (၆)ထပ်တိုက် (Roof Slab၊Lift ၁စီးပါ) ပုံစံသို့ ပြောင်းလဲ၍ လိုင်စင်ရကန်ထရိုက်တာ ဦးသိန်းထိုက်(LC-၆၂၅)မှဦးအောင်မင်း (LC-၂၂၃) သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေပိုင်ရှင်များ၊ မူလလိုင်စင်ရကန်ထရိုက်တာ (LC)နှင့်ပြောင်းလဲသည့်လိုင်စင်ရကန်ထရိုက်တာ(LC)တို့မှ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁ နှင့် ၅)
### တောင်ငူမြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၂

| | | |
|---|---|---|
| ဦးအောင်ဝင်း | နှင့် | ၁။ ဦးအောင်ကျော်မိုး(ခ)ကယား<br>၂။ ဦးချစ်တင် |
| **တရားလို** | | **တရားပြိုင်များ** |

သာဂရမြို့၊ ငါးခုံးမချောင်း၊ အရှေ့ပိုင်းရပ်ကွက်နေ တရားပြိုင်(၂)ဦးချစ်တင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ဝင်းက တရားပြိုင်များ၏ ပေါ့လျော့မှုကြောင့် တရားလို၏ သမီးဖြစ်သူ မမြနန်းဦး သေဆုံးရသည့်အတွက် လျော်ကြေး(နစ်နာကြေး) ငွေကျပ်သိန်း ၁၀၀ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းကျော်ဋ္ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ငူမြို့နယ်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဦးအောင်မြတ်လမ်းတွင်တည်ရှိသည့် အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ဦးပိုင်အမှတ်(၁၆/၆၂)၊မြေကွက်အမှတ်(ခ/၂၅၁)၊ဧရိယာ ၀ ဒသမ ၀၆၂ ရှိ ဦးရန်နိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင် အမှတ်(၁၆/၆၅)၊ မြေကွက်အမှတ်(ခ/၂၅၀)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ ဦးမောင်မောင် အမည်ပေါက်ဂရန်မြေကွက်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စောယုမွန် (ဘ)ဦးခင်ဝင်း ၉/မနမ(နိုင်)၀၉၈၈၂၄ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးစိုးရန်နိုင်၊ဒေါ်သဥ္ဇာထွေးတို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးထွန်းလှ(LL.B) | ဒေါ်သီရိဦး(LL.B,LL.M) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀) |

အမှတ်(၉)၊မဂ္ဂင်လမ်း၊ပဲခူးစုရပ်ကွက်၊သန်လျင်မြို့
ဖုန်း-၀၉-၄၂၀၁၀၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey K.SHOIGU နှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey K.SHOIGU အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့ တက်ရောက် ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒြေ့ပ်၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander V.FOMIN၊ ရုရှားတပ်မတော်မှ အရာရှိ ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူးတို့ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey K.SHOIGU အား လက်ခံတွေ့ဆုံစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## အိန္ဒိယအစိုးရက မြန်မာအစိုးရထံ COVID-19 ကာကွယ်ဆေး COVISHIELD ၁ ဒသမ ၅ သန်း ကူညီထောက်ပံ့



**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများအား အထောက်အကူပြုစေရန် ရည်ရွယ်ပြီး အိန္ဒိယအစိုးရက မြန်မာအစိုးရသို့ အိန္ဒိယနိုင်ငံအခြေစိုက် Serum Institute of India (SII) ထုတ် ကာကွယ်ဆေး COVISHIELD ၁ ဒသမ ၅ သန်းကို ပထမအသုတ်အဖြစ် လှူဒါန်းခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် Air India လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချောမောစွာ ရောက်ရှိသည်။ (ဓါတ်ပုံ)

ကာကွယ်ဆေး ၁ ဒသမ ၅ သန်း လွှဲပြောင်းလှူဒါန်းသည့်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ

*စာမျက်နှာ ၁၈ ကော်လံ ၄* ❋

**အမေရိကန်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ မျှတစွာ ဖြန့်ဝေပေးနိုင်ရေးအတွက် နိုင်ငံတကာ ကြိုးပမ်းမှုများနှင့် ချိတ်ဆက်ဆောင်ရွက်မည်**

စာ - ၁၃

**COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၂၅ ဦး တွေ့ရှိ**

စာ - ၁၅

## အာဆင်နယ်က ခေါ်ယူရန် ကြိုးပမ်းနေသည့် ရီးရဲမက်ဒရစ် ကွင်းလယ်တိုက်စစ်ကစားသမား အိုဒီဂတ်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ကွင်းလယ်တိုက်စစ် ကစားသမား မာတင်အိုဒီဂတ်ကို ခေါ်ယူရန် ချဉ်းကပ်မှု ပြုလုပ်လိုက်ကြောင်း သတင်းများ တွင် ဖော်ပြထားသည်။ အိုဒီဂတ်သည် ပထမ အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ဆန္ဒ ပြင်းပြနေပြီး ယခုလအတွင်း ဘာနေဗျူးမှ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ်ရှိ နော်ဝေကွင်းလယ် တိုက်စစ်ကစားသမားသည် ၂၀၁၉-၂၀၂၀ ရာသီ တွင် ရီးရဲဆိုစီဒက်စ်အသင်းသို့ အငှားချခံထား ခဲ့ရသည်။ အငှားကစားနေစဉ်အတွင်း ဆိုစီဒက်စ် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၆ ပွဲတွင် ခုနစ်ဂိုး သွင်းယူပေးထားနိုင်သူ ဖြစ်သည်။ အာဆင်နယ်အသင်းသည် အဆိုပါကစားသမား အတွက် ကမ်းလှမ်းမှု ပြုလုပ်ထားသော်လည်း ရီးရဲဆိုစီဒက်စ်အသင်းက အိုဒီဂတ်ကို အငှား ပြန်လည်ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်း နှင့် ဆွေးနွေးလျက်ရှိနေကြောင်း သိရသည်။ အဆိုပါ ကစားသမားကို ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းအပြင် လက်စတာအသင်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ▼

## လက်ရှိချန်ပီယံ လီဗာပူးတို့ အန်ဖီးကွင်း၌ ဘန်လေကို ရှုံးနိမ့်မန်ယူတို့ ဇယားထိပ်၌ ဆက်လက်ရပ်တည်နေ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၈)အဖြစ် လီဗာပူးနှင့် ဘန်လေတို့သည် ပွဲကျန်ပွဲစဉ်ကို ဇန်နဝါရီ ၂၂ရက် နံနက် တွင် အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ဘန်လေအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်း ပွဲထွက်လူစာရင်းတွင် မာနေး၊ အိုရီဂီနှင့် ချမ်ဘာလိန်းတို့ကို အသုံးပြုခဲ့သည်။ ဧည့်သည် ဘန်လေအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ဘားနက်စ်နှင့် ခရစ်ဝုဒ်တို့ကို တိုက်စစ်တွင် အသုံးပြုခဲ့ သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းတွင်

*စာမျက်နှာ ၁၁ ကော်လံ ၄* ❋

